
NYI SAY
MYANMAR EBOOK CREATOR

# မေဃဒူတ
# မိုးတိမ်တမန်



ဦးသော်ဇင် - ရန်ကုန်ဘဆွေ

...တာ ဦးဇော်

...ကန်တာန်ဘာဧ

...မိုး ဟိမ်ဝဏ်

...ရေယယဒွတ

မေဃဒူတကို လွမ်းဆွတ်နေပါသည် ဆိုသော **ဆရာအရှင်**
**ဂမ္ဘီသာရ** ....

ကဗျာကို ဆာလောင်လှပါသည် ဆိုသော **ဦးဇာဂရဗုဒ္ဓိ** ...

ပီဒီအက်လေးများ ရရင် ဖတ်ချင်ပါသည် ဆိုသော **ကိုဂျင်ကာလီ** ...

ကဗျာကို မြတ်နိုးသော **မိတ်ဆွေရောင်းရင်းများ**သို့ ...

ဟောင်းလှပြီ ဖြစ်သော ဆရာဦးသော်ဇင်၊ ဆရာ
ရန်ကုန်ဘဆွေတို့၏ ရှားပါးစာအုပ်လေး တစ်အုပ်ကို ခက်ခက်ခဲခဲ
ဖန်တီးလိုက်ရပါသည်။

ခင်မင်မှုများစွာဖြင့်

**မောင်ညီ**

http://nyisay.com

*ထုတ်ဝေသူ-
မြသွေး-
မှတ်ပုံတင် အမှတ်-၀၁၅၅၊
စာနယ်ဇင်းမြေစာပေ၊
တိုက်အမှတ်-၄၊
အခန်း-၉၊
ဗ ဆ ပ လ ရပ်ကွက်
ကန်တော်ကလေးဈေးတိုက်
ရန်ကုန်မြို့။

*ပုံနှိပ်သူ-
မြသွေး
မှတ်ပုံတင်အမှတ်-၀၂၄၇
တင်းကုတ်ပုံနှိပ်တိုက်၊
အမှတ် ၇၊
ဝိတိုရိယ အဲဗဲနယူး လမ်း
ရန်ကုန်မြို့။

*ပန်းချီ
ပန်းချီမောင်ငွေထွန်း

*ဘလောက်
ဗြိတိသျှဘားမားဘလော့တိုက်

*မျက်နှာဖုံးရိုက်သူ
ကိုတင်အောင်မစန်း ပုံနှိပ်တိုက်

http://nyisay.com

# မိုးတိမ်တမန်

ဦးသော်ဇင် ရန်ကုန်ဘဆွေ

http://nyisay.com

[illegible]

इन्दिवरेन नयनं मुखं अम्बुजेन,
कुन्देन दन्तं अधरं नव पल्लवेन,
अङ्गानि चम्पकदलै स विधाय वेधाः,
कान्ते कथं घटितवां उपलेन चेता।

[illegible]

ဦး ကျော်

၁၇-၂-၆၇

http://nyisay.com

- မိုးစေကဗျာနှင့်
  ဆရာကလီဒါသ
  ရန်ကုန်ဘဆွေရှင်းသည်

- မေဃဒူတ
  ပထမပိုင်းပုဗ္ဗမေဃ
  ဒုတိယပိုင်း ဥတ္တရမေဃ
  မြန်မာစကားပြေ
  ဦးသော်ဇင်မြန်မာပြန်သည်

- ပုဗ္ဗမေဃ
  မြန်မာကဗျာ
  ဦးသော်ဇင်

- ဥတ္တရမေဃ
  ကာရံမဲ့ကဗျာ
  ရန်ကုန်ဘဆွေ

http://nyisay.com

**မိုးစေကဗျာနှင့်**
**ဆရာကာလိဒါသ**
**ရန်ကုန်ဘဆွေ**

"....သျှတြဲကျမ်းပြုဆရာကာလိ မှိုင်ကာငေးလို့ အေးစုံခြယ်တော့ မမှီ...."

ဤ....နှစ်ပါးသွားသီချင်းကို လူတိုင်း ကြားဘူးကြလိမ့်မည်ဟုထင်၏။

ဤသီချင်းသည် ကျနော်တို့မြန်မာ လူမျိုးများက ဆရာကာလိဒါသကို သိခဲ့ကြသော အသိအတိုင်း ဖေါ်ပြထားသော သီချင်းဖြစ်၏။

စာနယ်မြေ

http://nyisay.com



ကာလီဒါသဟု ဆိုလိုက်သည်နှင့် မိန်းမတို့ အကြောင်းကို အတွင်းအပြင်သိသော သျှတြ ကျမ်းပြုဆရာကြီးဟု သိကြ၏။ ပန်းချီကျော်ကြီးဟု သိကြ၏။ ဤအသိကို ရှေးစာအုပ်တခုမှ မြန်မာတို့ရကြ၏၊

သို့သော် စာမတတ်သော မြန်မာလူမျိုး အများအပြားတို့က လည်း ကာလီဒါသကိုသိကြပါသေး၏။ သူတို့သိသော ကာလီဒါသကား.... စာတတ်ပေတတ်တို့ သိကြသော ကာလီဒါသ မဟုတ်....

သူရဿဒီနတ်သမီးနှင့် နောက်ဘဝက သားတော်ခဲ့ဘူးသော ကာလီဒါသဖြစ်၏၊ ထိုကာလီဒါသအကြောင်းကို အလှူပွဲတွေ၌ ကြည့်ရသော ဆိုင်းအငြိမ့်တို့မှ သိကြရခြင်းဖြစ်၏။

ကျနော်တို့ ကိုယ်တိုင်လည်း.... ရွှေပန်းတဲ့လဲ နှပ်တဲ့လဲနှင့် လုံကွင်းကလေးတွေ ပခုံးသိုင်းလျက် ကိုးခြုံ့ကိုးကျင်း ပြေး လွှားဆော့ကစားနေကြသည့် အရွယ်ကစ၍ ယခင်ဘဝက နတ် သမီး၏သားဖြစ်ခဲ့ဘူးသည်ဆိုသော ကိုကိုကာလိကို သိခဲ့ကြ၏။

ကိုကာလိသည်အသားမဲမဲ ဗိုက်ရွဲကြီးနှင့်ဖြစ်၏။ ပါးတခြမ်း၌ပေါင်ဒါလိမ်းလျက် ပါးတခြမ်း၌ အိုးမဲသုတ်ထား၏။ မျက်ခုံး၌ ထုံးအဖြူတွေသုတ်ထား၏။ ခေါင်း၌ ပေါင်းချောင်ပတ်ကဲ့သို့ ပုဝါတထည်ရစ်ပတ်လျက် နောက်တည့်တည့်တွင် အလှူ့အိမ်မှရသော ယပ်တောင်ကို စိုက်ထောင်ထား၏။ နှုတ်ခမ်းကို အမွေးတိုင်ထုပ်မှရသော စက္ကူစုတ်ဖြင့် နီတ ၂ ၁တ ၂ ၁နေ အောင် ဆိုးခြယ်ထား၏။

စာနယ်ဇင်းမြ

http://nyisay.com



ကျနော်တို့သည် ထိုကာလီဒါသကို မြင်ယုံမျှဖြင့် ဟ၀ါး၀ါး ရယ်နေကြရပါသည်။ ကိုကာလီသည် ဆင်းရဲ မွဲတေသော လူလေလူလွင့်ပီပီ အရပ်တကာကိုလှည့်လည် သွားလာရင်း.... စီးပွားဥစ္စာတွေကများ ပညာတတ်သူက ရှားသောအရပ်၌နေ သည့် သဌေးကြီးတဦးအိမ်သို့ရောက်လာ၏။

သဌေးကြီးကလည်း မိမိ၏စီးပွားဥစ္စာတွေကို ထိန်းသိမ်းနိုင် မည့် ပညာတတ်သမက်လောင်းကို ရှာဖွေနေရာ ကိုကာလီနှင့် တွေ့ကြ၏။

အဖြီးအဖျန်းကောင်းသောကိုကာလီက.... ''ဝေမေသုတံ အကြောင်းပြုပြီးပြောရယင်.... သဌေးဆိုတော့ ကျုပ်တို့အလူ့ ရှင်ကြီးလို.... ခင်ဗျားလူချမ်းသာကြီးဖြစ်ရမယ်၊ မလိမ်နဲ့နော်.... ခင်ဗျား ကျုပ်လိုပညာရှိကို ညာလို့မရဘူး....''ဟု ပြောလိုက် ရာ တယ်တော်တဲ့လူပါလားဟု သဌေးကြီးကကျသွား၏။

ကိုကာလီသည် ထိုမျှသာသိသည်မဟုတ်....

''သဌေးသမီးဆိုတော့.... ဝေမေသုတံ အကြောင်းပြုပြီး တွေးလိုက်ယင် ဘယ်နည်းနှင့်မဆို ဦးကြီးသမီးဟာ မိန်းကလေး ဖြစ်ရမယ်ဗျ....''ဟု ပြောပြန်၏။

သဌေးကြီးကဲ ရင်သပ်အံ့သြ၏။

''ပညာရှိတို့များ ပြောလိုက်မှဖြင့် လှန်ကြည့် ယိုက်သလိုဘဲ ဟ....''ဟု သဌေးကြီးက ချီးမွမ်းလိုက်ရာ ပရိသတ်က ပတ်တုပ် မရအောင်ပွဲကျသွား၏။

သို့နှင့် သဌေးကြီးသဘောတူသောကြောင့် ကိုကာလီနှင့်.... သဌေးသမီးတို့ညားကြ၏။ နောက်ဆုံး၌ ရှိပစ္စည်းတွေကုန်မှ

http://nyisay.com



ဘာစာပေ ပညာတခုမှမတတ်ကြောင်းသိရ၍ ကိုကာလီကိုအိမ်မှ နှင်ချလိုက်၏၊

ဤတွင် ကိုကာလီသည် ဘုရားတန်ဆောင်းတွင် ရှိသော.... ဘုရားသာဒီနတ်သမီး၏ နတ်ကွန်းအနီးသို့ သွားရောက်နေထိုင်၏။ နတ်သမီးသည် နောင်ဘဝက သားတော်ခဲ့ဘူးသော ကိုကာလီကိုသနားသဖြင့် ကိုယ်ထင်ပြ၍.... စာပေပညာ သင်ပေး၏။ ထို့ကြောင့် ကိုကာလီစာပေပညာတတ်မြောက်လျက် သင်္ချိုင်းကြီးအိမ်သို့ပြန်ရောက်ပြီးလျှင် ရွှေနားတော်ပေါက်အောင်ကြော်ကြားသူဖြစ်လာခဲ့ရ၏။

အစမှအဆုံး အျုနှိပ်၍ ရယ်နေရသော ထိုဆိုင်းအငြိမ့်က လေး ပြန်သွားသောအခါ ကျနော်တို့ ရွာကလေး၌ "ဇဝ်မေသုတ် အကြောင်းပြုပြီး...."ဟူသော စကားတလုံး ကျန်ရစ်ခဲ့၏၊

ဇဝ်မေသုတ်အကြောင်းပြုပြီး ဟိုဘက်က လဘက်ရည်ပန်းကန်လုံးပေးလိုက်စမ်း။ ဇဝ်မေသုတ်အကြောင်းပြုပြီး ဒေ့တ်တို့တဲ့သွားကြရအောင်.... စသဖြင့် ဘာလုပ်လုပ် ဇဝ်မေသုတ်အကြောင်းပြုနေကြ၏။

ထို့ပြင် ကိုကာလီ၏အကြောင်းကိုလည်းပြော၍ မပြီးနိုင်ကြ၊

မိန်းကလေးတွေစုမိလျှင်လည်း ကိုကာလီ၏ အကြောင်း....၊ ကာလသားတွေစုမိလိုက်ကြလျှင်လည်း ကိုကာလီ၏အကြောင်း ကျောင်းသားတွေစုမိလိုက်ကြလျှင်လည်း ကိုကာလီ၏အကြောင်း ကပ္ပိယကြီး ဦးသီလနှင့် အဘိဓမ္မာဆရာ ဘကြီးဖြိုးတို့လဘက်ရည်ကြမ်း ဝိုင်း၌ပင်လျှင် စိတ်တွေ စေတသိက်တွေ နေရာသို့ ကိုကာလီ၏ အကြောင်းက ဝင်ရောက်နေရာလုလာ၏။ သို့သော်

http://nyisay.com



ဘကြီးဖြိုးတို့သည် ကိုကာလီ၏အကြောင်းကို.... အမေကြီးဘုံလောက်မပြောတတ်....

အမေကြီးဘုံပြောပြသော ကိုကာလီ၏ အကြောင်းကား.... [illegible]၍ စိတ်ဝင်စားဘွယ်ရာကောင်းသည်။ ကိုကာလီသည် ဆိုင်းအ[illegible]ယလေးထဲမှပြသည့်အတိုင်း ယောက္ခမဖြစ်သူ သဌေးကြီးက မောင်းထုတ်လိုက်ရာ နေစရာ ထိုင်စရာ မရှိဘဲ.... ဘူရဿဒီ နတ်သမီး၏ နတ်ကွန်းအနီးသို့ သွားရောက်နေထိုင်၏။

ထိုအခါ နတ်သမီးသည် ကိုကာလီကိုမြင်သဖြင့် နောက်ဘဝက သားတော်ခဲ့ဘူးသောကြောင့် ပိဋကတ်သုံးပုံနှင့်တကွ နက်နဲသော ပညာမျိုးစုံတို့ကို သင်ပေး၏။

ပညာသင်သောအခါ ကိုကာလီသည် နတ်သမီးကို မမြင်ရ အသံကိုသာ ကြားရ၏။ နတ်သမီးသင်လေကိုင်း နှုတ်တက်ရွရွ လိုက်ဆိုသဖြင့် တတ်မြောက်ရ၏၊ အတတ်ပညာမျိုးစုံကို တတ်မြောက်ပြီးသော် ကိုကာလီက နတ်သမီးကို မြင်ဘူးပါရစေဟု တောင်းပန်၏။ နတ်သမီးက ''အမောင်စိတ်ကို ထိမ်းနိုင်လိမ့်မည်မဟုတ်''ဟု အတန်တန်တား၏။

ကိုကာလီက မိမိသည် မိခင်နတ်သမီး သင်ပေးထားသဖြင့် ''မိန်မတို့ အကြောင်းကို သိပြီးဖြစ်၍ စိတ်ကို ထိမ်းနိုင်ပါလိမ့်မည်'' ဟုပြော၏။ အတန်တန်ပြောဖန်များသော် နတ်သမီးက ကိုယ်ထင်ပြလိုက်ရာ ကိုကာလီသည် မိမိစိတ်ကို မထိမ်းသိမ်းနိုင်ဘဲ တပ်မက်လှသဖြင့် ပွေ့ဖက်လိုက်၏။

ဤအပြုအမူကြောင့် ကိုကာလီသည် ပညာမျိုးစုံတို့ မေ့ပျော ချက် ဆင်းရဲကြီးစွာ ရောက်လိမ့်မည်။ မိန်းမတို့ သတ်သဖြင့်

http://nyisay.com



သေလိမ့်မည်။ ယင်းအပြစ်မှ လွတ်မြောက်စေရန် ဤနတ်ကွန်း၌ သုံးနှစ်လုံးလုံး နတ်ကွန်း၏ကျွန်အဖြစ် နေလေဟုဆို၏၊

ကိုကာလီသည် ပညာမျိုးတို့ကိုလည်း အကယ်မေ့ပျောက် ကုန်လေ၏။ နတ်ကွန်း၏ ကျွန်အဖြစ်သုံးနှစ်နေပြီးမှ ပညာမျိုးတို့ ကို ပြန်၍တတ်မြောက်သည်။ သို့ရာတွင် နတ်သမီးကို ပြစ်မှားမိ သည့်အတွက် မိန်းမကိစ္စနှင့်ပတ်သက်၍ အမြဲနာပည့် ပျက်ရ၏၊ အမြဲအထင်အမြင်အမှားခံရ၏။

နောက်ဆုံး၌ အလွန်ကြော်ကြားသည့် နန်းတွင်းရောက်ပညာ ရှိသုခမိန်ကြီးဖြစ်နေရပါလျက် မိန်းမကိစ္စနှင့်ပတ်သက်၍ ဘုရင် ကြီး၏ အထင်အမြင်လွဲမှားမှုကို မကြာခဏခံရ၏။

ပထမဆုံးအကြိမ် ဘုရင်ကြီး၏ အထင်လွဲမှားမှုကို ခံရခြင်း ကား....အသံမျှသာ ကြားဘူးရသည့် မိဖုရားကြီး၏ပုံတူကို စိတ်ကြဲ မည်သော ပန်းချီဆရာနှင့် အတူရေးစဉ်ကဖြစ်၏။

ကိုကာလီက မိဖုရားကြီး၏ အသားအရောင် မျက်လုံး မျက် ခုံး နှာခေါင်း ပါးစပ် ကိုယ်နေလက်ပေါက်တို့ကို မစေ့စပ်သေ ချာစွာညွှန်ပြ၏။ စိတ်ကြဲပန်းချီကျော်က ညွှန်ပြသည့်အတိုင်းရေး ၏။

ပြီးလျှင် ဆရာကာလီဒါသကိုပြသည်။ ဆရာကာလီဒါသက လျှို့ဝှက်အပ်သောနေရာတွင် မှည့်ရှင်တလုံးထည့်ရန် လိုသေး သည်၊ ယိုမှည့်ရှင်ကို ထည့်လိုက်ဟုဆို၏။ စိတ်ကြဲပန်းချီကျော်က ကိုကာလီညွှန်ပြသည့်အတိုင်း မှည့်ရှင်ထည့်လိုက်၏။

မင်းကြီးကို ပြသော်.... မိဖုရားနှင့် ရင်းနှီးဘူးသောကြောင့် သာ ဤနေရာ၌ မှည့်ရှင်ရှိကြောင်းကိုသိရသည်ဟု ပန်းချီဆရာကို မျက်၏။ ပန်းချီဆရာက ဆရာကာလီဒါသ ညွှန်ပြချက်အတိုင်း

http://nyisay.com



ငရေးရပါသည်ဟု လျှောက်သောအခါ ကာလီဒါသကို မျက်မာန်တော်ရှပြန်၏။ နောက်မှအမျက်ပြေ၏။

ဤအတိုင်း ကာလီဒါသကို ဘုရင်ကြီးသည် မိန်းမတို့နှင့်ပတ်သက်၍ မကြာ မကြာ အမျက်တော်ရှ၏။ မကြာမကြာလည်း အမျက်ပြန်၍ပြေ၏၊

တခါသော် ဆရာကာလီဒါသသည် မင်းကြီးမျက်မာန်တော်ငနေသောကြောင့် ပြည်တွင်းတန်ဆာမတဦးအိမ်၌သွား၍နေ၏။ ဘုရင်ကြီးသည် ကာလီဒါသဆရာကို အမျက်တော်ပြေသဖြင့် အောင့်ပေ့ သတိရသောကြောင် စိတ်သက်သာစေခြင်းငှါ ဥယျာဉ်ရေကန်၌ အချိန်ကုန်စေ၏။

ရေကန်တဲ၌ ပဒုမ္မာကြာမျိုးတို့သည် လှပစွာ ပွင့်နေကြ၏။ ပျားပိတုန်းတို့သည် ဒီဒီသံမြည်လျက် ဝတ်မှုန်လူးသောကိုယ်ဖြင့် ကြာပွင့်တို့အပေါ်၌ ဝတ်ရည်စုတ်နေကြ၏၊ ထိုစဉ် နေဝင်သွားသောကြောင့် ပွင့်သစ်စ ကြာအချို့တို့ ရုတ်တရက်ငုံကြ၏။ ဝတ်ရည်ပက်နေသော ပိတုန်းတကောင်သည် ငုံသော ကြာပန်းအတွင်း၌ ပလွက်နိုင်သည်ဖြစ်၍ အတွင်းမှ ဂျုံသန်းနေသောကြောင့် ကြာဖူးကြီးလှုပ်ရမ်းနေ၏။

ဤသည်ကို မြင်ရသည့် ဘုရင်ကြီးက ဤအကြောင်းရပ်ကို ဆရာကာလီဒါသမှတပါး အခြားဘူမျှားသိနိုင်ကြလိမ့်မည်မဟုတ်ကြောင့် ဆရာကာလီဒါသ ပြန်ရောက်လာစေခြင်းငှါ....

လေလည်းမလာ လူလည်းမလှုပ်သော ကြာဖူးတခုသည် ကန်တော်တွင်း၌ ယိမ်းယိုင်လှုပ်ရှားနေခဲ့၏။ ထိုကြာဖူး ဘာ့ကြောင့် လှုပ်ရှားသည်ကို မှန်ကန်စွာ ပြောဆိုနိုင်သူအား

http://nyisay.com



ယောက်ျားဖြစ်သော် နန်းစည်းစိမ်တဝက်ပေးမည်၊ မိန်းမဖြစ်သော် တောင်ညာတင်ထား မိဖုရားမြှောက်မည်ဟု စည်မောင်းလည်စေ၏။

ထိုအကြောင်းကို ကြားသိရသော ပြည့်တန်းဆာမသည် ဆရာကာလိဒါသာ နှင့်ပျော်ပါးစဥ် အမှတ်မထင် ဆရာ့အား မေး၏....

"ကလေးမငယ်ငယ်.... ငါသည် မင်းနှင့် မွေ့လျော်ခြင်း၌ ပတ်ဝန်းကျင်ကိုမသိဘဲ မွေ့လျော်နေဘိသို့.... ပိတုန်းတခုသည် ကြာဝတ်ရည်ကို စုတ်ယူ၍ ပတ်ဝန်းကျင်ကိုမသိဘဲ မေ့လျော့နေသောကြောင့် ပွင့်သစ်စ ကြာပန်းသည် နေ၏အပူရှိန်လျော့သည် ဖြစ်၍ ပြန်ငုံရကား၊ ပိတုန်းသည်ပထွက်နိုင်ဘဲ ကိုးခွေမျှ သန်း နေသဖြင့် လှုပ်ရသည်" ဟုဖြေ၏။

ပြည့်တန်းဆာမ မိန်းမငယ်နှင့်အတူနေသဖြင့် မောင်းစည် လှည့်လည်ခြင်းကိုမသိလိုက်သော ဆရာကာလိဒါသသည် ဤသို့ ပြောဆိုပြီးသည်နှင့်တပြိုင်နက် ဆရာကာလိဒါသကို မေ့မြော ထားသော ထိုမိန်းမငယ်၏ ကပ်ဓေကျူးဖြင့် ထိုးသတ်ခြင်းကို ခံလိုက်ရရှာ၏။

ဤပုံပြင်ဆန်သော အကြောင်းဖြစ်ရပ်တို့ကို ရည်ညွှန်း၍ဟု ထင်၏။ ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီက ကာလိဒါသအကြောင်း ကို မြန်မာသီချင်းဆရာတို့ သီချင်းရေးသား စပ်ဆိုခဲ့ကြသေး၏။ ထိုသီချင်းမှ....

"ဆရာကာလီ....သတိဥာဏ် ဆင်ခြင်မထားသူမို့ မယားစကားကို ဖြေဆိုမယ့်ကြံစိ...." ဟူ သော အပိုဒ်ကလေးတခု ကိုသာ သတိရတော့၏။

http://nyisay.com



ထိုသော် ယခုစစ်ပြီး....သည့်မှာဘက်ခေတ်၌လည်း ထိုဆရာကာလိ၏အကြောင်းကို ရေးဖွဲ့သော သီချင်းတပုဒ်ပေါ်လာသေးသည်။ ဆရာကိုထူးအောင်ရေး၍.... နာမည်ကြီး အဆိုကျော်ကိုမင်းသူသီဆိုသော သီချင်းဖြစ်၏။

"....မဆင်ခြင် သတိချို့ယွင်းကာ ပြောလိုက်တဲ့ ကာလီဒါသဆရာ××ကြာဖူးထဲမှာ ပိတ်နှိုင်းရှိနေကြောင်းသာ××လှုပ်ရှားလို့နေတာ×× ဘုရင်ကတော်ဖြစ်ချင်လှတဲ့ မယားမိန္ဒာမှာ×× လင်ကိုသတ်ရန် အမိုက်ဇာတ်ခင်းကာ×× ရက်စက်တဲ့ မိန်းမသတ်က ကာလီဒါသ ခမြာကိုသာ× အသက် ဆုံးအောင် သတ်လိုက်လေတော့တာ××"

"သျှတြကျမ်းပြုဆရာကာလီ မှိုင်ကာငေး၍ ဆေးစုံခြယ်ဘော့မမှီ...."ဟူသော သီချင်းမှ ယခုခေတ် ကိုမင်းသူသီဆိုသော သီချင်းအထိ ပါရှိသောအကြောင်းအရာတို့ကို အလွယ်တကူ လူတိုင်း သိနိုင်ခြင်းကိုထောက်၍ ကျနော်တို့ဗမာတိုင်း ကာလီဒါသဆရာကို အတော်ရင်းရင်းနှီးနှီး သိနေကြပါသည်ဟုဆိုချင် ငြင်းစရာမရှိ။

ကျနော်တို့အနေနှင့်ဆရာကာလီဒါသအကြောင်းကို အိုင်းအဖွဲ့ကလေး ကပြသောကြောင့် ရွှေပန်းတွဲလောင်းနှင့် ရှိနေရသည့်အရွယ်ကစ၍ သိနေရသည်ချည်းမဟုတ်၊ လူပျိုပေါက်အရွယ်ကလေးသို့ ရောက်သည့် အခါ၌လည်း ဆက်လက်သိရှိရသေး၏။

ဆယ့်သုံးစောင်တွဲ ပရိတ်ကြီး စာအုပ်အရွယ်မျှ ဖြစ်သော မြန်မာစာဖြင့် ရိုက်ထားသည့် ကာမသျှတြကျမ်းနှင့် မြေကြန်

စာနယ်မြေ

http://nyisay.com



လက္ခဏာကျမ်းစာအုပ်ကို ကျနော်တို့ လူပျိုပေါက် အရွယ်က အမြုတ်တနိုးဘတ်ခဲ့ရ၏။

ထိုစာအုပ်၌ ကာလိဒါသအကြောင်းပါ၏၊ စိတြပန်းချီကျော်ကိုညွှန်ပြ၍ အသံမျှသာ ကြားဘူးရသည့် မိဖုရားကြီး၏ ပုံတူပန်းချီကား ရေးဆွဲသည့်အကြောင်း၊ လျှို့ဝှက်သည့် နေရာတွင်မှည့်ရှင်အထည့်ခိုင်းသည့်အကြောင်း၊ ဘုရင်ကြီးက အထင်မှားသည့်အကြောင်းတွေပါ၏။ ထို့နောက်.... ကာလိဒါသသည် ဘုရင်ကြီး၏ အမျက်တော်ရှခြင်းကို ခံနေရရာ- ဘုရင်ကြီး၏ သားတော်သည် တောလည်သွားရာမှ "သသေမိယ"ဟူသော စကား လေးလုံးတည်းကိုသာ ပြောဆိုနေသဖြင့် ထိုအကြောင်းကို မည်သူမျှမဖေါ်နိုင်သောကြောင့် ဆရာကာလိဒါသကဖေါ်ပေးရခြင်းအကြောင်းတွေပါ၏။ ထို့နောက်ကား ကာလိဒါသဆရာရေးသည်ဆိုသော ဥတ္တဝိသျှတြကျမ်းနှင့် ပူရိသသျှတြကျမ်းတို့ကို ဘတ်ကြရသည်။ ထိုသျှတြကျမ်းတို့တွင် ပဒုမ္မနီ စိတြနီ သင်္ခနီ ဟတ္တနီ စသော မိန်းမအမျိုးအစားခွဲမှု ယောက်ျားအမျိုးအစား ခွဲမှုတွေပါ၏။

မည်သည့်မိန်းမ မည်သည့်ယောက်ျား အမျိုးအစားတို့၏ အင်္ဂါသည် မည်မျှအတိုင်းအတာ အကျယ်အဝန်း အတိမ်အနက် အလုံးအလျားရှိသည်၊ မည်မျှယုတ်ညံ့သည်၊မည်မျှမြင့်မြတ်သည် စသည်ဖြင့်လည်းပါသေး၏။

ထို့ထက် ကျနော်တို့ ကာလသားပေါက်ကလေးများအကြိုက်ကား....

လဆန်းတရက်နေ့၌ မိန်းမတို့၏အချစ်သည် မည်သည့်နေရာ၌တည်သည် စသဖြင့် လဆန်း ၁၅-ရက်၊ လဆုတ် ၁၅-ရက်

http://nyisay.com



ပေါင်း တလအတွင်းရှိ ရက်သုံးဆယ်လုံးလုံးအတွက် မိန်းမတို့ ဒေ အချစ်စိတ်၊ သို့မဟုတ်....ကာမစိတ် နိုးကြွလွယ်သော နေရာများကို ဖော်ပြထားသည့်အကြောင်းတို့ပင်ဖြစ်၏။ ထိုအကြောင်းရပ်တို့ကြောင့် မအေနှမကုန်အောင် အဆဲခံလိုက်ရ၊ ဘိနပ်ဖြင့်ပါးအရိုက် ခံလိုက်ရသော ကျနော်တို့၏ သူငယ်ချင်းများလည်း မနည်းကြ....

ဤစာအုပ်ကိုအကြောင်းပြု၍ ဆရာကာလိဒါသကို ကျနော်တို့အပါအဝင်ဖြစ်သော မြန်မာလူမျိုးတို့က....

မိန်းမ ကျမ်းကျေသော သို့မဟုတ် မိန်းမ ယောကျ်ားတို့အကြောင်းကို စစ်စစ်ပေါက်ပေါက်ရေးသွားသော သျှကြွကျမ်းပြုဆရာကြီးဟုထင်မှတ်ထားလိုက်ကြ၏။

ကျနော်တို့ လူပျိုပေါက်ကလေးများ ဤသို့ထင်မှတ်နေဆဲ၌ပင်.... ရှေးမြန်မာ ဘတ်စာအုပ် (ဆဋ္ဌမတန်းလား သတ္တမတန်းလား မမှတ်မိတော့)တအုပ်တွင် “သကုန္တလာ” ပြဇာတ်ကို “သကုန္တလ” ဟူသောအမည်ဖြင့် အပိုင်းပိုင်းခွဲလျက်အကျဉ်းရုံး၍ ရေးထားသည်ကို ဘတ်ရ၏ ဆရာဦးဘအုံး၏ ပန်းချီလက်ရာများနှင့်ဖြစ်သည်။ အရောင်ဖြင့်ရေးထားသည့်ပုံပင် ပါသည်ဟုထင်၏။ ထိုဝတ္ထုကိုဘတ်ရစဉ်က ဆရာကာလိဒါသရေးသည်ဟု သိခဲ့ရ၏။

ဤတွင် ကျနော်တို့သည် ကာလိဒါသအပေါ်၌ တမျိုးတဖုံ ထူးထူးခြားခြား စိတ်ဝင်စားလာကြသည်။ ယင်းသည့်နောက် မေ့ပျောက်နေခဲ့၍ ကျနော်တို့အသက် ဆယ့်ရှစ်နှစ်ကျော်ကျော် လောက်သို့ ရောက်လာသောအခါ စာပေသူရဲကောင်းတဦး၏

စာနယ်မြေ

http://nyisay.com



ဖော်ထုတ်ပေးမှုကြောင့် မေ့ပျောက်နေသော ကာလိဒါသ အကြောင်းကို ဘတ်ရမှတ်ရပြန်၏။

ထိုဖော်ထုတ်ပေးသော စာပေသူရဲကောင်းကား မင်းရှင်နောင်ဖြစ်သည်။ မင်းရှင်နောင်၏ဖော်ပြမှုကြောင့် ကာလိဒါသသည် ကြာခြည်သဘာဝကိုပြသော ဘျူကြဲဆရာကြီးမဟုတ်။ သဘာဝအလှကိုရေးဖွဲ့စီ၍ တေးယီတယ်သော ကဗျာဆရာကြီးဖြစ်သည်ဟုသိရမ်။

ဆရာမင်းရှင်နောင်ရေးသည့် ကာလိဒါသစာအုပ်၌၊ ကာလိဒါသသည် အမတ်ပညာရှိကြီးတဦးဖြစ်သည်။ စိတ်ကူးယဉ်သည့် ကဗျာအဖွဲ့အနွဲ့ကောင်းသည်၊ လှပသောစကားလုံးတို့ဖြင့် မွမ်းမံခြယ်လှယ်အပ်သော စကားတို့ကို ပြောဆိုတတ်သည်ဟု မှတ်မိနေ၏။

ထိုစာအုပ်ထဲ၌ ဆရာကာလိဒါသ၏ ကဗျာ....အခတော်များ များကို ထုတ်နှုတ်ဖော်ပြထား၏။ ထိုကဗျာတို့သည် လှပသော စကားလုံးတို့ဖြင့် တန်းဆာဆင်အပ်သော်လည်း ဆုမ္မစကားချိုး တွေ များနေသည်ဟု မှတ်ထင်မိနေ၏။

ကာလိဒါသ၏ အကြောင်းဖြစ်ရပ်တို့သည် ကျနော်တို့ဗမာပြည်သို့ ရောက်ရှိလာမှ ဤသို့အမျိုးမျိုး အဖုံဖုံ ပုံပြင်တွေကဲ့သို့ ဖြစ်နေရသည်မဟုတ်....

မူလကာလိဒါသ မွေးဖွားရာအရပ်ဖြစ်သော အင်ဒိယနိုင်ငံ၌လည်း ဤသို့အမျိုးမျိုးအဖုံဖုံ မူကွဲနေကြ၏။ ပို၍ပင် မူကွဲတွေများ နေသေး၏

ရှေးဟောင်းစာပေ လိုက်စားသူ ရှေးဆန်သည့် အင်ဒိယ တိုင်းရင်းသား ပညာရှင်အများစုတို့က၊ ကာလိဒါသသည် ခရစ်

http://nyisay.com



ေ ၁၁ မပေါ်ပေါက်မှီက ပေါ်ပေါက်ခဲ့သော အင်ဒိယ ကဗျာ ကျော်တဦးဖြစ်သည်ဟု အခိုင်အမာ ယုံကြည်ထားကြ၏။

ခေတ်သစ် စာပေလိုက်စားသော အင်ဒိယ စွယ်စုံပညာရှင် အနည်းစုနှင့် ကမ္ဘာ့အရှေ့ပိုင်း ဘာသာရပ်လိုက်စားသူ ဥရောပတိုက်သား စာပေလေ့လာသူတို့က အေဒီ လေးရာစုနှင့် ခုနစ်ရာစု AD 342-634 အတွင်း၌ ပေါ်ပေါက်ခဲ့သည်ဟု ယူဆကြ၏၊ အကြောင်းမူ ခရစ်တော်ပေါ်ပြီး အနှစ် ၄-ရာစုနှင့် ၇-ရာစု အတွင်း ပေါ်ပေါက်ခဲ့ကြသည့် ကျော်ကြားသော ကဗျာအချို့သည်ဆရာကာလိဒါသ၏ ထူးခြားသိမ်မွေ့သော အတွေးအခေါ် အဖွဲ့အနွဲ့များ လွှမ်းမိုးခြင်းခံနေရသည်ကို တွေ့ရသောကြောင့် ဟုဆို၏။

အချို့ လေ့လာသူတို့ကမူ.... ကာလိဒါသ၏အဖွဲ့နွဲ့နှင့် ရေးဟန်တို့သည် အာသဝဃောသရေးသော ဗုဒ္ဓစရိတနှင့် အနီးစပ်ဆုံးတူနေသည်ဟု အခိုင်အမာဆိုကြ၏။ ထို့ကြောင့်....

အကယ်၍ ကာလိဒါသ၏ ရေးနည်းရေးဟန်ကို ..အာသဝဃောသ က အတုယူသော် ကာလိဒါသ သည်, အေဒီ ၁-ရာစု (ခရစ်တော်ပေါ်ပြီး အနှစ်တရာအတွင်း) ထက်စောလျက် ပေါ် လာခဲ့သည်ဖြစ်၍....

အာသဝဃောသ၏ ရေးနည်းရေးဟန်ကို ကာလိဒါသက အတုယူခဲ့သည်ဖြစ်လျှင် အေဒီ ၁-ရာစု၏နောက်ပိုင်း၌ကပ်လျက် ကာလိဒါသ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ရမည်ဟု မှန်းဆကြ၏။

ထို့ပြင် နောက်တချက် စဉ်းစားဘွယ်ရှိသည်မှာ....ကာလိဒါသဆရာသည် ဝိကြမာဒိတျအမည်ခံ ဒုတိယ စန္ဒရဂုတ္တမင်းကြီး၏ လက်ထက်၌ ပေါ်ပေါက်ခဲ့သည်ဟုလည်း ယုံကြည်ရသေး၏။

http://nyisay.com



အကြောင်းမူ.... ဆရာကာလိဒါသ ရေးခဲ့သော အခန်း ၅-ခန်း ပါသည့်ဝိကြမောဝါရှိယ ပြဇာတ်၊ အခန်း ၅-ခန်းပါသော မာလာဝိက နေမိန္ဒြရပြဇာတ်။ ရာဂုဝံသ ကဗျာ ၁၉-ပုဒ်တို့သည် ထိုဝိကြမဒိတျဘွဲ့ခံ စန္ဒြဂုတ္တမင်းကြီး၏ အမျိုးအနွယ်တို့နှင့်ဆက်စပ်နေကြသောကြောင့်ဖြစ်၏။

ဝိကြမာ မင်းဆက်သည် ခရစ်မပေါ်မီ ၅၇-နှစ် ဘီစီ ၅၇-မှစသည်။ ခရစ်တော်ပေါ်ပြီး ၆၃၄-နှစ်အထိ တည်တန့်၏၊ ထို့ကြောင့် ကာလိဒါသသည် ဘီစီ၅၇-မှ အေဒီ ၆၃၄-အတွင်း ဖြစ်ရမည်ဟုယုံကြည်ကြရ၏။

ဤသို့လျှင် ကာလိဒါသနှင့် ပတ်သက်၍ အမျိုးမျိုး ယူဆယုံကြည်ပြောဆိုနေကြ၏။ ကာလိဒါသ၏ဘဝကို လေ့လာရန်အတွက်လည်း ရေးသားသွားသော စာပေကဗျာတို့မှတပါး.... အခြားခိုင်လုံသည့် ပစ္စည်းတစုံတရာရှာဖွေ၍မရကြ....

ရေးသားသွားသည့် ကဗျာပြဇာတ်တို့၌ပင်လျှင် အယောက်အထား ရှာဖွေခန့်မှန်းကြည့်ကြရန် မိမိ၏အကြောင်းကိုနှာမည်မှတပါး ဘာတခုမျှမထည့်မချန်ခဲ့....။

အချို့ အဆင့်ဆင့် မှတ်သားလာခဲ့ကြသော နှုတ်ဆင့်ကမ်းပညာရှင်တို့၏အဆိုအရ ကာလိဒါသသည် ဇာတ်ကြီးသော ဗြဟ္မာဏတဦး၏သားဖြစ်၏။ ငယ်စဉ်ကပင် မိဘများကွယ်လွန်

http://nyisay.com



သဖြင့် နွားထိန်းတဦးက ကောက်ယူကျွေးမွေး၏။ ပညာမဆည်းပူးရဘဲ လူလားမြောက်လာ၏။ ယောကျ်ားပီသလျက် မိန်းမများ ချစ်ကြိုက်ခြင်းခံရတတ်သော အသွင်အင်္ဂါတို့နှင့် ပြည့်စုံ၏။

အမတ်ကြီးတဦး၏ ချစ်ခင်ဆောင်ရွက်ပေးချက်အရ ပြည့်ရှင်မင်းတပါး၏သမီးတော်နှင့် ထိမ်းမြားရ၏။ မင်းသမီးသည် ပညာမဲ့သောလင်အား စာပေကဗျာလင်္ကာ တတ်မြောက်စေရန် ကာလိမ(သူရဿဒီနတ်သမီး၏ပြိုင်ဘက်ဖြစ်သော မြန်မာကိုကကာလကဏ္ဏိနတ်သမီးဟုခေါ်သည့်) နတ်သမီးကို ပူဇော်ပသစေ၏၊

ပသသည့်အတိုင်း ကာလီနတ်သမီး၏ စောင့်ရှောက် မစမှုကိုခံရ၍ စာပေကဗျာလင်္ကာတို့ကို ထိုနတ်သမီး၏ထံမှ ထူးဆန်းအံ့ဩဖွယ်ရာ ခံယူရရှိ၏။ ထို့ကြောင့်လည်း “ကာလီနတ်သမီး၏ ကျွန်= ကာလီဒါသ”ဟူသော အမည်ကိုလည်း ရလာသည်ဆို၏။

ဤဖြစ်ရပ်သမိုင်းကိုပင်လျှင် အချို့အချို့တို့က ကာလိမနတ်ကို လုပ်ကျွေးသော ကျေးကျွန်မဟုတ်၊ ဗိဿနိုးနတ်မင်းကြီး၏ ကျေးကျွန်ဖြစ်သည်ဟုအငြင်းပွားကြသေး၏။

ကာလီဒါသနှင့်ပတ်သက်၍ ဤသို့အမျိုးမျိုးအဖုံဖုံ ငြင်းကြခုံကြရသည့် အကြောင်းများအနက် အောက်ပါ အကြောင်းအချက်တခုလည်းပါ၏။

အင်ဒိယပြည်၌ ကာလီဒါသ အမည်ခံသည့် ကျော်ကြားသော ပုဂ္ဂိုလ်ကြီးပေါင်း သုံးဦးပေါ်ခဲ့ဘူး၏။

စာနယ်မြေ

ပထမ ခရစ်ပေါ်ပြီး အေဒီ ၃၄၅-၄၁၄-တို့ အတွင်း ဥဇ္ဇေနီပြည်တွင် စိုးစံသော ဆင်းဂုပ္ပတားမင်းကြီး ဝိကြမာဒိတျ လက်ထက်၌ တကြိမ်ပေါ်ခဲ့ဘူး၏။

ဒုတိယခရစ်ပေါ်ပြီး ၁၁-ရာစုနှစ်တို့အတွင်း မလ္လဝကုန်း ပြင် ဓါရာတိုင်း၌ စိုးစံသော ဘောဇာဘုရင် ဘူဂျာ၏လက်ထက် ၌ အစီအကုံး အဖွဲ့အနွဲ့ အပြောအဆိုကောင်းသော ကာလိဒါ သ အမည်ရှိ အမတ်ကြီးတဦး ခစားခဲ့ဘူး၏။ ဒုတိယ ကမ္ဘာစစ် ကြီးမဖြစ်မှီက ဆရာမင်းရှင်နောင်ရေးသော ကာလိဒါသသည် ထိုဘောဇာဘုရင်ကြီးလက်ထက်၌ ပေါ်ခဲ့ဘူးသော ကာလိဒါသ အမတ်ကြီးဖြစ်ဟန်တူ၏။

ထိုအမတ်ကြီး၏ တွေးခေါ်ချက်တို့သည် ပထမ ကာလိဒါသ ကြီးနှင့် ဆန့်ကျင်သော အတွေးအခေါ်မျိုး တွေးခေါ်တတ် သော်လည်း ထိုအမတ်ကြီး၏ အပြောအဖွဲ့တို့သည် ပထမ ကာလိဒါသကြီးကို လိုက်၍ ပြောတတ်ဖွဲ့တတ်၏။

"ပန်းကလေးကဲ့သို့ နူးညံ့သည့်နှုတ်ခမ်းကို ပိုင်ဆိုင် သော....

ဆည်းစျာအချိန်ကဲ့သို့ တပ်ပက်ဘွယ်သော အလှကို ပိုင်ဆိုင်သော....

စကားရွက်ကဲ့သို့ ဝေဆာ တင့်တယ်သော ကိုယ် လက်ကိုပိုင်ဆိုင်သော....

ထိုသမီးကညာပျိုတို့၏ရင်၌....

ယောကျ်ားတို့ကို အချိန်မရွေး တိုက်ခိုက်ရန်.... ချောင်းမြောင်းနေသော....

http://nyisay.com



ဗိဇ္ဈပြင်းထန်သည့်အခါ၌ဖြင့်ပြီးသော နှလုံးသားမျိုး
သည် အစဉ်အမြဲကိမ်းဝပ်တတ်၏....''

ဤအပြောအဖွဲ့မျိုးဖြင့် ကြွယ်ဝသော ဒုတိယ ကာလိဒါသ အပတ်ကြီးသည်လည်း အင်ဒိယ၌ ကျော်ကြားသော ပညာရှင်ကြီးတဦးဖြစ်ခဲ့၏။

ထို့နောက် တတိယအကြိမ် ခရစ်ဆယ့်ရှစ်ရာစု၌ အာဂရာမြို့၌ ထီးနန်းစိုးစံသည့် အက္ကဘာမင်းကြီး၏ လက်ထက်၌လည်း ကျော်ကြားသော အပတ်ကြီးတဦးသည် ကာလိဒါသဟူသော အမည်ကို ရခဲ့ဘူးသည်။ ထိုကာလိဒါသအပတ်ကြီး၏ အမည်အရင်းကို တူလ်ဆီဒတ်ဟုခေါ်ကြသည်ဆို၏။

အင်ဒိယ၌ ဤသုံးဦးသော ပညာရှင်ကြီးတို့၏ အကြောင်းဖြစ်ရပ်တို့သည် တဦးနှင့်တဦး ရောထွေးဆက်စပ်လျက် ရှိနေကြရာ.... မည်သည့်အကြောင်းသည် ပထမ ကာလိဒါသကြီး၏ အကြောင်းလေလား၊ ဒုတိယ ကာလိဒါသကြီး၏အကြောင်းလေလားဟု မခွဲခြားနိုင်အောင် ရှိနေကြရ၏။

သို့သော် ခွဲခြားနိုင်သော အကြောင်းတခုရှိပါသေးသည်။ ထိုအကြောင်းကား စာပေအရေးအဖွဲ့နှင့် အတွေးအခေါ်ဖြစ်၏။

ထို့ကြောင့် ကာလိဒါသ၏ ဖြစ်ရပ်နှင့်ပတ်သက်၍ မှန်ကန်စွာ ပြောဆိုငြင်းခုံနေကြရစေကာမူ၊ကာလိဒါသ၏ ကဗျာပြဇာတ်တို့ကို ဘတ်ဘူးကြပြီးသူအားလုံးတို့၌ တခုတည်းသော အမြင်သည့် ယုံကြည်ချက် ရှိကြ၏။ ထိုယုံကြည်ချက်ကား....

ကာလိဒါသသည် အလွန်ရှေးကျသည့်ခေတ်၌ ပေါ်ထွန်းခဲ့ကြသော ကမ္ဘာ့ ကဗျာကျော်ပုဂ္ဂိုလ်ကြီးများ ရှိခဲ့ကြသည့်အနက်

http://nyisay.com



ထိပ်တန်းအဆင့်မှပါဝင်သော ကဗျာဆရာ ပြဇာတ်ဆရာတဦး ဖြစ်သည်ဟူသော ယုံကြည်ချက်ဖြစ်၏၊

ထို့ပြင်ကာလီဒါသသည် နူးညံ့သိမ်မွေ့သူဖြစ်၏။ မွန်မွန် ရည်ရည်ရှိသောဘဝကို ပိုင်ဆိုင်သူဖြစ်၏။ လွတ်လပ် ပျော်ရွှင် စွာ တင့်တင့်တယ်တယ်နေနိုင်ပြီး သီဆိုတီးမှုတ်ကခုန်ခြင်း ပန်းချီ ဆွဲခြင်းစသော အနုပညာများကို များစွာခုန်မင်တွယ်တာသူဖြစ် ၏။ သိပ္ပံပညာများ လေ့လာဘူးသူဖြစ်၏။ ယထာ ဘူတ နည်းနာများကို လိုက်စားလေ့လာ၏။ ဘာသာ တရားတို့၌ ကြည်ညိုလေးစားတတ်သူဖြစ်၏။ အင်ဒိယပြည် အနှံ့အပြားကို လှည့်လည်ဘူး၏။ ဟိမဝန္တာတောင်နှင့် ပတ်သက်၍ ပွန်းတီး သောအတွေ့အကြုံရှိ၏။ အလှအပ သဘာဝနှင့် လူ့ဘဝကို အ သေးစိတ်ကြည့်တတ်မြင်တတ် လေ့လာတတ်သူဖြစ်၏။ ဟူ၍ တညွတ်တည်းယုံကြည်ကြ၏။

ပြဇာတ်နှင့်ပတ်သက်၍ ဝိလျံရှိတ်စပီးယားသည် ကမ္ဘာ ကျော်သူဖြစ်၏။ သို့သော် ရှိတ်စပီးယားတို့ခေတ်သည် ၁၆- ရာစုခေတ်၌ဖြစ်လေသည်။ ၁၅၆၄-ခု ဧပြီလ ၂၃-ရက်၊အဖေ ဝွန်ရှိတ်စပီးယား အမေ မာရီအာဒင်တို့က မွေးသော ပြဇာတ် ရေးဆရာကြီး ရှိတ်စပီးယားတို့၏ခေတ်သည် ကာလိဒါသ၏.... ပေါ်ပေါက်ခဲ့သည့် ၇-ရာစုခေတ်နှင့် စာလျှင် ယဥ်ကျေးမှုနှင့် တကွ စာပေ အစရှိသည်တို့ အစစ တိုးတက်နေလေပြီ....

ထို့ကြောင့် ရှိတ်စပီးယား၏ ပြဇာတ်ထဲ၌ ကြွယ်းသော.... ရိုင်းသော အတွေးအခေါ်များပါနေလေပြီ၊ ဘဝကိုပြက်ရယ် ပြုမှု မထိမဲ့မြင်ပြုမှုတို့ ပါနေလေပြီ....။

စာနယ်မြေ

http://nyisay.com



သို့အဟု မေတ္တာဘွဲ့ကိုဖွဲ့ဆိုရာ၌လည်း လှသော နုသော သိမ်သော အဖွဲ့အနွဲ့တို့ဖြင့် ဖွဲ့နိုင်စွမ်းလှ၏။ ကမ္ဘာကျော်သော ၌နှင့် ဂျူလိယက်ပြဇာတ်သည် ရှိတ်စပီးယား၏ အပြောင်ပ်ဆုံးသော မေတ္တာဘွဲ့ဖြစ်၏။ အနက်ပေါ်တွင် အဖြူတင်ပြသို မှန်းတီး ရန်လိုခြင်းဟူသော အောက်ခံပေါ်တွင် ဖြူစင်ရွှသော မေတ္တာကို တောက်ပစွာ တင်ပြစွမ်းနိုင်၏။

သို့သော် ရိုမီယိုနှင့် ဂျူလိယက်ပြဇာတ်ကို အငမ်းမရကြိုက်ပ်နေကြသူတို့အား.... ဆရာကြီးကာလိဒါသရေးသည့်.... လာ မေတ္တာဘွဲ့ပြဇာတ်ကို အဖတ်မိုင်းယိုက်သည်နှင့် တ္တာဘွဲ့ပြဇာတ်တကာတို့တွင်....သကုန္တလာသည် အကောင်းဟု ဝန်ခံကြရမည်သာဖြစ်၏။

ဤအတိုင်း Hermann Beckh: ဘာလင်၊

Von Schroeder: လစ်ပ်ဇစ်၊

Hillebrandt:ဘရက်စတော

Harichand sastri: ပါရီ

Winternitz: လစ်ပ်ဇစ်

B.Keith: အောက်စဖို့

A.Macdonell: လန်ဒန်....တို့ကလည်း ယုံကြည်ဟူဆိုကြ၏။ သို့သော် ဆာဝီလျံ ဂျုံးကဲ့သို့သော အင်္ဂလိပ်မျိုးချစ်စာပေဝါသနာင်ပုဂ္ဂိုလ်ကြီးတို့ကပူ ရှိတ်စပီးယား မမွေးမီ အနှစ် ၇၀၀-ခန့်က ပေါ်ပေါက်ခဲ့ဘူးသော ပြဇာတ်ဆရာကြီးကာလိဒါသအား အင်ဒိယပြည်၏ ရှိတ်စပီးယားပါဘဲဟု ပညာရှိစကားဖြင့် နှိမ်ခဲ့လေသည်။ ဤနေရာ၌ ကျနော်တို့သည် ကာလိဒါသ၏ပြဇာတ်

အကြောင်းကို မရေးလိုသော်လည်း ကာလိဒါသ၏ ကဗျာအဖွဲ့အနွဲ့ကို....ရှိတ်စပီးယား၏ ပြဇာတ်တမျိုးတည်းကိုသာ ဘတ်ဘူးကြသော ပုဂ္ဂိုလ်များအတွက် နှိုင်းယှဉ်ချင့်ချိန်နိုင်ရန် အနည်းအကျဉ်းဖော်ပြသင့်သည်ဟုထင်၏။

ရှိတ်စပီးယား၏ မေတ္တာဘွဲ့ ဇာတ်လမ်းဟာပုဒ် ဖြစ်သော.... “[illegible]ါဒသဃမည့်” ပြဇာတ်၌ ယောကျ်ားကလေး ဆီဇာရီယို အယောင်ဆောင်လာသည့် ဗိုင်အိုလာကို အိုလီဗီယာ အမည်ရှိသော မိန်းကလေးက အမူးအရူးကြိုက်၏။ ထို့ကြောင့် အိုလီဗီယာသည် အောက်ပါအနက်ရှိသော ကဗျာကို ရွတ်ဆိုပြော၏၊

“အို....ရွှံ့မှုန်းပုံပြနေတဲ့ သူ့နှုတ်ခမ်းပေါ်က စိတ်ဆိုးဟန်နဲ့ မထိလေးစားဟန်ကလေးကို မြင်လိုက်ရ၊ ဘယ်လောက်များလှလိုက်ပါသိ....လို့....”

လူသတ်မှုလောက်ကြီးတဲ့အပြစ်ကို ဝန်မခံဘဲဖယ်ချန်
ထားရသည်ကမှ ကြာရှည်နိုင်သေးရဲ့ ဖုံးဖိထားရတဲ့
အချစ်ကတော့ ပေါ်လွယ်တတ်လွန်းလို့....

ရှင်ဘယ်လောက် မာနကြီးစေကာမူ ဆောင်းကြွင်း
ရာသီရဲ့ နှင်းဆီပန်းတွေအနားမှာ မိန်းမသားတို့ရဲ့
အပျိုစင်ဘဝ ဂုဏ်သရေ သစ္စာတရားနဲ့ အလုံးစုံသော
အရာတို့ကြောင့် ရှင့်ရဲ့အချစ်ညချမ်းဟာ နေ့မွန်းတည့်
ချိန်ကို ရောက်လာပါပြီ ဆီဇာရီယို....

ကျမရဲ့ တပ်မက်မှုကိုလဲ အသိတရားနဲ့စဉ်းစားဉာဏ်
တို့က ဖုံးဖိမပေးနိုင်တော့ဘူး....ကျမကစပြီးရှင့်ကို အပျို
စကား ပြောတယ်ရယ်လို့များ ငြင်းဆန်မှုလဲ မပြုလိုက်
ပါနဲ့ဆို....

စာနယ်မြို

http://nyisay.com



> ဒိလိုငြင်းဆန်ယင်း တွေးတောစရာတွေနှင့် အကျဉ်း
> အကြပ်ဖြစ်နေရမည်ထက်.... ''ချစ်သူကို ရှာခြင်းသည်
> ကောင်း၏။ သို့သော် မရှာဘဲရခြင်းသည် ပို၍ကောင်း
> ၏....''ဆိုတာကိုလဲ စဉ်းစားပါဦး....ကို....။

ဒိုင်ယိုဇီယာက ဤသို့ အငမ်းမရ ပြောနေသောအခါ.... ယောက်ျားကလေးကဲ့သို့ ဆိဇာရိုအမည်နှင့် ရောက်လာသော ...ိုလာက ရယ်ချင်၏။ သို့သော် အစွမ်းကုန် ထိန်းချုပ်လျက် ...ရင့်သော ဇာနြေဖြင့် အောက်ပါအတိုင်းပြော၏။

> ''ကျုပ်မှာ တခုတည်းသောအသဲ တခုတည်းသော
> နှလုံးသား တခုတည်းသော သစ္စာတရားသာရှိကြောင်း
> ဘာမှမသိတတ်သေးသည့် ငယ်ရွယ်သူဘယောက်အဖြစ်
> နဲ့ ကျိန်ဆိုပါတယ်....
>
> ပြီးတော့ ဘယ်မိန်းမပျိုတွေကိုမှလဲ မချစ်ခဲ့ဘူးသေး
> ပါဘူး ဘယ်မိန်းမတွေကိုမှလဲ ချစ်မိလိမ့်မယ်မဟုတ်ပါ
> ဘူး၊ ကျုပ်ဟာ တကိုယ်တည်းသာနေချင်သူပါ၊ခင်ဗျား
> အတွက် ကျုပ်သခင်ရဲ့မျက်ရည်ကျဆင်း ဝမ်းနည်းမှုကို
> ယ ဘယ်တော့မှ မဖန်တီးလိုပါဘူး၊ ဒါကြောင့် ကျုပ်
> နှုတ်ဆက်ခဲ့ပါတယ်....''

ရှိတ်စပီးယားသည် မိမိ၏ဇာတ်ကောင်များကို ပြဇာတ်ပြိုပြ ...နဲ့ဘီးပြော ဆိုလျက် မိန်းမယောက်ျားတို့၏ အပူတပြင်းချစ်ခင် ...ကို ဤအ ကိုင်းဖွဲ့ဆိုခဲ့၏။

ဆရာက ာလီဒါသ၏ သကုန္တလာပြဇာတ်၌လည်း ဤကဲ့သို့ သောအဖွဲ့မျိုးပါ၏၊ သို့သော် ဆရာကာလီဒါသသည် သကုန္တ

http://nyisay.com



လာကို ကိုယ်ပိုင်ရေးခြင်းမဟုတ်၊ ရှေးဟိန္ဒူရိုးရာ ဇာတ်ဝတ္ထု ကြီးတခုဖြစ်သော 'မဟာဘာရတ'ကိုမှီးလျက် ဇာတ်ခုံပေါ်၌ ကပြ၍ရစေရန် ရေးသားခြင်းဖြစ်၏။ သကုန္တလာပြဇာတ်ရေး ပြီးသောအခါ၌ မဟာဘာရတနှင့် လုံးဝမတူသော ဇာတ်တခု ဖြစ်၍လာ၏။

ထိုပြဇာတ်၌ အခန်းပေါင်း ၁၀-ခုပါ၏။ ဥပဟုရာသီ တော တောင်တို့၏အလှ တိရစ္ဆာန် ကလေးများ၏ ဘာသာ ဘဝ ချစ်ဘွယ်သောအလှ၊သားသမီးနှင့်မိဘတို့၏ မေတ္တာ၊ ငယ်ရွယ်သူ ယောက်ျားမိန်းမတို့၏အချစ် စသည်တို့ကို ဖေါ်ပြ၏။

ပြဇာတ်၏ဟာနေရာ၌ သကုန္တလာအား စွဲမက်နေသည့် ဘုရင်ကြီးဒုသျန္တကို မလိုမုန်းထားနေသည့် ရသေ့တော်သုံး ယောက်တို့ရှိကြ၏။ ထိုရသေ့တော်တို့သည် ဘုရင်ကြီးကို အမျိုး မျိုးဒုက္ခပေးလေ့ရှိသောကြောင့် ဘုရင်ကြီးက ထိုရသေ့တော် တို့နှင့် မတွေ့ရန်ပုန်းရှောင်နေလေ့ရှိ၏။

ထိုရသေ့တော်သုံးယောက်အနက် ပရီရာမာဝါဒနှင့် အနာ သုယျပတို့နှစ်ယောက်က အောက်ပါစာပိုဒ်ကို သကုန္တလာက.... ဘုရင်ကြီးအား ရေးပေးသည်ဟု အတည်ပြုလိုက်ကြ၏။

''အချစ်ရဲ့နှလုံးသားထဲမှာ ဘာတွေပုန်းကွယ်ထားတယ် ဆိုတာလဲ ကျမမသိပါဘူး....

ကျမရဲ့မြင်ကွင်းတွေကို ပျော်ရွှင်အောင် လုပ်စေနိုင် တဲ့ အချစ်ရဲ့ ကိုယ်ဟန်သဏ္ဍာန်လဲ ကျမအနားမှာမရှိ တော့ပါဘူး....

စာနယ်မြေ

http://nyisay.com



ဒါပေမဲ့ နေ့ရောညပါ ကျမကိုတတိတိညှင်းဆဲနေ
တဲ့ အချစ်ရောဂါကတော့ ကျော့ကွဲဘွယ်ရာ ကောင်းတဲ့
ပုံပြင်ကလေးလို ဖေါ်ပြနေပါပြီ....”

ထိုသို့ပြောနေသံကို ကြားရသည်နှင့် ပုန်းရှောင်နေသော ဘုရင်ကြီးသည် မခံမရပ်နိုင်ဖြစ်ခါ.... ရှင်ရွှေတော်တွေ့ရှိရာသို့ ဒေါသတကြီးဖြင့် ထွက်လာ၏။

“ငါ့အရှင်ဝန်ခံတယ် ရှင်ရွှေတော်တို့၊ သကုဏ္ဍလာက သာ ဒှင် ဤသို့ပြောသည့်မဟုတ်.... ငါ့အရှင် ကိုယ်တော်တိုင်က လည်း....

“မဟုတ်သေးပါဘူး လှပတဲ့မိန်းမငယ်.... မင်းရဲ့
ထွေးနွေးသောအချစ်ဟာ ငါ့ကိုဘယ်လိုများ ဘောင်
ခတ်ထားသလဲဆိုတော့....

မွှန်းတည့်နေရှိန်ရဲ့အောက်မှာ ခေါင်းငိုက်စိုက်ကျ
နေရတဲ့ ပန်းဖူးကလေးကဲ့သို့....

ကြင်နာခြင်းကင်းမဲ့တဲ့မီးလျှံနဲ့ ငါ့ကိုတဖြေးဖြေး
ကြွမ်းကုန်စေလေတော့....

တက်သစ်စနေရောင်ခြည်ဟာ ဖျော့တော့တဲ့ လရောင်
က ဖျက်ဆီးပစ်လိုက်သည့်သို့.... ”

ဟု မိမိကလည်း မိမိအဖြစ်ကိုတင်ပြမိပါကြောင်း ကဗျာကို ရွတ်ပြ၏။ ယင်းသို့ပြောရာမှစ၍ ရှင်ရွှေတော်တို့ကဘုရင်ကြီးကို မသွားစေဘဲ.... အချစ်အကြောင်းကို ဆက်လက် ဆွေးနွေးကြ တော့၏။

အထက်ပါကဗျာတို့ကို နှိုင်းယှဉ်ကြည့်လျှင် စာဘတ်သူတို့ သည် ရှိတ်စပီးယားနှင့် ကာလီဒါသကို ချင့်ချိန်နိုင်ကြပါပြီ....

စာနယ်မြေ

http://nyisay.com



ကာမ ကာလပမည်သော ခေတ်သစ် ကာမသုတ္တကျမ်းကို ရေးသည့် (P. Thomas) ပီသောမတ်စ်က ဆရာကာဠိဒါသ၏ ကဗျာတို့သည် အချစ်၏လိင် ( Sex Love )– 'သိင်္ဂါရ ရတိ' ကို ဖော်ပြသောကဗျာများဖြစ်ကြသည်ဟုဆို၏။

ဟိန္ဒူတို့၏အချစ်ဘုရားများဖြစ်ကြသော ကရစ်သျှနာ ရာဒါ တို့၏အကြောင်းကို ဖွဲ့ဆိုထားသည့် ရှေးကဗျာကြီး ဒ ချို့တို့နှင့် ပင်‌ နှိုင်းယှဉ်ဖော်ပြ၏။

ရာဒါသည် ကရစ်သျှနာကိုပြန်လာပါရန် အခေါ်လွှတ်လိုက် သောအခါ ကရစ်သျှနာက ပြန်လိုက် မလာသောကြောင့်.... ကြေးမုံပြင်တွင် မိမိကိုယ်မိမိကြည့်လျက် အောက်ပါအတိုင်း ညည်းညူ၏။

"အို....မိန်းမငယ် သူ့ကိုအချစ်၏ အဆုံးဒုက္ခနှင့်သို့မို့ နိုင်စွမ်းသော မင်းရဲ့အနမ်းများလဲ ဘယ်ရောက် ကုန်ပြီ လဲကွယ်....

မည်သူမျှ စွမ်းဆောင်နိုင်ခြင်းမရှိသော မင်းရဲ့ညို့ မျက်လုံးကြီးတွေကော သူ့ကိုညို့ရန် အစွမ်းကုန်နေပြီ လားကွယ်....

ကျိန်စာမိသလို နေ့ရောညဉ့်ရော "ရာဒါ.... ရာဒါ" နှင့် တမ်းတတတ်ပြီး....

မည်သည့်လိုဘ မည်သည့်မျှော်ကိုးမှုကမျှ မထိစွမ်း နိုင်တဲ့....

မှတ်သိပ်နေတဲ့ နှလုံးသားဟာ....

ရာဒါရဲ့မေတ္တာ ရာဒါရဲ့နှုတ်ခမ်းများကိုသာ တမ်းတ လာအောင်ရယ်....

**စာနယ်မြေ**

http://nyisay.com



ငြိမ်းချမ်းခြင်းဆိုတာ.... မပြယ်ပျောက်နိုင်တဲ့ အလှ ရှိရာ ရာဒါရဲ့ ရင်ခွင်မှာသာ ကိန်းဝပ်လျက်ရှိတယ်ဆိုတဲ့ စိတ်တွေ ပြန်လည်ပေါ်ပေါက် လာအောင်ရယ် မင်း ဘယ်လိုမှ မစွမ်းနိုင်တော့ဘူးလားကွယ်....''

ဆရာကာလီဒါသ၏ ကဗျာများသည် အထက်ပါ အချစ် ဘုရားကြီးတို့၏ အကြောင်းကို ဖွဲ့နွဲ့ထားသည့် ရှေးကဗျာကြီး များနှင့်အတူ နှိုင်းယှဉ် ဖော်ပြမှုခံရခြင်းကြောင့် သျှုကြွကျမ်းဝင် အချစ်ကဗျာတွေဖြစ်လာ၏။

ကမ္ဘာ့ကဗျာလောက၌ '' Lyric ''ခေါ်သော ကဗျာအမျိုး အစားတို့ ဆန်းသစ်လာ၏။ ထို '' Lyric ''ဟူသော ကဗျာ အမျိုးအစားသည် ပန်းချီပညာရပ်တို့၌ ယခုခေတ်စားနေသော '' Modern Art ''၏ တစိပ်တဒေသနှင့် ခပ်ဆင်ဆင် တူ၏။

Modern Art ဟုခေါ်သော ခေတ်သစ်ပန်းချီ၌ ရေးနည်း အမျိုးအစား အတော်များများ ပါဝင်နေ၏။ ထိုအထဲတွင်.... တောက်လျှပ်ရှားတက်ကြွစွာ မိမိထင်သလိုမြင်၍.... မြင်သလိုရေးဆွဲ ခြင်းကို '' Fauvism '' ဖော်ဗိဇင်ဟုခေါ်၏။

''ဖော်ဗိဇင်''သည် အမြင်ကို မြင်သလို ရေးကြသော.... ''Impressionism'' အင်ပရက်ရှင်နစ်ဇင်ထက် ပိုလွန်သောအ မြင် ပိုလွန်သောအတွေးအခေါ်ဖြစ်၏။

လေတိုက်သဖြင့်လှုပ်ယိမ်းနေသော သစ်ပင်ကြီးကို ''ဖော်ဗိ ဇင်''သမားက မီးတောက်ကြီးတွေ ထနေသကဲ့သို့ မြင်လျှင်.... သစ်ပင်၏ အစိမ်းရောင်ကိုပါ အနီရောင်ဟုမြင်လာပြီး သစ်ပင် မီးကြီးအဖြစ်ရေး၏။ ''အင်ပရက်ရှင်း'' သမားက လှုပ်ယိမ်းနေ

http://nyisay.com



ဟန်ကိုမြင်ယုံဖြင့် အပြင်အတိုင်းလည်းမိအောင် ပကတိအသွင် လည်းပေါ်အောင်ရေး၏။

သို့သော်....ထိုနှစ်ခုစလုံးသည်" Lyric "သဘောသက်ဝင်၏။ အမြင်ဖမ်းရေးသူ " Impressionist"တဦးဖြစ်သော ပြင်သစ်ပန်းချီကျော် "Pierre Auguste Penoir" 'ရနွား'သည် Lyrical mood "တခဏအတွင်းဖြစ်ပေါ်လာသော ခံစားချက်ကို ဖမ်းယူနိုင်သည့် အတွေးအခေါ်"ရှိသူဟု ပြင်သစ် ပန်းချီဝေဖန်ရေးဆရာ "Elie Faure" -'အလေဖိုး'ကရေး၏။

ထို့ကြောင့် 'လိုင်းရစ်'၏ သဘောသည် "အင်ပရက်ရှင်ဖေါ်ဝီဇင်"ပန်းချီကားတို့ကို ကြည့်ရသည်နှင့်တူ၏။ " Lyric လိုင်ရစ်"၏ အနက်အပြည့်အစုံသည် အကြောင်းတခုခုကြောင့် ရုတ်တရက်ဖြစ်ပေါ်လာသော ချစ်မှု လွမ်းမှု မုန်းမှု ရွံမှု စိတ်ဆိုးမှု ကြည်နူးမှု ကြောက်လန့်မှု ဒေါသထွက်မှု ပျော်ရွှင်မှု သတိတရားရမှု ခွင့်လွှတ်မှုတို့ကို ထိခိုက်သည့် အခိုက်အတန့်ကလေး၌ အပြင်းအထန် ခံစားလိုက်ရသော ခံစားမှုအတိုင်း.... ပေါ်လွင်အောင် ဖေါ်ပြခြင်းပင်ဖြစ်၏။

ထိုသို့ 'လိုင်ရစ်'သဘော ဖေါ်ပြသည့်၊ ကဗျာ၊ ပန်းချီကား ဝတ္ထု၊ ပြဇာတ် စသည်တို့သည် ယခုဒုတိယကမ္ဘာစစ်ကြီးအပြီး ၂၀-ရာစုနှစ်တို့၌ တကမ္ဘာလုံးလိုလို ခေတ်စားလာခဲ့၏။

ထိုသို့ ယခုတကမ္ဘာလုံး၌ ခေတ်စားနေသည့် ခံစားချက်အတွေးအခေါ် =Lyrical mood ရှိသည့် ကဗျာမျိုးကို ဆရာကာလိဒါသသည် ခန့်မှန်း ဘီစီ ၇-ရာစုနှစ်၊ လွန်ခဲ့သည့်နှစ်ပေါင်း ၁၂၀၀-ကျော်က ရေးခဲ့၏။

စာနယ်ဇင်း

http://nyisay.com



ဆရာကာလိဒါသရေးသော စာစုများမှာ....
၁-အခန်း ၁၀-ခန်းရှိသော သကုန္တလာပြဇာတ်
၂-အခန်း ၅-ခန်းရှိသော ဝိကြမုဝါရှိယ ပြဇာတ်
၃-အခန်း ၅-ခန်းရှိသော မာလာဝိကနေမိနှုရပြဇာတ်
၄-ပုဒ်ရေ ၁၉-ခုပါသော ရာဂုဝံသကဗျာ
၅-ပုဒ်ရေ ၁၇-ခုပါသော ကုမာရသမ္ဘဝ ကဗျာ
၆-ပုဒ်ရေ ၁၁၀-ခုပါသော မေဃဒူတ ကဗျာ
၇-ရတု ၆-မျိုးကို ဖေါ်ပြသော ရိတုသံဟာရကဗျာများ....

အားလုံးပေါင်း ဤ ၇-မျိုးတို့ကိုသာလျှင် ဆရာကာလိ ဒါသ ရေးသည်ဟု စာပေလေ့လာလိုက်စားကြသော ပညာ ရှင်တို့က အခိုင်အမာ ဆုံးဖြတ်ကြ၏။

ထို ၇-မျိုးသောစာမူတို့တွင် သကုန္တလာနှင့်တကွ အခြား သော ပြဇာတ်ကဗျာတို့၌ 'လိုင်ရစ်'၏သဘောသည် ပြုံးပြွမ်း ပါဝင်ကြပြီးလျှင်....မေဃဒူတနှင့် ရိတုသံဟာရ....ကဗျာနှစ်ပုဒ် တွင် အပြည့်အဝပါဝင်သည်ဟု ' A Macdonell မက်ဒေါ် နယ်' အမည်ရှိ ပုဂ္ဂိုလ်ကြီးက 'တခုသော သက္ကတ စာပေ သမိုင်း' ၁၉၀၅ ခု လန်ဒန်ထုတ်စာအုပ်၌ဖေါ်ပြသည်။

ထိုယခုလောလောဆယ် ခေတ်စားနေသော.... 'လိုင်ရစ် ' Lyric ' ကဗျာအမျိုးအစားတွင်ပါဝင်သည့် 'မေဃဒူတ' ကို ကျနော်သည် ကျနော်၏ အစွမ်းအစနှင့် လေ့လာနိုင်သူ ဖြစ်ပါ....

ဟိန္ဒူ- သက္ကတစာပေတို့ကို အခြေအမြစ်ကစ၍ တတ်ကျွမ်း သော ဆရာဦးသော်ဇင်၏ သွန်သင် ညွှန်ကြားမှုတို့ကြောင့်.... ကျနော် လေ့လာခွင့်ရရှိနိုင်ခြင်းဖြစ်၏။

**စာနယ်မြေ**

http://nyisay.com



ဆရာဦးသော်ဇင်နှင့်တွေ့တိုင်း ဆရာဦးသော်ဇင်သည် ဟိန္ဒူ သက္ကဋစာပေတို့၏ သမုဒ္ဒရာသဖွယ် အပြောကျယ်ပုံ အဇ္ဈာဝေဟင် ကောင်းကင်ပြင်တမျှ အဆုံးအဆမရှိ နက်နဲပုံ တို့ကို ပြောလေ့ရှိ၏၊ ကျနော်တို့က မဂဓဘာသာနှင့် ညီအကိုမျှသာ ဖြစ်သောကြောင့် ဟုတ်နိုင်ရ၏ဟုထောက်ခံ၍ပြီးခဲ့သည်။

ဆရာ ဦးသော်ဇင်က ဤသို့ထောက်ခံသည်ကို မကျေနပ်၊ သက္ကဋ ဘာသာဖြင့်ရေးသော သုန္ဒရီနန္ဒအကြောင်းကို စကားဆက်လာတော့သည်။ ကျနော်သည် သက္ကဋမှ မဂဓ (ပါဠိ)သို့ ပြောင်းလဲထားသော "သုန္ဒရီနန္ဒ"ကို အလင်္ကာကျမ်းအဖွင့်၌ အချို့အဝက်တွေ့ဘူးထား၏။ ထိုတွေ့ဘူးသမျှသော ကဗျာတို့သည် ကျနော်စွဲခဲ့ဘူးသော ကဗျာတွေချည်းဖြစ်နေ၏။

"လေဖြင့် တိုက်ခတ်အပ်သောနွယ်သည် သစ်ပင်ကို ဖက်သကဲ့သို့ ထိုသုန္ဒရီသည် တုန်လှုပ်လျက် နန္ဒမင်းသားကို ဖက်ပြီ....

မျက်ရည်ဖြင့် ပြည့်သော လှုပ်သောမျက်စိရှိသည်ဖြစ်၍လည်းကြည့်ပြီး....

ရှည်စွာအသက်ရှူ၍လည်း စကားဆိုပြီ....

"ထသော တောမီးသည် ခြောက်သောသစ်ပင်များကို လောင်သကဲ့သို့ တပည့်တော်အား ရာဂမီးသည် ယခုပင်လောင်လေပြီ....

စာနယ်ဇင်း

http://nyisay.com



မြေကြီးနှင့်ဟူသော တည်ငြိမ်မှုရှိတော်မူသော အရှင်
အား သနားတော်မူပါ.... တပည့်တော်သည် ကာမဂုဏ်ညွှန့်၌
ခဲ့ခနေပါပြီ....''

ဟူသော ကဗျာတို့ကို ရုပ်ချည်း သတိရသွားရ၏
ယောဂ သိင်္ဂါရ ရသ အခန်း၌....

''လင် နန္ဒမင်းသား၏ တန်းဆာတို့ကိုရင်း၊ အဝတ်အထည်
ကိုရင်း၊ ပျော်ပါးစပြေဖြစ်သော စောင်းစသောတူရိယာတို့ကို
၊ ဖြန်းကနဲတွေ့လိုက်ရ၍ ကျယ်ကျယ် လောင်လောင် ငိုယို
ကြ် မိန်းမောသွားခဲ့ပြီ၊ ညွန်၌နစ်သော ဆင်မကဲ့သို့ နစ်မျော
းရှာလေပြီ....''

ဤပါဠိကဗျာသည် သက္ကဋမှဟိုတ်မျက် ပါဠိပြန်၍ ပါဠိ
အဆင့် မြန်မာပြန်ထားသော ကဗျာဖြစ်၏။

ထို့ကြောင့် ခေါင်းပတ်ကနဲတောင်လျက် ''အဖွဲ့အနွဲ့ကောင်း
သက္ကဋ ကဗျာတွေ အခု တော်တော်သတ်ဟူးယားမှာပေါ့''
မေးမိသည်။ ဆရာဦးသော်ဇင်က အားပါးတရ ခေါင်းညိတ်

''ရှိဘိလား.... အလင်္ကာတော်လေး ရေးသွားတဲ့ မေဃဒူတ
သင်....သက္ကဋဘာသာမြို့တော်မှာ ကျောက်တိုင်စိုက်ထူ အလေး
ခြင်းကြရတဲ့ မှတ်တိုင်တခုပေါ့.... ကျုပ်တောင် လွန်ခဲ့တဲ့ အနှစ်
ဆယ်လောက်က ရှေ့ပိုင်းတပိုင်းလုံးကို မြန်မာကဗျာအဖြစ်
ခြင်းလဲပြန်ဆိုဘူးသေးတယ်....''

ဆရာသည် လွန်ခဲ့သည့်အနှစ် ၂၀-လောက်က မြန်မာကဗျာ
ဖြစ် ကြိုးကြိုးပမ်းပမ်းဖွဲ့ထားသည့် စာမူကိုပြ၏။

<u>စာနယ်မြေ</u>

http://nyisay.com



ထို့နောက် မေယမ္မုတာ၏ ဟိန္ဒူမှ သက္ကတ္ထရုံ စာအုပ်များကို လည်းထုတ်ပြ၏။ အချို့စာအုပ်များ၏နက်ရှိုင်းသော အဓိပ္ပါယ် တို့ကိုလည်း မမောနိုင် မပမ်းနိုင်ရှင်းပြ၏။

ပန်းရုံတို့အကြား၌ ရစ်ပဲလျက်ရှိသော ပိတုန်း၏ဗီဇသံကဲ့သို့ သာယာ၏အောင်မြင် ပွင့်လင်းသော အသံတို့ဖြင့် ကာရံဆောက် လုပ်အပ်သည့် ရယားလုံးအား စာကဗျာတို့ဖြင့် ကံ့အပ်သော မြင်းများကို တပ်ဆင်လျက် သက္ကငှမြို့တော်ကြီးရှိရာသို့ တပြိမ့် ပြိမ့်ဖြင့် ကျနော်သည် စီးနင်းလိုက်ပါလာမိ၏။

ပထမသော် ခရီးလမ်းပန်း ကြမ်းတမ်း ခက်ခဲ၏။ ခလုတ် ငန်သင်းထူပြော၏။ ကျင်းချိုင့် ကမူ များပြား၏။ သို့သော် ဤသည်ပင်လျှင် ပျော်စရာမဟုတ်ပါလား....

သက္ကငှမြို့တော်ကြီး၏ နယ်နိမိတ်သို့ ရောက်လာသည်နှင့် ရှုခင်းတမျိုးတဖုံပြောင်းလဲသွား၏။သီးပင်စားပင်တို့ဖုံးအုပ်လျက် ရှိသော မားမားစွင့်သည့် တောင်မြင့်ကြီးတွေကို မြင်လာရ၏။ မြေပြင်တွင်လှပစွာလူးလွန့်နေသောစမ်းမြစ်တို့၏ ရယ်သွမ်းသွေး သံကိုကြားလာရ၏။ ရိုးသားသော လယ်တောအပျိုတို့၏ မြူးကြွ ပုံကို ပျော်ရွှင်ဖွယ်မြင်လာရ၏။ မိုးတိမ်တို့ပင်လျှင် သက္ကငှမြို့ တော်ကြီးအပေါ်သို့ ရောက်ကြသည်နှင့် ကလေးသိပ် ပုံပြင်တို့ အထဲမှ ဇာတ်ဆောင်ကြီးများဖြစ်လာကြကုန်၏။ သက္ကငှမြို့နယ် ကြီးအတွင်း၌ ဝါးကိုကြာတို့သည် ပိုမို၍လှပ၏၊ ပိုမို၍အနံ့သင်း၏။ တောအပျိုပေါက်ကလေးများ ပုတီး လည်ဆွဲ ပြုလုပ်ကြသော ကြာပြာပွင့်ကြီးများသည် ညို့ညို့အရောင်လှလျက် မိန်းမငယ် ကလေးတို့၏ ကွမ်းဝါနှင့်ဝင့်သော ယနံ့ထက်ပို၍လှပစွာမွှေး၏

စာနယ်မြေ

http://nyisay.com



သက္ကဋ္ဌရွာကို၏ဘေးပတ်လည်၌ ပန်းတောကြီးများ သစ်သီးချဉ်ကြီးများရှိ၏။ တောစပ်တောင်ခြေတို့၌ ကမျှာလက်ာ ပါကုံးတတ်သော.... ရသေ့ သူတော်စင်များ ငြိမ်သက်စွာ သိုက်းရှုနေကြ၏။ ရွှေရည် ငွေရည်ဖြင့် ဖုံးလွှမ်းအပ်သော ရောင်လူးသည့် ဥဒေါင်းငှက်တို့သည် ပန်းဥယျာဉ်တို့အတွင်း ယက်ကန်းရှည်သလို နေရာအနှံ့ လူးလာကုံ့ ခေါက်နေကြ

မြို့တော်သို့ အဝင်၌.... မြို့တော်သူ.... မြို့တော်သားတို့သည် စလွင်တောက်ပသော အဝတ် အဆင်တို့ကို ဝတ်လျက်.... ပျော်တပါး သွားလာနေကြ၏။ ပင်းလမ်းပတို့၌ နန်းတွင်း ဆားတို့သည် မကြာမကြာ ဖြတ်သန်းမောင်းနှင်သွားကြ၏။

ပုလဲကွန်ရက်တို့ဖြင့် စီခြယ်ဖုံးအုပ်ထားသည့် ဆံထုံးရှိသော၊သိန်းတန်ပတ္တမြားတို့ဖြင့် ယက်လုပ်သည့် ရွှေဖြင့်ပြီးသော ငွေလွှမ်းတန်းဆာရှိသော၊ ပန်ဆင်အပ်သည့် ကြာညို၊ပန်းနှင့် အဖြိုင်တင့်တယ်သည့် မျက်နှာရှိသော ငယ်နုနု မိန်းမပျိုတို့သည် သောက်ကျွဲးတို့ကိုရင်ဖိုအောင် ပြုစွမ်းနိုင်သည့် လှပသောမျက်လုံးတို့ဖြင့် လမ်းပေါ်၌ လူးလာကူးယှက်ပြုနေကြ၏။

ယိုမြို့၏ ဘုရားကျောင်းရှေ့၌ သလင်း ကျောက်တို့ဖြင့်ပြီးသော ပြဇာတ်ရုံရှိ၏။ ယိုပြဇာတ်ရုံပေါ်တွင် နန်းတွင်းစာဆိုတော် ပဏ္ဍိတ်ကြီး ကာလိဒါသရေးသည့် သကုန္တလာပြဇာတ်ကို ခင်းကျင်းပြသနေကြ၏။

ကျနော်သည် ပဏ္ဍိတ်ကြီး ကာလိဒါသနှင့် သိရှိခွင့်ရခဲ့၏။ ပဏ္ဍိတ်ကြီးကာလိဒါသ၏ စာကများတို့အထဲ၌ "မေဃဒူတ" ကဗျာသည် အချစ်ဖြင့်တည်ဆောက်ထားသော စာဆို၏ နှလုံး

http://nyisay.com



သားမှ လွမ်းစိတ်ကို မြောက်ပင့်တတ်သော မိုးရာသီ၏လှုံ့ဆော် မှုကြောင့် စီးယိုကျလာသော လွမ်းဆွတ်ဘွယ်ရာတို့ကို ချိုမြိန် သည့် ကဗျာဖြင့် ထုလုပ်ထားကြောင်းသိရှိလာခဲ့ရ၏။

ထိုကဗျာဖြင့် ဆရာကာလိဒါသသည် ဘုရင်တို့၏အထံ၌ ခစားကြရကုန်သော မင်းမှုထမ်းတို့၏အဖြစ်သနစ်အား မပြော ပလောက်သည့် အကြောင်းကလေးတခုကို မှုံးခြယ်ပြယုံမျှဖြင့် ဘဝတခုလုံးကို ပေါ်လွင်လာစေအောင်ဖေါ်ပြလိုက်ခြင်းဖြစ်၏။ ယင်းအကြောင်းဖြစ်ရပ်ကား ဤသို့တည်း....

ကေလာသတောင်ထိပ်ရှိ အလကာ အမည်တွင်သော နတ်ဘီလူးတို့တိုင်းပြည်တွင် ကုဝေရအမည်ရှိသော နတ်ဘီလူး ဘုရင်ကြီးတပါးအုပ်စိုး၏။ ထိုနတ်ဘီလူးဘုရင်ကြီး၏ အမှုထမ်း ဖြစ်သော နတ်ဘီလူးငယ်တယောက်သည် ရ-သစ်စ နတ်ဘီလူး မယ်တယောက်နှင့် ပျော်ပါးနေသောကြောင့် တာဝန်ဝတ္တရား များလစ်ဟင်းမိရ၏။ ဤတွင် ကုဝေရ နတ်ဘီလူးဘုရင်ကြီးက အမျက်ထွက်ကာ နေပြည်တော်နှင့် ဝေးကွာသော ရာမဂိရိ တောင်တန်းသို့ တနှစ်တိုင်တိုင်သွားနေရမည်ဟု ယင်းနတ်ဘီလူး ငယ်အားအမိန့်ပေး၏။

ထိုအဖြစ်ဒဏ်သည် ယင်းမင်းယောကျ်ားနတ်ဘီလူးအတွက် အလွန်ပြင်းထန်နေ၏။ အကြောင်းမူ မောင် နတ်ဘီလူးသည် ရ-သစ်စ မယ်နတ်ဘီလူးအား နေပြည်တော်အလကာမြို့၌ထား ခဲ့ရကာ ခွဲခွာသွားရခြင်းကြောင့်ဖြစ်၏။

ထို့ကြောင့် မောင်နတ်ဘီလူးသည် ငယ်ချစ်ဟောင်း ရ-သစ် စ နတ်ဘီလူးမယ်ကိုခွဲလျက် နေ့စဉ်နှင့်အမျှ လွမ်းဆွေးတမ်းတ ရင်း ထိုရာမဂိရိတောင်၌ ရှစ်လကြာမျှ အချိန်ကုန်လွန်စေခဲ့၏

http://nyisay.com



ကျန်သော လေးလသည် မိုးရာသီဖြစ်လေသည်။ ရှုကွင်းကြီး ဘခုလုံး စိမ်းရောင်စို့လျက် ရွှေမိုးကလေး ညို့လာသည်နှင့် နတ်ဘီလူး၏ ဗျာပါမီးသည် ပို၍တောက်လောင်လာ၏။

ကောင်းကင်ပြင်၌ ဆိုင်းဆို့၍ ညို့လာတတ်သည့် မိုးသားများကား အပူအပင်မရှိ ပကတိနေသူတို့ကိုပင်လျှင် လွမ်းစိတ်တွေဝင်စေသောသတ္တိရှိ၏။ ချစ်၍မဝနိုင်သေးသော ရသစ်စ မယ်နတ်ဘီလူးနှင့် ခွဲခွါလာခဲ့ရရှာသည့် မောင်နတ်ဘီလူး အဖို့ကား အဘယ်မှာလျှင် ပြောဘွယ်ရာရှိတော့အံ့နည်း။

ထို့ကြောင့် ရ-သစ်ဇ ဇနီးနှင့် ခွဲခွါနေရသဖြင့် ကြီးမားသော ဗျာပါသောကအဟုန်သည် ဖိစီးလတ်သည်ဖြစ်၍ သန်မာကြီးခိုင်သောလက်မောင်း၌ ဝတ်ဆင်ထားခဲ့သည့် ရွှေလက်ကြပ်ပင်လျှင် လျှောကျွတ်ကျအောင် ကြုံလှီသော အချည်းနှီးသော လက်မောင်း လက်ရုံး ရှိနေရသည့် မောင် နတ် ဘီလူးသည် ဝါခေါင်လဦး၏ နံနက်ထတွင် တက်လွင့်လာစပြုသော မိုးတိမ်တို့ကိုကြည့်၏။

မောင်နတ်ဘီလူး၏ မျက်လုံးတွင် မျက်ရည်ဝဲလျက် အလိုရမ္မက်ဟူသော ကာမ်ကြောင်းဖြစ်သော မိုးတိမ်၏ရှေ့တွင် အနိုင်နိုင်ကြိုးစားရပ်၏။

ထို့နောက် အလကာမြို့သို့သွားအံ့သော မိုးလုလင် အကြင် အလကာမြို့ပေါ်သို့ရောက်လျှင် အကျွန်၏ ချစ်သူကို ပြောလိုက်ပါဘိ....ဟု မိုးတိမ်ကို မှာကြားပြောဆို၏။ မိုးတိမ်ကိုပင်လျှင်.... စေတမန်သဘွယ် သဘောထားလျက် မိမိ၏ ချစ်သူ ထံပါးသို့ ပြောကြားပါရန် စကားတို့ကို ယိုစီးသော မျက်ရည်တို့နှင့်အတူ တွတ်တွတ်မှာကြား၏။

စာနယ်မြေ

http://nyisay.com



အာရာကာလီဒါသာသည် တိုးသို့ချစ်သူအား ပြောလိုက်ပါတီ ဟု မိုးတိမ်ကိုမှာကြားသည့် စကားရပ်ကိုကို မေဃဒူတ....ဟူ သောအမည်ဖြင့် ကဗျာဖွဲ့ဆိုခဲ့သည်။

မေဃသည် မိုးဖြစ်၏။ ဒူတသည် တမန်ဖြစ်၏။ မိုးတမန် သို့မဟုတ် မိုးတိမ်တမန်ဖြစ်၏၊ ထိုမိုးတိမ်တမန်၌ အပိုင်း ၂-ပိုင်း ပါ၏။ ပထမပိုင်းကို ပုဗ္ဗမေဃဟု ခေါ်လျက်.... ဒုတိယပိုင်းကို ဥတ္တရမေဃဟုခေါ်တွင်စေ၏။

ပထမပိုင်းတွင် မြောက်စူးစူးသို့ မိုးတိမ်ဖြတ်သန်းသွားရမည့် လမ်းကကြောင်း၌ တွေ့ကြုံရမည့် ရှုခင်းအမျိုးမျိုးတို့ကို လှပစွာ ဖွဲ့ဆို ဖော်ပြထား၏။

အမရကူဋတောင်၊ ဝိန္ဓယျာတောင်တို့၏ခြေရင်းတွင် ရစ်ပတ် စီးဆင်းသော နမ္မဒါမြစ်၊ ဒသနပြည်၊ ဝိဒိသာမြို့တော်၊ ဝေတြ ဝတီမြစ် စသည့်ရှုခင်းများကို အစဉ်အတိုင်းဖော်ပြ၏။

ထို့နောက် အဝန္တိတိုင်း၌ရှိ လှပသော ဥဇ္ဇေနီ မြို့တော်ကို ခရီးလမ်း ကောင့်သော်လည်း ဝင်ဖြစ်အောင် ဝင်သွားပါလေဦးဟု ဆို၏။

အဆွေမိုးလုလင်သည် ဤမြေပြင်သို့ရောက်ပါလျက်၊ အဆွေ ဆင်မြန်းသည့် လျှပ်စစ်ပန်းတိုကို ဖြင်ရခြင်းကြောင့် လှုပ်ရှား သောမျက်လုံးကြီးများဖြင့် ချစ်စဖွယ် မျက်စောင်း ထိုးတတ် သည့် ဥဇ္ဇေနီအပျိုချောကလေးတွေကိုမှ မြင်ဘူးမသွားရလျှင် အသက်ရှင်ရကျိုးပင် နပ်တော့မည်မဟုတ်ဟု တွန်းတွန်းတိုးတိုး ပို့လိုက်သေး၏။

ထို့နောက်မှ ကုရုခေတ္တနိုင်ငံတော်ဘက်သို့ ဖြတ်သန်း၍.... ဂင်္ဂါမြစ်၏ မြစ်ဖျားခံရာ ဆီးနှင်းတို့ဖြင့် ဖြူဖွေးသော တောင်

http://nyisay.com



ဘုန်းကြီးရှိရာသို့ လမ်းညွှန်၏။ ထိုမှတဆင့် ကေလာသတောင်နှင့် ထိုတောင်ပေါ်ရှိ မိမိခွဲခွါလာခဲ့ရသော ချစ်သက်လျှာ၏ ခေါင့်ကြိုနေရာ အလကာမြို့တော်သို့ အရောက်သွားပါလေ-ဟု ညွှန်ပြ၏။ ထိုသို့ညွှန်ပြရာ၌....

ချစ်လင်၏ရင်ခွင်၌ ပွေ့ပိုက်ခြင်းခံနေရသော အဝတ်ကင်းသည့် ယမင်းအရုပ်ကဲ့သို့....

ကေလာသမောင်၏ရင်ခွင်ထက်၌ ဖြူဖွေးဖွေး ပတ်လဲနှင့်ဘူသည့် ဂင်္ဂါမြစ်ကို ချွတ်ဖယ်လျက် တွေးတွေးနွေးနွေး မှိန်းဘက်နေမည်ဖြစ်သော အလကာမြို့တော်ကို တွေ့ရပါလိမ့်မည်ဟု ပုဏ္ဏမေဃကို အဆုံးသတ်လိုက်၏။

ထို့နောက် ဥတ္တရမေဃကို ဆက်လက်သီကုံး၏။ ဥတ္တရမေဃ၌ ကေလာသအမည်ရှိသော အာမရကုဋတောင်နှင့် ထိုတောင်ပေါ်တွင် တည်ရှိသည့် လှပသော အလကာ နေပြည်တော်၏အကြောင်းကို ကဗျာပုဒ်ရေ ၁၄-ပုဒ်ဖြင့် ဖွဲ့သီထား၏။

ထို့နောက်၌မူ မိမိချစ်သက်လျှာကို အဘယ့် မိုးတိမ်သည် မည်သို့မြင်ရလိမ့်မည်ဖြစ်ပုံ၊ စက်တော်ခန်းတွင် ပူပုံပန်းလျက်ရှိသော ချစ်သက်လျှာအား.... မိမိက မည်သို့မှာကြားလိုက်သည့် အကြောင်းကို ပြောကြားပေးပါ၊ ဤသို့ ပြောကြားပေးရသည့် အကျိုး ဆောင်ရွက်မှုကြောင့် အဘယ့် မိုးတိမ်သည် ချစ်ဘက်သက်လျှယ် လျှပ်စစ်မယ်ကလေးနှင့် တခါအခိုက်အတန့်ကလေး မျှမကွဲပါစေနှင့်....ဟု ဆုတောင်း၍ အဆုံးသတ်လိုက်၏။

မြန်မာစာပေကဗျာတို့၌ ရှာပုံတော်တခုရှိ၏။ ထိုရှာပုံတော်ကို စာတော်ဖတ် တောင်တွင်းကြီး ဦးကျော့ရေးစပ်သီကုံးသည်ဟု မှတ်သားရဘူး၏။ ထိုရှာပုံတော်ကြီး၌လည်း....

http://nyisay.com



"စုံနံ့သာမြိုင် ရဂုံတွင်း ဟုံသင်းငယ်ကြိုင်.... ဂနိုင်ဟောမန္တအစ ရွှေ့များကလျှာ ဟိုခင်ကိုလျှောက်ပါလို့ လင်ပျောက်ကိုရှာခဲ့၊ ဂန္ဓမာဒနမြေသလင်း နေမင်းကပူသနှင့် နန်းသူ့ငယ်ဒေဝီ တွေ့နိုင်ဘဲဟာမို့ လဲလုပြီ-

ကေသီတော်ညှက် မြစပယ်ငုံ လ,လယ်ယုန်မှာဆ,ခါယ်ပုံပျက်ခဲ့ပေါ့ စက်ဟင်ခိုမှန်၊ မြူးအုံပျံ့ဝယ် ပုံစံတော်ရေး ယဉ်တီးမပါ.... မင်ဘီးငယ်ကွာ လင်မီးစာ အေးနိုင်ဘူး...."

ဟု ကရုဏာရသ,ပေါ်နိုင်သည့် အဖွဲ့မျိုးဖြင့်ဆိုငို၍ လင်ပျောက်ရှာနေသော မင်းသမီးကလေးရှိ၏။ ထိုမင်းသမီးကလေးသည်....

ပဝန္တရ သမုဒ္ဒရာ နံ့စဉ်ခါတုန်း သဗ္ဗာငယ်သုံး
ငုံးမင်းပါရမီ မြတ်ဝသီကြောင့် ကမ္ဘာဋ္ဌိတိ အညီညီ
အဋ္ဌလောကဓမ္မာဖန်းလို့ ဥဒါန်းငယ်ကြွေ အောင်
မြေသန့်ရှင်း ညီးပြောင်ပြောင်ကို မီးရှောင်လို့ကွင်းရ....

သော မြေနေရာကိုလည်း ၁၉-ခါလောက်ရောက်ခဲ့၏။ "လောပ်မင်းသိင်္ဂ ကိန္နရီပုတ္တိ ဥဒ္ဒနီမြ ဝဇီရနှင့် သခ်မှတ္တာ ရွှေလည်ဘဲ့လို့ ပျော်ဆဲခါဝယ် ဗာရာစိုးမြတ် စောမြကွဒတ်က ဒေါမနဿ သနားမပြော်.... တရားငယ်ချော်.... ရွှေမြားတော်သ,တုံးက လောင်းစန္ဒကိန္နရာ သေငယ်ဇောနှင့် မျောသည့်"နေရာကိုလည်း ရောက်ခဲ့၏။ မင်းသုဝဏ်ကို စိန်ချွန်တော်ထိ ဒုက္ခတွေဖိတုန်းက အမိအဘတို့ သစ္စာဆိုသည့်နေရာကိုလည်း ရောက်ခဲ့၏။ မယ်ကဏှာနှင့် ဇာလိမောင်နှမ သနား

စာနယ်မြေ

http://nyisay.com



ဘွယ်ကစားရွယ်ကို ပုဏ္ဏားဝယ်သတုံးက မယ်မဒီချုံးချကာ ငိုသည့်နေရာကိုလည်း ရောက်ခဲ့၏။

ထိုသို့ နေအရာနှံ့ တောအနှံ့ တောင်အနှံ့ တို့ကို ပြောမဆုံး အောင် စောဘုန်းခေါင်ကြောင့် တောသုံးထောင်ထပ်ခဲ့၍ လော ကဓါတ်ဗွေ သောငွေသမြေမှာ စောနတ်ဆွေ ရှာမတွေ့နိုင်သော အကြောင်းပုံ့ကို သိကုံးဖွဲ့နွဲ့ခဲ့၏။

စာဘော်ဖတ် တောင်တွင်းကြီး ဦးကြော့သည် ယင်ပျောက် ရှာသော မင်းသမီးကလေး ရောက်ခဲ့ရသည့် စခန်းစဉ်တို့ကို ဆရာကာလီဒါသသည် မေဃဒူတ၌ မိုးတိမ်သွားရမည့် ရှုခင်း တို့ကို ဖေါ်ပြသကဲ့သို့ပင် ဖေါ်ပြခဲ့၏။ အသံနှင့်အနက် ထပ်မိယုံ မျှမက ဂီတသဘောသက်ဝင်အောင်လည်း ဖေါ်ပြနိုင်ခဲ့၏။ သို့ သော် လွန်ခဲ့သည့် နှစ်ပေါင်းတထောင်ကျော်က ပေါ်ပေါက်ခဲ့ သည်ဆိုသော ဆရာကာလီဒါသ၏အဖွဲ့ကို ကျနော့် အနေနှင့် ဒို၍ကြိုက်မိ၏ ပို၍ခေတ်မှီသည်ဟုထင်၏။

စာတော်ဖတ် ဦးကြော့၏အဖွဲ့ကား တောကို တောဟုပင်မြင် ၏၊ဖွဲ့၏၊ တောင်ကို တောင်ဟုပင် မြင်၏၊ဖွဲ့၏။

> "မြူခိုးငယ်မှုံ့ ကုမ်ရာသီပြောင်း လဟာပေါင်းမို့ ညှာညောင်းစွန့်ချိန် ညို့ညို့ငယ်ညီးပါလို့ ရှုံ့မှိုင်းငယ် ထိန်....ဂိမ္မေပထမ ပုရစ်ဖူးတန် ခေတ်ကူးပြန် သစ်ထူး ဟန်သတာမို့...."

ဤဖွဲ့သီကုံးသည် ညက်ညော၏၊ လှပ၏၊ ပေါ်လွင်၏၊ အသံ လည်းလှ၏၊ အဖွဲ့လည်းလှ၏၊ အနက်လည်းလှ၏။ မြူခိုးမှုံသည့် ကုမ်ရာသီ ဟပေါင်းလတွင် သစ်ပင်ကြီးငယ်တို့ အညှာညောင်း

ဝေနသာမြေ

http://nyisay.com



သဖြင့် ရွက်ဟောင်းတွေ စွန့်ချိန်ရောက်သောကြောင့် ညို့ညို့ဆိုင်းသော မီးခိုးတွေနှင့်တကွ ညီးညီးပြောင်သော သစ်ရွက်ခြောက်တို့ကို ရှို့ထားသည့်မီးခိုးတို့သည် တထိန်ထိန်ရှိနေကြ၏။ နွေဦးဖြစ်သောကြောင့် သစ်ပင်ကြီးငတ်တို့၌ ပုရစ်ဖူးကလေးတွေစို့လာသည်ဖြစ်ရာ တောတောင်သစ်ပင်တို့သည် တခေတ်ကူးသကဲ့သို့ အသစ်ထူးသည့်ဟန်ဖြင့် ပြုပြင်ထားသမို့....ဟူသော အဖွဲ့အနွဲ့သည် နွေရာသီ၏ရှုကွင်းကို လှလှပပမြင်လာနိုင်စွမ်းစေ၏။ သို့သော် ရိုး၏ စင်း၏၊ အမြင်ကို အမြင်အတိုင်း ဖွဲ့ခြင်းမျှသာဖြစ်၏။

ဆရာကာလိဒါသ၏အဖွဲ့သည် ထိုသို့ဖွဲ့ခြင်းမဟုတ်....စာတော်ဖတ် ဦးကြော့၏ မင်းသမီးကလေး တောသုံးတောင် နေရာအနှံ့ရောက်သကဲ့သို့ပင် ဆရာကာလိဒါသ၏ မိုးတိမ်ကလည်း ရာမာဂီရိတောင်မှနေ၍ မြောက်အရပ်၌ရှိသော အလကာမြို့တော်သို့ ခရီးစဉ်တလျှောက်လုံးကို ရောက်ရမည်သာဖြစ်၏။လမ်းခုလတ်၌ ဥဇ္ဇေနီတိုင်းပြည်သို့ပင် ဤမြေပြင်ပေါ်က ဖြတ်သန်းသွားရပါလျက် မဝင်ဘဲသွားမိပါက အသက်ရှင်ရကျိုး မနပ်မှာစိုးသည့်အတွက် ခရီးထောင့်နေလျက် တမင်ချိုး၍ရောက်ဖူးအောင် ဝင်သွားရမည်ဖြစ်၏။ လမ်းခရီးတလျှောက်လုံး၌ တောတောင် မြေပြန့် မြစ်ကမ်းစသည်တို့ကို ရှုမြင်သွားရမည်ဖြစ်၏။ မိုးတိမ်သည် ရှုကြည့် ဖြတ်သမ်း သွားရုံမျှသာမဟုတ် မိုးရွာချပေးသွားရဦးမည်ဖြစ်၏။ ဆရာကာလိဒါသသည်....ထိုမိုးနှင့်မြေကြီး၊ တောနှင့်တိမ်တိုက်၊ မြစ်ချောင်းနှင့် မိုးဖွဲ့စသည်တို့ကို ရိုးရိုးမမြင်....

ကွဲကွာနေရသော ချစ်သူနှစ်ဦးတို့ပွေ့ဖက်ငိုယို နေကြသကဲ့သို့ငှင်း၊ တတ်မက်မောစွာ ချစ်ကြိုက် နေကြသကဲ့သို့ငှင်း၊မြင်

ရေခမ်းခြောက်နေသည့် မြစ်ကို အဝတ်မပါဘဲ လှုပရှား လျှောင်းစက်နေ့သည့် မိန်းမပျိုဟုမြင်၏။ နွေနှောင်း၌ထိုသို့ခမ်း ခြောက်တတ်သည့် မြစ်တိမ်ကလေးများပေါ်သို့ မိုးဦးတွင် မိုးရွာ သဖြင့် ပြည့်လွယ်ပုံကိုဖော်ပြရာ၌....

မြစ်ပျိုမကလေးသည် နွေဥယျာဉ်၌ ဝတ်လစ်စလစ် လူးလွန့် ဲလျှောင်းနေဆဲ.... ချစ်သူမိုးတိမ်သည် ရုတ်တရက် ရောက်လာ င်မိရာ.... မထိမ်းသိမ်းနိုင်ဘဲ အမူးအရူး ပွေ့ဖက်နမ်းစုပ်လိုက် ၏၊ ဤတွင် အထိတ်တလန့်ဖြစ်သွားရရှာသော မြစ်ပျိုမကလေး က လျှောကျနေသည့် ပုလဲဝတ်စုံကို အဆောတလျင်ဆွဲဖုံးလျက် ်တ်ထိတ်ပြာပြာကြည့်သည်ဟုမြင်၏။ ထို့ကြောင့်လည်း ဆရာ ာလိဒါသကို နှောင်းခေတ်ကဗ္ဗာကဗျာရှင်တို့က....ယောကျာ်း ိန်းမတို့၏ ချစ်ကြိုက်မှု လွမ်းဆွတ်မှု ကြင်နာမှုစသော ရသမျိုး ့ဖြင့် စိမ့်ထုံနေသည့် နှလုံးသားကို ပိုင်ဆိုင်သူဟု အသိအမှတ် ြုထားကြ၏။ ပုဗ္ဗမေဃ ကဗျာပုဒ်ရေ ၁၂-၌....

आपृच्छस्व प्रियसखममुं तुङ्गमालिङ्ग्य शैलं
वन्द्यैः पुंसां रघुपतिपदैरङ्कितं मेखलासु ।
काले काले भवति भवता यस्य संयोगमेत्य
स्नेहव्यक्तिश्चिरविरहजं मुञ्चतो बाष्पमुष्णम् ॥

“တောင်ခါးပန်းတို့၌ ရာမမင်း၏ ခြေရာ အမှတ် တံဆိပ်ရှိသော အလွန်လည်းမြင့်သော ပိုးတိမ်၏ချစ်ဆွေ

စာနယ်မြေ

http://nyisay.com



> လည်းဖြစ်သော စိတြကူရှတောင်ကို နမ်းရှုံ့၍ နှုတ်ခွန်းဆက်လိုက်ပါဦး....
>
> မိုးဦးကလေးညို့လာတိုင်း တွေ့ဆုံချစ်ခင်ခဲ့ရသော ချစ်ဦးဟောင်းသည် ကြာမြင့်စွာ ကွဲကွာနေရခြင်းကြောင့် အလွမ်းငွေ့ဝေလျက် မျက်ရည်ကို ဖြစ်စေခြင်းဖြင့် ချစ်ခင်စွဲလန်းမှုကို ဖေါ်ပြနေရှာ၏။ အိုမိုးတိမ်.... သင့်ချစ်သူဟောင်းကြီးကို နှုတ်ဆက်လိုက်ပါဦး....

မိုးဦးကလေး ညို့လာတိုင်း နှစ်ပါးတွေ့ဆုံ ချစ်ခင်လာခဲ့ရသည့် စိတြကူရှခေါ် ရာမာဂိရိတောင်ထွဋ်ကြီးသည် ရှစ်လတာမျှ ကြာမြင့်စွာခွဲခွါနေရပြီးမှ ပြန်ပေါ်လာသော ချစ်ဦးသူကိုမြင်သဖြင့် လွမ်းစတွေပျိုးလျက် မျက်ရည်မိုးကြီးရွေသွန်းလာရသည် ဟုဆိုနေ၏။

တောင်ခိုး တောင်ငွေ့တို့က မိုးစက် မိုးပေါက်ကြစ်ခြင်းကို ဆရာကာလိဒါသသည် ဤအတိုင်း တင်စားဖေါ်ပြ၏၊ မိုးတိမ်တိုက်ကလေးများ တောင်ထိပ်၌ ရစ်ဝိုင်းနေစေချင်သည့်ကိုပင် စိတြကူရှတောင်ထွဋ်ကို ပွေ့ဖက်နမ်းရှုံ့၍ နှုတ်ခွန်းဆက်လိုက်ပါဦးဟုဆို၏ ထို့ပြင်....

ပုံ့ပုံ့မို့မို့ ဝိုင်းဝိုင်းစို့စို့ရှိသော အမရကူဋတောင်သည် မှည့်ဝင်းသောအသီးရှိသည့် တောသရက်တို့ဖြင့် ဖုံးလွှမ်းလျက် အဝေးမှကြည့်လျှင် လှပသော သမီးကညာတို့၏ အသား အရောင်ကဲ့သို့ ဝင်းစို့စိမ်းဖန့်နေ၏။ ထိုပုံ့ပုံ့မို့မို့ ဝိုင်းဝိုင်းစို့သည့် ဝင်းစို့စိမ်းဖန့်သော တောင်ထိပ်တည့်တည့်၌ မှောင်ညို့ညို့အရောင်ရှိသော အဆွေမိုးတိမ်သည် သွားရောက်ရပ်နေသည်ဖြစ်အံ့ မြေမိမယ်၏ ထိပ်ဖျားညိုနေသော ရင်သားစိုင်

http://nyisay.com



ကြီးကို ဖေါ်ပြထားသည်နှင့်တူ၍ ကောင်းကင်ပြင်၌ရှိသော နတ်တို့သည် တအံ့တသြ တပ်မက်မောစွာ ငုံ့ကြည့်နေကြပေလိမ့်မည်ဟု....အမရကုဋ္ဌတောင်ကို ဖွဲ့ဆိုပြန်၏။

छन्नोपान्तः परिणतफलद्योतिभिः काननाम्रै-
स्त्वय्यारूढे शिखरमचलः स्निग्धवेणीसवर्णे ।
नूनं यास्यत्यमरमिथुनप्रेक्षणीयामवस्थां
मध्ये श्यामः स्तन इव भुवः शेषविस्तारपा

"အမရကုဋ္ဌတောင် တခုလုံးသည် မှည့်ဝင်းသော အသီးရှိသည့် တောသရက်မျိုးတို့ဖြင့် ဖုံးအုပ်နေလေ၍- ညိုမှောင်သော အရောင်ရှိသည့် ချစ်ဆွေမိုးတိမ်တိုက်သည် ထိုတောင်၏ထိပ်သို့ သွားရောက်ရပ်တည်နေလေ၍....

ထိုအခါသည်....မြေမိပျို၏ လှပနုစို ထိပ်ဖျားညိုနေသော ရင်သားစိုင်ကြီးကို ဖေါ်ပြထားသည်နှင့် တူလှသည့်အတွက် ကောင်းကင်၌ရှိသော နတ်တို့သည် တအံ့တသြတပ်မက်မောလျက် ကြည့်ရှုနေကြ လေသည်ဖြစ်၍ ဆရာကာလိဒါသသည် တောတောင်တို့ကိုသာလျှင် ဤသို့ မြင်တတ်သည်မဟုတ်....လယ်ယာမြေပြင်နှင့် လူ့ဘဝပတ်ဝန်းကျင်တို့ကိုလည်း ကြည်မောဘွယ်ရာ မြင်တတ်ပါသေး၏။အောက်ပါကဗျာကို ကြည့်ပါ....

စာနယ်မြေ

http://nyisay.com



**त्वय्यायत्तं कृषिफलमिति भ्रूविकारानभिज्ञैः**
**प्रीतिस्निग्धैर्जनपदवधूलोचनैः पीयमानः ।**
**सद्यःसीरोत्कषणसुरभिक्षेत्रमारुह्य मालं**
**किंचित्पश्चाद्व्रज लघुगतिर्भूय एवोत्तरेण ॥ १५ ॥**

ချစ်သူမိုးသည် လွမ်းသူလယ်ယာတို့၏ မှီခိုရာဖြစ်၏။ ထို့ကြောင့် လယ်ယာမယ်၏ သမီးပျိုများဖြစ်ကြသော ပင်ကိုယ်အားဖြင့် ချစ်ဘွယ်ရှိသည့် ဇနပုဒ်သူတို့သည် ပြကတေ့ချစ်တတ်သော မျက်လုံးကြီးများဖြင့် စောင့်လျက်....လာလင့်နေသောမိုးတိမ်ကိုတော်မွတ်စွာ သောက်သုံးနေကြလိမ့်မည်လေ....

ထွန်ယက်ခြင်းကြောင့်သင်းပျံ့သည့် ညှံ့ပျောင်းနံ့သာကို လူးခြယ်၍ စောင့်မြှော်နေသော မိလယ်တောသို့ ချစ်မိုးအဆွေသည် ချစ်မိုးရေဖြင့် ချစ်မိုး ဇွဲပြီးမှ မြောက်ဘက်သို့ခရီးဆက်ပါလေ....

ဤကဗျာ၌ ရိုးရိုးနှင့်ပေါ်လွင်အောင် ရေးတတ်သောဆရာသည် လယ်တောရှိသ မီးပျိုတို့က လာလင့်သော မိုးတိမ်ကို ချစ်ဘွယ်သော မျက်လုံးကြီးများဖြင့် သောက်နေ ကြသည်ဟု ဆိုထား၏။ ထိုအဖွဲ့မျိုးအပြင်....

မြစ်တို့ကိုဖွဲ့ရာ၌လည်း ဆရာသည်တခုနှင့်ကခု မထပ်အောင် ဖွဲ့ဆိုတတ်၏။ မြင်ရသမျှမြစ်တို့သည် မိန်းမပျိုကလေးတွေနှင့် ချည်းတူနေကြ၏။ သို့သော် ထိုမိန်းမပျိုကလေးတွေကား တ

http://nyisay.com



ကောက်ကျိုးစီလှနေကြသည်။ အောက်ပါ ပုဗ္ဗမေဃ ကဗျာ၏ ပုဒ်ရေအမှတ် ၂၉-နှင့် ပုဒ်ရေအမှတ် ၃၀-တို့ကိုယှဉ်ကြည့်ပါ-

वीचिक्षोभस्तनितविहगश्रेणिकाञ्चीगुणायाः
संसर्पन्त्याः स्खलितसुभगं दर्शितावर्तनाभेः ।
निर्विन्ध्यायाः पथि भव रसाभ्यन्तरः संनिपत्य
स्त्रीणामाद्यं प्रणयवचनं विभ्रमो हि प्रियेषु ॥

वेणीभूतप्रतनुसलिला तामतीतस्य सिन्धुः
पाण्डुच्छाया तटरुहतरुभ्रंशिभिर्जीर्णपर्णैः ।
सौभाग्यं ते सुभग विरहावस्थया व्यञ्जयन्ती
कार्श्यं येन त्यजति विधिना स त्वयैवोपपाद्यः

ပုဗ္ဗမေဃ-၂၉

လှိုင်းတို့၏လှုပ်ရှားခြင်းဖြင့် ဖိုရှိုက်ရင်ခုန်တုန်လှုပ်သည့် ငယ်နုနမိန်းမပျိုအသွင်ဆောင်သော....

အစဉ်အတန်း ကူးသမ်းနေကြသည့် ဖွေးဖွေးရှိသော ဟင်္သာတို့သည် ပြေကျသော ခါးစည်းကြိုးကဲ့သို့ ယိမ်းနွဲ့ လှုပ်ရှားနေကြသော....

တပ်မက်စေဘွယ် ဖေါ်ပြအပ်သည့် ဝဲကတော့လျှင် ချက်မကလေးရှိသော....

ထိုနိဗိန္ဒျာ အပျိုရိုင်းမကလေးသည် ချစ်ဆွေမိုးတိမ်ကို ကလူ၏သို့ မြူ၏သို့....

စာနယ်မြေ

http://nyisay.com



အဆွေသည် ထိုမြစ်ပျိုမကလေးကို ဖျစ်ညှစ်ထွေးယှက် ချစ်ဘက်ပြုလိုက်ပါဘိလို့....

အကြောင်းမူ သမီးကညာတို့၏ ချစ်သူအပေါ်၌ ဖြူကာ စူစွာ မူယာပြုခြင်းသည် ပြုငှါလိုသဖြင့် ရှေးဦးစွာ တောင်းပန်နေ၏သို့....

## ပုဗ္ဗမေဃ-၃၀

နှလုံးပူပန်စွာ ချစ်သူကိုတမ်းတနေတဲ့ အပူသယ်မ ရဲ့ ဆံထုံးလို လွမ်းတနေရတဲ့ စမ်းရေတွေကလဲ ခန်းခြောက်လို့ ..

လမ်းဟလျှောက်မှာ ပေါက်နေတဲ့ သစ်ပင်တွေက တော့ မြေပြင်မှာ လူးလွန့်နေရရှာတဲ့ မြစ်ပျိုမကလေး ကို ဖျော့တော့တဲ့ သစ်ရွက်ခြောက်တွေနဲ့ ညင်ညင်သာ သာ ဖုံးပေးနေကြရှာတယ်....

ရှစ်လလုံးလုံး စွန့်ပစ်သွားတဲ့ မိုးလုလင်ကို တမ်းတ ရင်း အဝတ်ကင်းတဲ့ကိုယ်နှင့် နွမ်းပျော့ကြုံလှီစွာ လူး လဲနေရရှာတဲ့ မြစ်မကလေးရဲ့ အလှကိုတော့ အဆွေမိုး လုလင်က မျက်မှောင်ကြီးညို့ပြီးကြည့်လို့....

အဆွေမိုးလုလင်ရယ် ခုလို စိမ်းစိမ်းကားကားချည်း ကြည့်နေမယ့်အစား ကိုယ့်ချစ်သူကို ယုယပိုက်ထွေး ပြီး ရယ်သွမ်းသွေးတဲ့ လှိုင်းသံကလေးကို ကြားရအောင် ပြုလိုက်ပါလားကွယ်....

http://nyisay.com



ဤကဗျာနှစ်ပုဒ်အနက် ပထမကဗျာတွင် ကျောက်ဆောင် ကျောက်တုံးတို့၏အကြား၌ ရေပန်းရေဖွားနှင့် လှိုင်းကလေးများ ဘအောင် စီးဆင်းနေရသည့်မြစ်အပြင်ကို ဗိုရှိုက်ရင်ခုန်နေသည့် ငယ်ငယ်နုနု မိန်းမပျိုကလေးအသွင်ဖြင့် ဆရာကာလီဒါသက မြင်ထား၏။

ထိုသို့စီးဆင်းနေသောမြစ်ရေအယဉ်ဟွင်ဖြူဖွေးသော ဟသ်ာ ခုပ်ကြီးသည် ရှေ့နောက်တန်းစီလျက် ကူးခပ် နေကြသည်ဖြစ် ၍ ယိမ်းနွဲ့လှုပ်ရှားနေသည့် ခါးစည်းကြိုးနှင့်ဟူသည်ဟု ဆရာ က ဆို၏။

ဆရာကာလီဒါသ ထိုသို့ဆိုလိုက်သည်နှင့် ကျနော်တို့၏မျက် စေ့လဲတွင် ယင်းဟသ်ာများ ကူးခပ်နေကြသောကြောင့်ဖြစ်လာ သည့် ရေပန်း ရေယက်များ လှိုင်းတန်းများကို လေအပင့်တွင် ဘလွင့်လွင့်လှုပ်လျှားနေသော မြစ်ပျိုမကလေး၏ ဝတ်ရုံကဲ့သို့ မြင်လာရ၏။

ဆရာ၏ကဗျာကို မြန်မာလိုပြန်ဆိုရာ၌ ဤအမြင်ကလေးကို မထည့်၍ မထည့်လိုက်ရသော်လည်း ကျနော်တို့က မိုလွန်း သည်ပ တော့မထင်နိုင်ပါ....

အကြောင်းမူ ဆရာသည် ထိုကျောက်တုံး ကျောက်ဆောင် တို့ကို ဝက်ခိုက်စီးဆင်းလာရသဖြင့်ဖြစ်ပေါ်လာသောဝဲကတော့ ကလေးတို့ကို မြစ်ပျိုမကလေး၏ ချက်မနှင့်တူ၏ဟု ဖွဲ့ဆိုပြန်၏။ ဝဲကတော့ကလေးများသည် မြစ်မကလေး၏ချက်မ ဖြစ်ခဲ့လျှင် ဘိုချက်မသည် ခါးစည်းကြိုးဖြင့် ဖွဲ့နှောင်ထားသော မြစ်မက လေး၏ဝတ်ရုံကလေးများ လွင့်ပါးနေသောကြောင့်သာ ပေါ် ပေါ်လာသည်မဟုတ်ပါလား....

http://nyisay.com



ဒုတိယကမ္ဘာ၌မူ ရေခမ်းခြောက်နေသည့် မြစ်တိမ်ကလေးအား ချစ်သူကိုတမ်းတ နေသည့်အပူသယ်မ ဆံထုံးလို လွမ်းတလဲလဲ ဘောင်းနေရရှာသည့်အဖြစ်မျိုးသို့ရောက်နေသည့် မြစ်မကလေးဟုဆိုထား၏။ ထိုမြစ်မကလေးလွမ်းတနေရသူကား ရှစ်လလုံးလုံး ခွဲခွာ၍သွားလေသည့် ချစ်သူမိုးတိမ်ဖြစ်လေသည်။

ဆဲဗာကာလီဒါသသည် ကောင်းကင်မိုးတိမ် တောတောင် သစ်ပင်တို့ကိုသာလျှင် ဤသို့တပ်မက်စဘွယ်သော အလှမျိုးတို့ဖြင့် မွမ်းမံခြယ်သသည်မဟုတ်၊ မြို့ရွာဝန်းကျင် သစ်ပင် ကမ်းနားမြို့သူမြို့သား လုံမငယ်လုလင်ငယ်တို့ကိုလည်း ချစ်စဘွယ် ဖွဲ့သီလေ့ရှိ၏—ကြည့်ပါ....

ဥတ္တရမေဃ-ပုဒ်ရေအမှတ် ၆

मन्दाकिन्याः सलिलशिशिरैः सेव्यमाना मरुद्भि-
र्मन्दाराणामनुतटरुहां छायया वारितोष्णाः ।
अन्वेष्टव्यैः कनकसिकतामुष्टिनिक्षेपगूढैः
सक्रीडन्ते मणिभिरमरप्रार्थिता यत्र कन्याः ॥

အို....မိုးလုလင်....

အကြင် အလကာမြို့တော်၌ 'မန္ဒာကိနီ' ဟူသော မြစ်တခုသည် ရှိလေဆဲ....

ထိုမြစ်အပြင်၌ စိမ့်စိမ့်အေးသော လေတို့သည် ရေ ခိုးရေငွေ့တို့ကို ယူဆောင်ကြကုန်၍ မြစ်ကမ်း သော်င်

စာနယ်ဇင်း

http://nyisay.com



စပ်၌ မားမားရပ်နေကြကုန်သော မန္ဒရနတ်သစ်ပင်တို့ကို ပူဇော်နေကြမြ....

နတ်သစ်ပင်တို့၏ အကိုင်းအခက်များသည် ပူဇော်ဦးခိုက်လာသော ထိုလေအေးကို ယူထွေးပိုက်ပွေ့ ရင်ငွေ့ပေးလိုက်သောကြောင့်.... လျောင်းစက် နေသော သစ်ရိပ် သဲပြင်တခုလုံးနွေးမြ....

နတ်တို့ပင်လျှင် လိုချင်တောင့်တရကုန်သော အလကာမြှိုသူ အပျိုဖြူတို့သည် ထိုရွှေသဲပြင်ထက်၌ ငွေလက်သီးဆုပ် ရိုက်ပုတ်သဖြင့်.... နှစ်မြုပ်ရသော ပတ္တမြားနီလာ ရတနာဇယ်တို့ကို ဝက်တမ်းဖေါ်တမ်း ကစားနေကြမြ....

မြစ်ကမ်း၌ မားမားမတ်မတ်ရပ်နေသည့် နတ်သစ်ပင်တို့ကို လေသည် ရေခိုးရေငွေ့တို့ကို ယူဆောင်လာလျက်အမြဲကတော့နေသည်ဟု ဆရာကဖေါ်ပြ၏။

ထိုလေအေးတို့ကို နတ်သစ်ပင်တို့ကပိုက်ထွေးလျက် ရင်ငွေ့ပေး၍ ချလိုက်သဖြင့် အောက်ခြေတွင် လျောင်းစက်နေကြသော သစ်ရိပ်သဲပြင်ကြီးတခုလုံး နွေးနေသည်ဆို၏။

ထိုနွေးနေသောသစ်ရိပ်သဲပြင်ပေါ်မှာမှနတ်တို့ပင်ကြိုက်ကြရကုန်သော အလကာမြှိုသူကလေးတွေက ကျောက်သံပတ္တမြားတို့ဖြင့် ကစားနေကြသည်ဆို၏။

ဤမြစ်ကမ်းစပ် ဤသဲပြင် ဤသစ်ပင်တို့နှင့် ဤအပျိုကလေးတို့ကို ဖေါ်ပြပုံမှာ အလွန်ငြိမ်းချမ်းလျက် ကြည်နူးစဘွယ်ရှိ၏။

စာနယ်မြေ

http://nyisay.com



တပ်မက်ခြင်းနှင့် ပြည့်ဝမ်းသည့် ချစ်မေတ္တာတို့မှကင်း၏၊ စင်ကြယ်၏၊ ဆရာသည် ဤလို့လည်းဖွဲ့တတ်လွန်းလှသည်။ အိမ်ငင်းထဲ၌ရှိသော ရေကန်ကိုဖွဲ့ပြထားသည်ကိုလည်း ကြည့်ပါဦး....

वापी चास्मिन्मरकतशिलाबद्धसोपानमार्गा
हैमैः स्यूता कमलमुकुलैः स्निग्धवैडूर्यनालैः ।
यस्यास्तोये कृतवसतयो मानसं संनिकृष्टं
न ध्यास्यन्ति व्यपगतशुचस्त्वामपि प्रेक्ष्य हंसाः

ဥတ္တရမေဃ ပုဒ်ရေ အမှတ် ၁၅။

အို....မိုးလုလင်....

စိမ်းလဲ့ ထွန်းတောက် မြကျောက်တို့ဖြင့် စီခြယ်ထားသည့် အဆင်းအတက်လည်းရှိသော....

တခဲနက်မှုသော ရတနာကျောက်ပျက် အရိုးအရွက်တို့နှင့်လည်း အဆန်းတကြယ်ရှိသော....

ရွှေစင်အတိပြီးလျက် ကားကား စွင့်စွင့် ပွင့်သည့် ကြာပန်းတို့ဖြင့် ဖုံးလွှမ်းသော....

ချစ်ဆွေကိုမြင်သဖြင့် ရေနောက်မည်အတွက် အစိုးရိမ်မဘက်ကြဘဲ ပျော်မြူးကူးဆော့ကြယင်း မိမိတို့၏ “မာနသ” ရေကန်ကိုပင် ပြန်ပြေးရန် သတိမရကြတော့သည့် ငှေဟင်္သာတို့ဖြင့်ခြယ်စီသော....

http://nyisay.com



အို....မိုးလုလင်....အကြင်သို့သော ရေကန်သည် ခြံဝင်းကြီးတဲ၌ရှိလိမ်အံ့....ထိုရေကန်ရှိသော ခြံဝင်းသည် ချစ်ဆွေ မိုးလုလင်၏ မိတ်ကောင်းဖြစ်သော ငါ၏အိမ်မှ ခြံဝင်းပါတည်း....''

မောင်နတ်ဘီလူး၏ အိမ်ဝင်းထဲမှ ရေကန်သည် ''မာနသ'' တောင်ခြေရင်းရှိ ရေကန်မှလာရောက်ကြကုန်သော ဟင်္သာတို့ ပျော်မြူးရာဖြစ်သည်ဆို၏။ သူစိမ်းတယောက်ကိုမြင်၍ ကူးသမ်း ပြေးလွှားကြရသဖြင့် ရေနောက်မည်ကိုလည်း မစိုးရိမ်ကြ၊ မိမိ တို့နေရင်းဌာနသို့လည်း ပျံပြေးရန်စိတ်မကူးကြတော့ဘဲ ယဉ် နေကြပါသည်ဟု သိမ်မွေ့လွန်းလှသည့် မေဃဒူတရားကို ဖေါ် ပြမိအောင် ပြယား၏။

ဤမျှတောတောင် ရေကန် မြစ်ပြင်စသည်တို့ကို ဖွဲ့နွဲ့နိုင်လွန်း လှသော ဆရာကာလိဒါသည် ငယ်နုနုအိမ်ထောင်ပြုပြီးစ မိန်း ကလေးတယောက်ကို ဖွဲ့သီလိုက်သောအခါ....

तन्वी श्यामा शिखरदशना पक्वबिम्बाधरोष्ठी
मध्ये क्षामा चकितहरिणीप्रेक्षणा निम्ननाभिः
श्रोणीभारादलसगमना स्तोकनम्रा स्तनाभ्यां
या तत्र स्याद्युवतिविषये सृष्टिराद्येव धातुः ॥

အို....မိုးလုလင်....

အကြင် စံနန်းဆောင်အတွင်းဝယ်....ငယ်နု သွယ်လျ လှပ ကျစ်လစ်သည့် ချစ်ဖွယ်သော ကြော့ကြော့ရှင်းရှင်းကိုယ်နှင့်-

ဝါဠယ်မြေ

http://nyisay.com



လျှော်သစ်စ ရွှေနုရည်ကဲ့သို့ ဝင်းကြည် လှပနုရှသော အသားအရေနှင့်....

တောစပယ် ပွင့်ဖတ်စကဲ့သို့ ဖြူလွှချွန်ထက်သည့် စွီစွီညီသော သွားနှင့်....

မှည့်ဝင်းပြီးသော ကျ ီးအာသီး အရောင်ကဲ့သို့ နီလွှင်ရှမ်းပြည့် ဖေါင်းအိသော အောက်နှုတ်ခမ်းသားကလေးနှင့်....

ငယ်သော အပျိုပေါက်ကလေးများ အသုံးပြုကြသည့် လက်ဆုံကျည်ပွေ့သဘွယ် သေးငယ်ချောမွတ်သောခါးတိုင်နှင့်....

ထိတ်လန့်သော သမင်ပျို၏ မျက်ဝန်းကဲ့သို့ လဲ့လဲ့စိမ်းညို့ ရှမ်းရောင်စို့သည့် တပ်မက်ဖွယ် လှုပ်ရွှေ့နေသော မျက်လုံးနှင့်....

လှုပ်ရှားသွားလာခြင်းကို ဌ မြွေရရ ယဉ်စစေသည့် လှသော ချိုင့်ခွက်ငယ်ကလေး နှစ်ခုဖြင့် ဆင်ယင်အပ်သော ပေါ်လွှင်ထူကဲသည့် တင်သားတပွေ့တပိုက်ကြီးနှင့်....

ကိုယ်ဟန် အကြော့ကို လှယုံမျှ ညွတ်ပျော့စေသော အားပေါ်တရ လေးလံဖွံ့ထွားသည့် ရင်သားအစုံတို့နှင့်....

လူသားတို့ကို ဖန်ဆင်းသည့် ဗြဟ္မာမင်း၏ ငွေးဦးအစ စံပြရုပ်နှင့်တူသော.... ယင်းကဲ့သို့ ငယ်နုနဲမိန်းမပျိုကား.... အဆွေမိုးလုလင်၏ ဇောင်းရင်းဘက်ဖြစ်သော ငါ၏ချစ်ဇနီးပါတည်း။

**စာနယ်မြွေ**

http://nyisay.com



တောတောင်သစ်ပင်တို့ကိုပင် ချစ်စဘွယ်ကြိုက်စဘွယ် ဖြစ်လေအောင် ဖွဲ့သီနိုင်ခဲ့သော ဆရာကာလိဒါသသည် မိန်းကလေးတို့ကို ဖွဲ့သီရာ၌ စာဖတ်သူ၊ ကဗျာကို နားထောင်နေရသူတို့အား မျက်နှာတခုလုံး တင်းကြပ်လာအောင်၊ရင်၌ ဖိုလှိုက်လာအောင်၊ နှလုံးသားဒိတ်ဒိတ်ခုန်လာအောင်၊ အသားများ ဆတ်ဆတ်တုန်လာအောင် တကိုယ်လုံး အကြိုက်သွေးတွေ ကြွလာအောင် ဖွဲ့ဆိုနိုင်စွမ်းရှိပါပေသည်ဟုယုံကြည်မိ၏။

သို့သော်ကျနော်တို့သည် ဆရာကာလိဒါသ၏အဖွဲ့ကို အမှန်အတိုင်းလည်း ပြောနိုင်စွမ်းရေးနိုင်စွမ်းမရှိ ခံစားရချက်တို့ကိုလည်း စာဘတ်သူတို့သိအောင် ဖေါ်ပြနိုင်စွမ်းမရှိ။

ကျနော်တို့၏ မျက်စိထဲ၌ ထင်မြင်လာချက်တို့သည် ဆရာ၏စကားလုံးထဲ၌မပါ၊ သို့သော် ဆရာ့စကားလုံးအတိုင်း ဖြစ်လိမ့်မည်ဟု ကျနော်တို့ကရေးသောအခါ ထိုကဗျာသည် ဆရာ့ကဗျာကိုဘတ်၍ ကျနော်တို့ မျက်လုံးထဲ၌ပေါ်လာသလိုမပေါ်.... ထို့ကြောင့် မိမိကိုယ်မိမိ အားမရအောင်ဖြစ်နေရ၏။ ထို့ပြင် ဆရာသည် အဖွဲ့တခုနှင့်တခု ခြားနားနိုင်သမျှ ခြားနားအောင် ဖွဲ့သီတတ်၏။ မာလာဝိက နေမိန္ဒရပြဇာတ်၌....

''သူ့မျက်နှာ၌ ရှည်မျောသော မျက်လုံးအစုံရှိ၏။ ထိုမျက်လုံးမှတံခောင်မုန်းလ၏ လပြည့်ဝန်းအရောင်သည် ဖင်းလက်နေ၏၊ သူ၏ရင်သားသည်ပြည့်ဖြိုး၏၊ ကျစ်လစ်၏၊ သိပ်သည်း၏၊ ဖူးရောင်ဘိသို့တင်းပြောင်၏။ သူ့ကိုယ်၏ ဘေးဗောင်းအသွင်သည် အချောသတ်ထားဘိသည့်အလား ချောမွေ့၏။ သူ၏ခါးသည် လက်ဖဝါးဖြင့် ဆုပ်နယ်၍ရအောင် သေးသွယ်၏။ သူ့တင်သားများသည် ကားစွင့်၏။ ခြေထောက်၌ ထွက်သစ်စ ဇရစ်

http://nyisay.com



ညွန့်ကလေးကဲ့သို့ နီထွေးကော့ညွတ်သော တုယ်စိုစိုခြေချောင်း ကလေးများရှိ၏၊ သူ့တကိုယ်လုံးသည် ဇာတ်ဆရာတယောက် ၏စိတ်ကူးထဲ၌ရှိသော ကခြေသည်မကလေး၏ အသွင်ကို ဖန် တီးပေးထားသကဲ့သို့ရှိ၏။

ကခြေသည်မကလေးနှင့်တူသော မိန်းမပျို၏အသွင်ကို ဆရာ ကာလီဒါသရေးဖွဲ့ထားပုံသည် ပန်းချီဆရာတို့ပင် ဝန်တိုစရာ ကောင်းလောက်အောင် လှပပြည့်စုံ၏၊

ယိုမျှပြည့်စုံသော အကြောင်းအရာတို့ကို၊ ကျနော်တို့သည် ကျနော်တို့၏နှလုံးသား၌ ထိခိုက်လာရသည့်အတိုင်း....စာဘတ် သူတို့ကိုမဖော်ပြနိုင်....

ဆရာကာလီဒါသ၏ မူရင်းကဗျာအတိုင်း တိုတိုနှင့်လိုရင်းသို့ ထင်းကနဲပေါ်လေအောင် ဘတ်လိုက်သည့် စကားလုံးတိုင်းကို အသဲသို့ခိုက်လွှားလေအောင်.... မြန်မာစကားဖြင့်ပင် ရေးနိုင်စွမ်း မရှိ....

ယိုသို့မရေးနိုင်တိုင်း.... ဆရာကာလီဒါသ၏ ကဗျာများကို ကာရံမဲ့ကဗျာအဖြစ် ပြန်ဆိုရာ၌ မူရင်းအတိုင်းမဖော်ပြဘဲ ရင်ထဲ ၌ ထင်ဟပ်လာသည့် ခံစားချက်တို့ကိုသာ ဖော်ပြမိရ၏။ သို့ပါ နှင့်လည်း မိမိစိတ်တိုင်းကျ စာဘတ်သူတို့သိလေအောင် မဖော် ပြနိုင်ခဲ့ပါ....

ယို့ကြောင့် ကျနော်တို့အဘို့ ဆရာကြီးဦးဟိုးရေးသည့် ရာမ ရကန်၌ပါသော ဈေးသည်မအချို့ ရာမလက္ခဏာတို့လာကြသည် ကို မြင်ရသဖြင့်....

**<u>စာနယ်မြေ</u>**

http://nyisay.com



“မရှင်ရို့၊ မလေးရို့၊ ပကြီးရို့၊ အလို ဒိုသည်မှာ
ဟောလေရှင်၊ မြင်လဲ့ပါ၊ ကြည့်လဲ့ပါ၊ ကျမချည်းမြင်
ရ အသဲနာလှ၊ ကြာလျှင်ကွဲရော့မည်....”

ဟု....အော်လိုက်သကဲ့သို့ ကျနော်တို့လည်း ကျနော်တို့ချည်းသိရ အသဲနာလှသည်၊ ထတည့်ပါ ဘတ်တည့်ပါ ကြည့်ခမ်းပါ တွေးစမ်းပါဟု ပြောချင်လှ၏၊ သို့သော် သိအောင် မှန်အောင်ပြောနိုင်စွမ်းမရှိ....

သူခိုး သေဖေါ်ညှိသည်တော့မဟုတ်ပါ.... အချို့သော ဘာသာရပ်ခြား လူမျိုးများလည်း ဆရာကာလိဒါသ၏ ဤမေဃဒူတကို သူ့မူအတိုင်း မှန်အောင် မဖေါ်ပြနိုင်သဖြင့် ကျနော်ကဲ့သို့ပင်....မှီးငြမ်းဖေါ်ပြသောနည်းဖြင့် ဖေါ်ပြကြလေသည်....

သို့သော်....ဟိန္ဒူနှင့် သက္ကတ ဘာသာရပ်တို့ကို ကျွမ်းကျင်ယုံမျှမက မြန်မာစာလည်းတကယ်တတ်သည့် ဆရာကြီးဦးသော်ဇင်ကမူ ကျနော်ကဲ့သို့မဟုတ်ပါ....ဆရာကြီးကာလိဒါသ၏ ဆိုလိုရင်းအနက်ကို....စာလုံးပိုမပါဘဲ တတ်နိုင်သမျှမူအတိုင်းရရှိလေအောင်....

ဤကမ္ဘာ့စာပေနယ်၌ ကျော်ကြားလှသည့် မေဃဒူတကဗျာအစအဆုံးကို မြန်မာဘာသာ စကားပြေ သက်သက်ဖြင့် ယခုဤစာအုပ်တွင် ပြန်ဆိုထားပါသည်။

ကျနော်သည် ဆရာ ဦးသော်ဇင် ခေါ်ဆောင်သွားသဖြင့် သက္ကဋစာပေမြို့တော်ကြီးသို့ တခါတခေါက် အလည်ရောက်ခဲ့ပြီးသည့်နောက်....လှသော နုသော ဤသက္ကဋကဗျာအပျိုမကို အစွဲကြီး စွဲ၍လာခဲ့ပါလေပြီ....

**ဓာနုယ်မြွေ**

http://nyisay.com




အခြားသူတို့လည်း... ဤသဏ္ဌာန်စာပေမြို့တော်ကြီးသို့ ရောက်ဘူးကြသည်နှင့် သဏ္ဌာန်ကဗျာ မယ်အပျိုညိုညိုညက်ညက်တို့ကို ကျနော်ကဲ့သို့ပင် အစွဲကြီးစွဲ အမက်ကြီးမက်၍ ပြန်လာခဲ့ရသည် သာများသည်။ ထို့နောက်ကား တအောင့်မေ့မေ့ တမြေ့မြေ့ဖြင့် ရော်ရမ်းတမ်းတနေကြ၏။

တောသို့ထွက်ခွါသွားသော သိဒ္ဓတ္ထသည် ဆံကိုပယ်လိုက်ပြီဟု ကြားသိသည်နှင့် ယသော်ဓရာသည် ဆံကိုပယ်၏။ သိဒ္ဓတ္ထသည် သစ်ခေါက်ရည်ဆိုးသော ဒိုတီကြမ်းကို ဝတ်သည်ဟုကြားသည်နှင့် ယသော်ဓရာသည် သစ်ခေါက်ရည်ဆိုးသော ဆာရီကြမ်းကိုဝတ်၏။ ဤသို့ဝတ်သဖြင့် သိဒ္ဓတ္ထကဲ့သို့ ဗုဒ္ဓမဖြစ်နိုင်ဟုသိသော်လည်း.... ချစ်ခင်ကြည်ညိုသူမို့ မနေနိုင်....

ထို့အတူ စာပေကဗျာ သမားတို့လည်း မိမိတို့ချစ်သော ကြည်ညိုသော လေးစားသော သူတို့၏နောက်သို့ သံရောင်လိုက်တတ်ကြသည်သာများ၏။ ထိုသူတို့ရေးသောစာပေ ကဗျာတို့၏နောက်သို့လည်း အငမ်းမရ လိုက်တတ်ကြသည်သာများ၏။

ထို့နေခံ ကိုယ့်အမြင်နှင့်ကိုယ်ခံစားကြရ၏။ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးကြရ၏။ ထို့နောက်ဆရာ့နောက်သို့ လိုက်၍ရေးသောကဗျာသည်ပင်လျှင် တမျိုးတဖုံဆန်းသစ်လာရ၏။ ဥပမာ ဆရာ့နောက်သို့လိုက်လာသော သင်္ဂါရတိလက ကဗျာဆရာက




"မင်းမျက်လုံးကလေးတွေက ကြာပန်းပြာလိုဘဲ....
မင်းမျက်နှာကတော့ ကြာပွင့်ကြီးလိုလှလို့....
မင်းရဲ့ သွားတွေကတော့ စပယ်ပန်း ကလေးတွေနှယ်....
မင်းရဲ့ အောက်နှုတ်ခမ်းကတော့ နူးညံ့တဲ့ ပရစ်ဖို့ကလေးလိုဘဲ....
မင်းရဲ့ ခြေလက်တွေကတော့ စကားရွက် ကလေးတွေ က နေသလို....
ဒါနဲ့များ ကိုယ့်ကိုပြောစမ်းပါလား ချစ်သူရယ်.... ဖန်ဆင်းသူအရှင်က မင်းရဲ့နှလုံးသားကိုတော့ ဘာလို့များ.... ကျောက်တုံးကြီးနဲ့ ဖန်ဆင်းလိုက်ရတယ်....လို့...."

စာနယ်မြေ

http://nyisay.com



ကာလပေါ်သနှင့် ငယ်စဉ်ကတည်းက ရပ်းနှီး ခဲ့ကြရသော ကျနော်တို့မြန်မာတတွေလည်း ဤလိုလှပသော ကဗျာကလေး များကို ဆရာ့နောက်သို့လိုက်ရင်း ဖွဲ့သိ လာနိုင်ကြပါစေ....ဟူ သောစေတနာဖြင့်....

ဤအမှာစာဖြစ်မြောက်ရန်အတွက် စာအုပ်စာတမ်းရှာဖွေပေးသူ ကူညီ ဘာသာပြန်ပေးသူများ ဖြစ်ကြသော ဆရာဦးသော်ဇင် – ဦးစိန်လှနှင့် သမ်းသွယ်ဆွေ ဟိုအား ကျေးဇူးတင်လျက်......

ရန်ကုန်ဘဆွေ

http://nyisay.com

ဆရာဦးသော်ဇင် မြန်မာစကားပြေပြန်ဆိုသော—

# မေဃဒူတ။

http://nyisay.com

## ပုဗ္ဗမေဃ
## မိုးတိမ်တမာန်
## ပထမပိုင်း

၁

တရံသောအခါ 'ကုဝေရ' နတ်မင်းကြီး၏ အမှုထမ်း 'ယက္ခ' တဦးရှိလေသည်။ သူသည် ကြင်စဦးမယားနှင့် ပျော်ပါးနေသဖြင့် အလုပ်တာဝန်များ ပျက်ကွက်ခဲ့၏။ သို့ကြောင့် 'ကုဝေရ' နတ်မင်းကြီး အမျက်ထွက်ကာ သူ့အား မယားနှင့် တနှစ်ခွဲနေရန် အပြစ်ဒဏ်ပေးလိုက်၏။ 'ယက္ခ' သည် ပြင်းထန်လှသော အပြစ်ဒဏ်ဖြင့် ဆင်းရဲပင်ပန်းစွာ 'ရာမဂိရိ' (စိတြကူဋ)တောင် သမ်မ်းချောင်များတွင်သွား၍နေရ၏။ ထိုတောင်ခြေမှာ 'ဇနက' မင်းကြီး၏ သမီးကညာ (သီတာ) ရေချိုးထားသဖြင့် စင်ကြယ်သန့်ရှင်းသောရေရှိ၍ သစ်ပင်ခက်လက်များ တခဲနက်ဖုံးအုပ်နေလေသည်။

စာနယ်ဇင်း

http://nyisay.com



၂

ထိုတောင်တွင် ချစ်သူနှင့်ခွဲခွါရသဖြင့် 'ယက္ခ'မှာ လွန်စွာကြိုလှိုနေ၏၊ သူ့တွင် ဝတ်ဆင်ထားသော ရွှေလက်ကြပ်ပင် လျောကျ၍ အချည်းနှီးသောလက် ရှိ၏။ လပေါင်းအတန်ကြာ (ရှစ်လ)မျှ လွန်လေ၍ 'ဝါဆိုလ' ၏ ပထမနေ့သို့ရောက်သောအခါ တောင် ထွတ် တောင်ငှမ်းကို ဖုံးလွှမ်း၍ တက်လာသော 'မိုးတိမ်' (မေဃ) ကိုမြင်ရ၏။ မိုးတိမ်တိုက်တို့မှာ ပျော်မြူးလှသဖြင့် အစွယ်ဖြင့်မြေကို တူးဆွနေသော ဆင်ကြီးနှင့်တူလှပေသည်။

၃

မင်းထက်မင်း၏ အမှုထမ်း 'ယက္ခ' သည် မျက် လုံးတွင် မျက်ရေ ရစ်ဝဲလျက် အလိုရမ္မက်တက်ကြွ ကြောင်းဖြစ်သော မိုးတိမ်၏ရှေ့တွင် အနိုင်နိုင်ကြိုး စားရပ်လျက် အတန်ကြာစဉ်းစားနေ၏။ 'ဤကဲ့သို့ သော မိုးတိမ်တို့ကို မြင်ရပါလျှင် ချမ်းသာသုခ ပြည့် ဝနေသူများပင် စိတ်ဖောက်ပြန်တတ်ကြသေးသည်။ ချစ်သူ၏လည်ကိုဖက်၍ နေလိုလျက် တကွဲတပြားစီ နေရသူတို့မှာ အဘယ်မှာဆိုဘွယ် ရှိတော့မည်နည်း။

**စာနယ်မြွေ**

၄

သို့ဖြင့် ‘ဝါခေါင်လ’၏ အနီးသို့ရောက်သောအခါ သူ၏ချစ်သူ အသက်ရှင်လျက် စောင့်မျှော်နေစေလိုသော ‘ယက္ခ’သည် မိမိကျန်းမာစွာရှိနေကြောင်း သတင်းကို ချစ်သူ၏ထံသို့ ‘မိုးတမန်’ (မေဃဒူတ) ဖြင့် ပေးပို့ရန် အကြံဖြစ်ခဲ့၏။ သို့ကြောင့် သူသည် ပွင့်သစ်စ ‘လက်တုတ်’ (မြတ်လေး) ပန်းတို့ဖြင့် မိုးတိမ်အား လက်ဆောင်ပေး၍ ‘ကောင်းသောလာခြင်းပါ....’ဟု ချစ်ကြည်လေးမြတ်စွာ နှုတ်ခွန်းဆက်လိုက်လေ၏။

၅

မိုးတိမ်ကား အဘယ်နည်း။ အခိုး၊နေရောင်၊ ရေနှင့် လေတို့၏ အပေါင်းအစုမျှသာဖြစ်၏၊သတင်းဆောင်းပါးကားအဘယ်နည်း။ သက်ရှိသတ္တဝါတို့သာ ပို့ဆောင်နိုင်သည်။ သို့ရာတွင် ချစ်သူနှင့်ကွေကွင်း နေရခြင်းကြောင့် သောက ရောက်နေသော ‘ယက္ခ’သည် ဤသဘောတရားကို မစဉ်းစားနိုင်ဘဲ မိုးတိမ်အား သူ၏သတင်းစကားကို ဆောင်ယူသွားရန် တောင်းပန်နေ၏။ အချစ်ရေးအတွက် စိတ်မအေးဖြစ်နေသူသည် သဘာဝအားဖြင့်ပင် အမှားအမှန် ဝေဘန်ဉာဏ်ကင်းမဲ့နေတတ်ကြပါသည်။

http://nyisay.com



၆

ဪ–မိုးတိမ်, သင်သည်ကား လောကတွင်အလွန်ထင်ရှားသည့် 'ပေါက္ခရ' နှင့် 'အာဝတ္တက' အမည်ရှိသော မိုးတိမ်တို့၏ အမျိုးအနွယ်လည်းဖြစ်ပါသည်။ သိကြားမင်း၏ အရေးပါ အရာရောက်သော သံတမန်ကြီးလည်းဖြစ်ပါသည်။ အလိုရှိတိုင်း မိမိကိုယ်ကို အမျိုးမျိုး အဖုံဖုံ ဖန်ဆင်းနိုင်သူလည်းဖြစ်ပါသည်။ သို့ကြောင့် ချစ်သူနှင့် ကွဲနေရသော ငါသည် သင့်ထံမှာ တောင်းပန်ရခြင်း ဖြစ်ပါသည်။ (အမှန်တရားကို ပိုင်ဆိုင်သည့်ဂုဏ်ရှိသော)ဂုဏ်ကြီးရှင်တို့ထံမှာ တောင်းပန် ရခြင်းသည် အကျိုးမပြီးသော်လည်း သူယုတ်မာတို့ထံမှ လိုရာအကျိုးကိုရသည်ထက် မြတ်ပါသေးသည်။

၇

ဪ–မိုးတိမ်, သင်သည် အပူသည်တို့၏ ကိုးကွယ်ရာဖြစ်ပါသည်၊ နေပူနှိပ်စက်ခံရသူတို့အား မိုးရေကိုပေး၍၎င်း၊ တရပ်–တကျေး ရောက်နေသော ချစ်သူအား သူ့နေရာသို့ ပြန်စေခြင်းဖြင့်၎င်း၊ ကူညီနေပါသည်။ ငါ့မှာ နတ်မင်းကြီး အမျက်ထွက်ခြင်းကြောင့် ချစ်သူနှင့်ခွဲနေရပါ၍ ငါ၏သတင်းစကားကို ချစ်သူထံပါးသို့ ဆောင်ယူသွားစေလိုပါသည်။

http://nyisay.com



ငါ၏ချစ်သူသည် 'ယက္ခမင်း' တို့၏နေရာ 'အလကာ-ပူရီ' မြို့တော်မှာနေပါသည်။ ထိုမြို့သည်မြို့ပြင်ဥယျာဉ်တွင် စံနေတော်မူသော 'သိဝ' နတ်မင်း၏ဦးထိပ်မှ လ,တံဆိပ်ရောင်ဖြင့် ထွန်းပြောင်နေပါသည်။

၈

အို-မိုးတိမ်, အရပ်တပါးသို့သွားနေသောချစ်သူ ပြန်လာနိုးနှင့် မျှော်ကိုးနေကြသော အမျိုးသမီးများသည် ကောင်းကင်တွင် သင်တက်လာသောအခါ ဆံပင်ဖါးလျားကို ကိုင်လျက် သင့်ကိုကြည့်နေကြပါလိမ့်မည်။ သင် အုံ့ဆိုင်း–ညိုမှိုင်းလာသောအခါ သူတပါးနှင့် ဆက်စပ်ပြီး မလွတ်လပ်သော ငါကဲ့သို့သောသူမှတပါး အခြားဘယ်သူသည် ကွဲကွာနေသော မိမိချစ်သူကို လျစ်လျူနိုင်ပါမည်နည်း....။

၉

အို-မိုးတိမ်၊ယခုအခါ သင့်အတွက် တိတ်နိမိတ်ကောင်းလှပါသည်။ လေပြေကလေးလည်း တညှင်းညှင်း သွေးနေပါသည်။ မာန်မာန တက်ကြွသော ပျံလွှားငှက်ကလေးလည်း သင်၏ လက်ဝဲဘက်က သာယာစွာ မြည်ကြွေးနေပါသည်။ ဥဗျိုင်းတို့လည်း ကိုယ်ဝန်ယူပွဲဆင်နွဲရန်အတွက် ကောင်းကင်တွင် အစဉ်မပျက် ဖွဲ့ယှက်ကြလျက် ကြည့်ရှု၍လှပသော သင့်အား အမှန်ပင် ချဉ်းကပ်မှီဝဲကြပါလိမ့်မည်။

စာနယ်ဇင်း

(၁၀)

အို-မိုးတိမ်၊ ပြန်လာမည့်ရက်ကိုသာလက်ချိုးရေတွက်ခြင်း မျှော်လင့်ချက်ဖြင့် အသက်ရှင်နေသော တဦးချစ်သူ နောင့်ချစ်သူကို အသွားမပျက်သော သင်သည် အမှန်ပင် တွေ့မြင်ရပါလိမ့်မည်။ အမျိုးသမီးတို့၏အချစ်ရည်ပြည့်ဝနေသော နှလုံးသားမှာ အကယ်၍ ချစ်သူနှင့် ကွေကွင်းပါက ပန်းပွင့်အလားကြွေကျသွားနိုင်ပါသည်၊ သို့ရာတွင် မျှော်လင့်ချက်အညွှာကလေးက ရက်တရက် မကြွေဘဲ တွဲ၍ နေကတ်ပါသည်။

(၁၁)

အို-မိုးတိမ်,သင်၏ ထစ်ချုန်းခြင်းမှာ လွန်စွာသာယာနာပျော်ဘွယ် ကောင်းလှပါသည်။ မဟာပထဝီမြေကြီးပင်လျှင် ရှင်လန်း၍ မှိုပန်းတွေ ပွင့်လာကြရပါသည်။ သင်၏ ချုန်းသံကို ကြားရသောအခါ ''ရွှေဟသာ'' တို့သည် ''မာနသ'' ရေကန်သို့ ပြန်ကြပါတော့မည်။ သူတို့သည်သူတို့၏ ရိက္ခာကြာစွယ်ကြာရင်းများကိုယူဆောင်ကြ၍ ''ကေလာသ'' တောင်သို့တိုင်အောင် သင်နှင့်အတူ လိုက်ကြပါလိမ့်မည်။

စာနယ်မြေ

http://nyisay.com



(၁၂)

အို-မိုးတိမ်,သင်သည် ယခုပင် သင်၏ချစ်မိတ်ဆွေ 'ရာမဂိရိ' တောင်ထွတ်ကို တွေ့ဖက်ပြီး နှုတ်ဆက် လိုက်ပါဘိ။ ဤတောင်သည် လွန်စွာ မြင့်ပါသည်။ တောင်ခပန်းတို့တွင် လောက၏ ပူဇော်ရာဖြစ်သော ရဃုပတိ (ရာမ)မင်း၏ ခြေတော်ရာအမှတ်တံဆိပ်တို့ ခပ်နှိပ်ထား၍ မြတ်လည်း မြတ်ပါသည်။ မိုးအခါ တိုင်း လာရောက်ပေါင်းသင်းလျက် ကြာမြင့်စွာခွဲခွါ နေပြီးမှ တဖန်ပေါ်လာပြန်၍ အပူဓါတ်ခိုး မျက်ရေ မျှိုးကို လွှတ်ကာ သင့်အား ချစ်ခင် လွမ်းကကြောင်း ဖေါ်ပြနေပါသည်။

(၁၃)

အို-ရေကိုပေးသူ, ရှေးဦးစွာငါပြောကြားမည့် ဖြစ်ပါသော သင်သွားရမည့် ခရီးစဉ်ကို နားဆင် ပါ။ ထိုနောက်မှ နားဖြင့် သောက်ရမည့် သတင်း စကားကို မှာကြားပါမည်။ သင်သည် ခရီးကြမ်းကို လျှမ်းရ၍ ပင်ပန်းခဲ့ပါလျှင် တောင်ထွတ်များပေါ် တွင် ခြေချနားနေလျက် ကျောက်စစ် စမ်းရေဖြင့် အားသစ်လောင်းကာ သွားရပါလိမ့်မည်။

http://nyisay.com



(၁၄)

အို-လောကိုဆောင်သူ, သင်သည် မုန်တိုင်းဖြင့် ဤတောင်ဘွတ်ကို တိုက်ခတ်လိုက်ပါလျှင် "ဘာများပါလိမ့်" ဟု လောကအကြောင်းကို ကောင်းစွာမသိကြသော 'သိဒ္ဓ' နတ်မယ်တို့ အံ့သြစွာ ကြည့်ရှုကြပါလိမ့်မည်။ သူတို့တတွေထိတ်လန့်စွာ ကြည့်ရှုခြင်းခံရသော သင်သည် စိမ်းစိုသော ဤနေရာမှ အရပ်မျက်နှာစောင့် ဆင်ကြီးများ၏ နှာမောင်းကြီးများကို ရှောင်ကွင်းကာမြောက်ဘက်သို့ ရှေးရှုခုန်တက်သွားပါလေ။

(သိဒ္ဓ-ဟူသည် သိဒ္ဓိပေါက်နေသော ဝိဇ္ဇာ၊ ဇော်ဂျီတို့ ပင်တည်း။ သူတို့သည် တောတောင် သေလာတို့တွင် အိမ်ထောင်သားမွေးပြီး လွတ်လပ်ပျော်ရွှင်စွာနေကြသည်။)

(၁၅)

အို-မိုးတိမ်, များစွာသော ကျောက်မျက်ရတနာတို့၏ အရည်အသွေးကို ပေါင်းစုထားသကဲ့သို့ သိကြားမင်း၏ ဂရုဇိမ်လက်နက်သဖွယ် ဆန်းကြယ်စွာရှုမြင်ရသော သက်ထင်ရေးသည် တောင်ပို့မှ ပေါ်ထွက်နေပါသည်။ ဤသိကြားလင်းလေး သက်ထင်ရေးနှင့် သင်၏ ညိုမှောင်သော ကိုယ်ရောင် ပေါင်းဆုံမိပါလျှင် နွားကျောင်းသားအသွင်ကိုယူသော 'ဗိသကာ' သည် ဒေါင်းတောင်ကို ဆောင်သကဲ့သို့ တင့်တယ်ခြင်းသို့ ရောက်ပါလိမ့်မည်။

စာနယ်မြေ

http://nyisay.com



(၁၆)

အို-မိုးတိမ်, လယ်အလုပ်မှာသင်နှင့် ဆက်စပ်နေပါသည်။ သို့ကြောင့် ကြည်လင်၍ မပြုံမပြင် ပင်ကိုယ်လှလျက်၊ ရိုးသား ဖြူဖြောင့် ကြသော လယ်သူမကလေး တို့သည် နှစ်လိုဘွယ်မျက်လုံးတို့ဖြင့်သင့်ကို သောက်သုံး ကြပါလိမ့်မည်။ ထိုအခါ သင်သည် ထွန်ရေးကြောင့် သင်းပျံ့နေသော 'မာလ' လယ်ကွင်းများတွင်မိုးရွာချပေးပြီး အလျင်အမြန် မြောက်ဘက်သို့ သွားပါလေလော၊

(၁၇)

အို-မိုးတိမ်'အမြကူဋ'တောင် မီးလောင်စဉ်အခါက သင်သည် မိုးရေဖျန်း၍ ငြိမ်းချမ်းပေးဘူးပါသည်။ သို့ကြောင့် ထိုကောင်သည် ခရီးပန်း၍ လာသောသင့်အား ဦးထိပ်ရွက် ပန်ဆင်မည် ဖြစ်ပါသည်။ အကြောင်းကား မိတ်ဆွေသင်္ဂဟ ရောက်လာခဲ့ပါလျှင် စဉ်းလဲသောသူပင် ရှေးကပြုဘူးသောကျေးဇူးကို ထောက်ထား၍ လျစ်လျူရှု၍မနေပါ။ မြင့်မြတ်ထင်ပေါ်လှပါသော ထိုတောင်တော်မှာဆိုဘွယ်ရာဘယ်မှာ ရှိမည်နည်း။

စာနယ်မြေ

http://nyisay.com



၁၈

အို–မိုးတိမ်, ပတ်ဝန်းကျင်တွင် မှည့်ရှန်းသော သစ်သီးတို့ဖြင့် ဝင်းပ၍တောသရက်တို့ ဖုံးလွှမ်းနေသော‘အမြကူဋ’ တောင်ထွတ်ပေါ်သို့ နှုးညံ့သော ဆံပင်အရောင် ညို့မှောင်တင့်တယ်သော သင်တက်လိုက်ပါလျှင် သူ၏ထိပ်သီး ညို့မည်း၍ ဝန်းကျင်ပတ်ချာမှာ ဝင်းဝါ တောက်ပ၍ နေမည်ဖြစ်ရာ ပထဝီမယ်၏ သားမြတ်အသွင်ဖြင့် ဒေဝ–ဒေဝီတို့ ကြည့်ရှုအံ့သြကြပါလိမ့်မည်။

၁၉

အို–မိုးတိမ်,‘အမြကူဋ’တောင်၏ ခြုံနွယ်အိမ်တို့တွင် မုဆိုး၏မယားများနေကြပါသည်။ ထိုနေရာတွင် ခေတ္တနားနေပြီး မိုးရွာလိုက်ပါ။ သို့ကြောင့် ရှေ့ကို လျင်မြန်စွာ သွားနိုင်ပြီးနောက် သင်သည် ‘ဗိန္ဓျ’ တောင်ခြေ၌ ကျောက်တုံး- ကျောက်ခဲ များကို ဖေါက်ခွဲကာ ဖြန့်ခင်း၍စီးဆင်းနေသော ‘နမ္မဒါ’- မြစ်ကို တွေ့မြင်ရပါလိမ့်မည်။ ထိုမြစ်မှာ အစင်း အကျား အရေးအသားတို့ ဆင်ယင်ထားသော ဆင်ပြောင်ကြီးသဖွယ် တင့်တယ်လှပါသည်။

http://nyisay.com



(၂၀)

အို-မိုးတိမ်, မိုးရွာပြီးနောက် သင်သည် သပြေခြံ့တို့ဖြင့် အဟုန်ကို တားဆီးထားသော တောဆင်တို့၏အမှုန်ဖြင့် သင်းသုံနေသော 'နမ္မဒါ'မြစ်ရေကို သောက်ရပါမည်။ရေဖြင့် ပြည့်နေသောအခါ သင့်ကို လေက တိုက်လွှင့်နိုင်တော့မည် မဟုတ်ပါ၊ အနှစ်မရှိလျှင်လှုပ်ရှား၍ အနှစ်ပြည့်လျှင် တည်ငြိမ်သည်ဟု ပြောကြပါသည်။

၂၁

အို-မိုးတိမ် 'သာရင်္ဂ' အမည်ရှိသော သားငှက်တို့သည် ထက်ဝက်ပွင့်၍ စိမ်း-ရွှေရောင် သန်းနေသော ကဒမ္ဗ (မအူ) ပန်းများကို ကြည့်ရှုကြရ၍၎င်း ရေနီးကမ်းစပ်အရပ်တို့၌ ပထမ ဖူးသောကန္ဒလီ (ရေနီ)ပန်းကိုစားကြရ၍၎င်း၊ထို့ပြင် တောမြိုင်တွင် အလွန်သင်းပျံ့သော မြေသင်းနံ့ကို ရှူရှိုက်ရ၍၎င်း- မိုးရေသွန်ဖျမ်းသော သင့်အား လမ်းပြကြပါလိမ့်မည်။

စာနယ်ဇင်း

http://nyisay.com



၂၂

မိုးရေပေါက်ကို သောက်မှ ကျွမ်းကျင်လှသော 'မိုးဆွေငှက်'တို့ကို အထူးအဆန်းလုပ်၍ ကြည့်ရှုနေကြစဉ် အစဉ်အတန်းပြု၍ပျံသန်းလာသော ဥမျိုးတို့ကို ကိုယ်ချစ်သူအား လက်ညွှန်ကာ ရေတွက်၍ပြနေကြသော 'သိဒ္ဓ'နတ်တို့သည် သင်ကအမှတ်မဲ့ ထစ်ချုန်းလိုက်သောအခါ သူတို့ချစ်သူ၏ ထိတ်လန့်ကာ ပွေ့ဖက်ခြင်းကိုခံကြရ၍ သင့်ကို များစွာပင် ကျေးဇူးတင်ကြပါလိမ့်မည်။

(ဤကဗျာ အချို့စာပူတွင်ပပါချေ။)

၂၃

အို-မိုးတိမ်, ငါ၏ချစ်ဇနီးထံသို့ သတင်းပေးရန် အလျင်-အမြန် သွားစေလိုသော်လည်း သင်သည် 'လက်ကုတ်ပန်း' ရနံ့တို့ဖြင့် သင်းပျံ့နေသော တောင်တို့မှာ ကြာမြင့် နေလိမ့်မည်ဟု ငါထင်ပါသည်။မျက်လုံးတွင် မျက်ရေပြည့်နေသော 'ဥဒေါင်းငှက်'တို့ကလောကွတ်ပိုကာ ကြိုဆိုကြပါသော်လည်း အမြန်သွားရန် ကြိုးစားသင့်ပါသည်၊

ဝေနယ်ဓမ္မ

http://nyisay.com



၂၄

အိုမိုးတိမ်,သင်သည် 'ဒသဏ္ဏ' အရပ် ဒေသ၏ အနီးအပါးသို့ရောက်သွားပါလျှင်ထိုအရပ်က တောအုပ်တို့မှာ ဆူးရှိ၍ အဖူးဖူးများဝယ်အတန်ငယ်အက်နေသော ဆပ်သွားဖူးရောင်တို့ဖြင့် ဖြူပြော့ပြော့ဖြစ်နေသည်ကို တွေ့မြင်ရပါလိမ့်မည်။ သစ်ပင်ကြီးများပေါ်တွင်လည်း ငှက်သိုက်တို့ဖြင့် ပြည့်နှက်နေပါသည်။သပြေသီးမှည့်ရောင်တို့ဖြင့် ညို့ရောင်သန်းနေသော တောအုပ်တို့တွင်လည်း 'ဟသ်ာများ ရက်အတန်ကြာ နားနေကြပါသည်။

၂၅

အို....မိုးတိမ် ထို 'ဒသဏ္ဏ'ဒေသ၏ ရာဇဌာနီမင်းနေပြည်ဟုထင်ရှားသော 'ဝိဒိသာ' မြို့တော်သို့ရောက်ပါလျှင် သင်သည်ချက်ခြင်းပင် ကာမဂုဏ်လိုက်စားသောသူများ၏ အလုံးစုံသော စည်းစိမ်ချမ်းသာမျိုး ခံစားရပါလိမ့်မည်၊ ယိုတွင် လှပချိုမြ၍လှိုင်းရွှေနေသော 'ဝေတြဝတီ'မြစ်၏ ကမ်းစပ်မှထစ်ချုန်းကာ မျက်မှောင်ကြုတ်၍ တွန့်ဆုတ်နေသော လှကလျာ၏ နှုတ်ခမ်းကို စုတ်သကဲ့သို့ သင်သည် ထိုမြစ်ရေကို သောက်ရပါလိမ့်မည်။

စာနယ်မြေ

http://nyisay.com



## ၂၆

အို–မိုးတိမ် သင်သည် ထို'ဝိဒိသာ' မြို့၊ 'နီစဂိရိ' တောင်ပေါ်မှာ အပန်းဖြေနား နေရပါလိမ့်မည်။ ထိုတောင်ရံမှာ 'ကဒမ္ဗ (မအူ) ပန်းတို့သည် သင်နှင့် ပေါင်းဖော်ရသဖြင့် ကြက်သီးထသကဲ့သို့ ပွင့်နေကြပါသည်။ ဂူလိုဏ်တို့မှာ ပြည့်တန်ဆာတို့၏ သင်းပျံ့သော ရနံ့ဖြင့် ကြိုင်လှိုင် နေလျက် မြို့ကြီးသားတို့၏ တက်ကြွသော လူငယ်တို့၏သဘာဝကို ဖော်ပြနေပါသည်။

## ၂၇

အို–မိုးတိမ်, သင်သည် ထိုနေရာတွင် အပန်းဖြေပြီးပါက တောတလျောက် မြစ်ကမ်းခြေဥယျာဉ်များတွင် ပေါက်နေကြပါသော 'ဇွန်'(စပယ်–မြတ်လေး) ပန်းမြိုင်ကို ရေအသစ်ဖြင့် သွန်းလောင်း ပေးပါဘိ။ ထိုနောက်ပန်းခူးနေကြသော လုံမကလေးများမှာ ပါးပြင်တွင်စီးကျသော ချွေးသီးချွေးပေါက်ကို သုတ်ရသဖြင့် သူတို့၏နားတွင် ပန်ဆင်ထားသော ကြာညိုပန်းများ ညှိုးနွမ်း နေကြပါသည်။ သူတို့၏ မျက်နှာတွင် အရိပ်ကာပေးကာ မိတ်ဆက်ပြီးမှ သွားသင့်ပါသည်။

စာနယ်မြေ

http://nyisay.com



## ၂၈

အို-မိုးတိမ် 'အလကာ ပုရီ'ရှိရာ မြောက်ဘက်သို့ သွားနေသော သင့်အတွက် ခရီးထောင့်သော်လည်း 'ဥဇ္ဇေနီ'မြို့၏ ဘုံဗိမာန်များကိုမျက်နှာမလွှဲသင့်ပါ။ ထိုမြို့တွင် လျှပ်စစ်ပြက်သန်းခြင်းကြောင့်.... ကြောက်ရွံ့ကြသော လှကလျာတို့၏ လှုပ်ရှားသော မျက်လုံးကြီးများဖြင့် မျက်စောင်း ထိုးကြခြင်းကို အကယ်၍ မတွေ့ရပါက သင်မွေး ဘွားရ ခြင်းမှာ အချည်းနှီးဖြစ်လိမ့်မည်။

## ၂၉

အို....မိုးတိမ် 'ဥဇ္ဇေနီ' သို့ သွားသောလမ်းတွင် 'နိဗ္ဗိန္ဓျာ' အမည်ရှိသော မြစ်ကညာရှိပါသည်။ ထိုမြစ်မှာ လှိုင်းတံပိုးတို့ မငြိမ်-မသက် လှုပ်လက်သော အသံစာစာဖြင့် 'ဟသ်ာခါးကြိုး' ပမာရှိပါသည်။ ကျောက်ဆောင်များအကြားတွင် စီးဆင်းနေ၍ လဲတော့မလို ကပို-ကယိုဖြင့် ရမ္မက်တက်ကြွဘွယ်ရာ 'ဝဲကတော့ ချက်မ'ကို ဖေါ်ပြလျက်ရှိပါသည်။ သင်သည် သူ၏အတွင်း 'ရသ'ကို ခံစားရပါလိမ့်မည်။ အမျိုးသမီးများ ချစ်သူ အပေါ်မှာ မူယာ-မာယာ လုပ်ခြင်းမှာအလိုရှိတိုင်းပြုရန်ရှေးဦးစွာ ဖန်တီးသောတောင်းပန်ခြင်းပင်ဖြစ်ပါသည်။

http://nyisay.com



၃၀

အို–မိုးတိမ်, သင်နှင့် ကွေကွင်းနေရခြင်းကြောင့် ထို'နိဗ္ဗန္ဓ၂၁'မြစ်ကညာမှာ အပူသည်မ၏ ဆံထုံးကဲ့သို့ဖြစ်လျက် ကမ်းပါးတွင် ကြွေကျနေသော သစ်ရွက်ချောက်တို့ဖြင့် ဖြူရော်ရော် ဖြစ်နေပါသည်။ သို့ကြောင့် အိုကံကောင်းသော အဆွေ၊ ထိုမျှနေ့ရက်တွေ့ တိုင်အောင် သင်နှင့် တွဲကွာ နေ့ရပြီး သင့်အား မယားချစ်လင် ဘုန်းကံရှင် အဖြစ်ကို ဖေါ်ပြနေပါသော သူ၏နွမ်းနယ်နေခြင်းကိုဖယ်ရှင်းရန် သင်သာ နည်းလမ်းသိပါသည်။

၃၁

အို–မိုးတိမ်, 'ဝဿရာဇ'မင်းသား'ဝါသဝဒတ္တာ' မင်းသမီးကို ဆောင်ယူသော 'ဥဒယန' ပုံပြင်ကို ကောင်းစွာသိသော သက်ကြီး ရွယ်အိုတို့နေရာ 'အဝန္တိ'သို့သွားပြီးနောက်အထက်ကပြောကြားခဲ့သည့်အတိုင်း လွန်စွာစည်ပင်သာယာသော'ဥဇ္ဇေနီ' ပြည်သို့သွားပါလေ။ ထိုမြို့မှာ နတ်စည်းစိမ်ခံစားပြီးသော သူတို့ ကြွင်းကျန်သော ကုသိုလ်ကံဖြင့် လူ့ပြည်တွင် လာ၍နေကြခြင်းကြောင့် နတ်ပြည်၏ တစိတ်တဒေသနှင့် တူလှပါသည်။

စာနယ်မြေ

http://nyisay.com



၃၂

အို-မိုးတိမ် 'ဥဇ္ဇေနီ'မြို့တွင် နံနက်အခါ 'ကြိုး ကြာ'ငှက်တို့၏ ယစ်မူးတွန်ကျူးသံတို့ကို ရှည်လျား အောင် ပြုတတ်၍ ကြာပန်းနံ့တို့ဖြင့် သင်းပျံ့မွှေး ကြိုင်နေသဖြင့် အတွေ့ကောင်းသော 'ရှိပြာ'မြစ်မှ လေပြေသည်။ချစ်ဖွယ်စကား ပြောကြားတတ်သော ချစ်သူကဲ့သို့ ကာမဂုဏ်လိုက်စားခြင်းကြောင့်ပင်ပန်း ခြင်းကို ပျောက်ကင်းစေနိုင်ပါသည်။

၃၃

အို မိုးတိမ် 'ဥဇ္ဇေနီ'မြို့ ပြတင်းပေါက်များမှ လျှံထွက်လာသောပျိုကညာတို့၏ ဆံသအခိုးတို့ဖြင့် ပြည့်ဖြိုးလျက် အဆွေရင်းဖြစ်၍ ချစ်ခင်ခြင်းကြောင့် ဥဒေါင်းတို့၏ ကပြကြခြင်း လက်ဆောင်ကို ရသော သင်သည် လှကလျာတို့၏ ခြေဆိုးဆေးရောင်ကဲ့သို့ နီမြန်းသော အရောင်တို့ဖြင့် တောက်ပလျက် ပန်းရနံ့တို့ သင်းပျံ့ကြိုင်လှိုင်နေသော ဘုံဆောင်တိုက် ခန်းတို့၏ တင့်တယ်ခြင်းတို့ကို ကြည့်ရှုယင်း အပန်း ဖြေပါလေ။

http://nyisay.com



၃၄

အို—မိုးတိမ် သင်၏အရောင်မှာ 'မဟာဒေဝ' နတ်မင်း၏ လည်ပင်းရောင်နှင့်တူပါသည်။သို့ကြောင့် မဟာဒေဝ ဂိုဏ်းသားများ၏ လေးစားစွာကြည့်ရှုခြင်းကို ခံရသော သင်သည် လောကသုံးပါး၏ ပူဇော်ရာ 'စဏ္ဍီ'၏ အရှင်စံရာဖြစ်သော 'မဟာကာလ' နတ်နန်းသို့သွားပါလော။ ထိုနတ်နန်း၏ ဥယျာဉ်ပန်းခြံမှာ ကြာပန်းနံ့သင်းပျံ့၍ ရေကစားသော လုံမများ၏ စန္ဒာကူးနံ့သာတို့ ကြိုင်လှိုင်နေသော 'ဂန္ဓဝတီ'မြစ်နဒီ၏ လေပြေဖြင့် လှုပ်ရှားယိမ်းနွဲ့နေပါသည်။

၃၅

အို-မိုးတိမ် အကယ်၍သင်သည် 'မဟာကာလ' နတ်နန်းသို့ ဆည်းဆာချိန်မတိုင်မီ အခြားအချိန်တွင် ကြိုတင်ရောက်နေပါလျှင် နေဝင်သည့်တိုင်အောင် ခေတ္တစောင့်ဆိုင်း နေသင့်ပါသည်။ ညနေဆည်းဆာ ပူဇော်ပွဲစသောအခါတွင် စည်သံတနွှံနွှံထစ်ချုန်းလိုက်ပါက သင်၏ချုန်းရခြင်းမှာ အချည်းနှီးမဖြစ်နိုင်ပါ။

http://nyisay.com



၃၆

အို…. မိုးတိမ် ထို'မဟာကာလ' နတ်နန်းတွင် ဆည်းဈာအခါ နတ်ဝင်သည်တို့သည် အသံမြည်သော ခါးကြိုးတန်ဆာကို ဆင်လျက် ခြေကြွကာ က,နေကြရသည်။ လက်မှာလည်း ရတနာအရိုးတပ်သော သားမြီးယပ်ကို မပြတ်ခတ်နေရ၍ ညောင်းညာနေကြသည်၊ သူတို့သည် သင်၏ထံမှ မိုးပေါက်ကိုရသောအခါ သူတို့၏ လက်နာသက်သာကြသဖြင့် သင့်အား ပျားပိတုန်းအစဉ်ကဲ့သို့ ရှည်လျားစွာ မျက်စောင်းထိုးကြပါလိမ့်မည်။

၃၇

အို-မိုးတိမ် ဤသို့လျှင် ညနေပူဇော်ပွဲပြုလုပ်ပြီးနောက် ကပွဲစသောအခါ 'ခေါင်ရမ်း' ပန်း အဖသွေးနီတွေးသော…. ဆည်းဈာရောင်ကို ဆောင်ကာ 'မဟာဒေဝ နတ်မင်း၏ လက်ရုံးကဲ့သို့သောသစ်တောကိုဖုံးအုပ်လိုက်ခြင်းဖြင့် အရှင်မကြီး ကြည့်ရှုမည်ဖြစ်သော နတ်မင်းကြီး၏ သွေးရဲရဲနှင့် ဆင်ရေကိုဝတ်ရုံကာ က,ပြလိုသော အလိုဆန္ဒကိုဖြည့်လိုက်ပါဟိ….။

သိဝဗြဟ္မာမင်းကြီးသည် မိမိ‌အောင်နိုင်လိုက်သည့်သွေးသံရဲရဲရှိသော ဆင်ရေကိုခြုံလျက် ပရပတ္တံ ဒေဝီ မိဖုရားကြီး၏ရှေ့၌ ကပြသော ပွဲကြီးကိုခံ၏။ ထိုပွဲကို အကြောင်းပြုလျက်—ဟိန္ဒူသင်းကြန်တို့၌ စွတ်ပိုသောသွေးနှင့်တူသည့် ပန်းဆီတို့ဖြင့်သွန်းလောင်းကြသည်။

http://nyisay.com



၃၈

အို-မိုးတိမ်'ဥဇ္ဇေနီ' ပြည်တွင် မှောင်မိုက်သော ညအခါ လမ်းပေါ်မှာ ချစ်သူထံသို့ သွားကြသော လှကညာတို့အား သင်၏လျှပ်စစ်ဖြင့် မှတ်ကျောက်ပေါ်ရွှေကို ပွတ်ဟိုက်လိုက်သကဲ့သို့ ပြက်သန်းကာ လမ်းပြလိုက်ပါဘိ။ သို့ရာတွင် ယစ်ချုန်းပြီး မိုးရွာသွန်းခြင်းမပြုပါလင့်၊ သူတို့သည် လွန်စွာကြောက်လန့်တတ်ကြပါသည်။

၃၉

အို-မိုးတိမ် သင်၏လျှပ်စစ်မယ်သည် အချိန်ကာလ ကြာမြင့်စွာ ပြက်သန်းရသောကြောင့် မောပန်းနေပါလိမ့်မည်။ သို့ကြောင့် အိမ်တအိမ်၏ ခိုငှက်များ အိပ်စက်ရာ ဟင်္သာပြင်၌ ညအခါကို ကုန်လွန်သင့်ပါ၏။ တဖန် နေထွက်သောအခါ ကျန်ခရီးကိုဆက်သင့်ပါသည်။ လူကြီးလူကောင်းတို့သည် မိတ်ဆွေတို့၏တာဝန်ကို ဝန်ခံ လိုက်ပါက နှေးဖင့်၍မနေကြပါ။

http://nyisay.com



၄၀

အို-မိုးဟိမ် မနက်စောစောအခါ အမြောင်လိုက်စားသော အိမ့်ရှင်ယောကျ်ားတို့သည် အချစ်အတွက် ဒေါသထွက်နေသော ချစ်ဇနီး၏မျက်ရေစကို သုတ်ပေးကြပါလိမ့်မည်။ သို့ကြောင့်သင်သည် နေ့မင်းလာရာလမ်းကို ယိုအခါမှာ ဖယ်ရှားပေးသင့်ပါသည်၊ နေမင်းကိုယ်တိုင်လည်းဇနီးမယ် ကြာပွင့်မျက်နှာမှ ဆီးနှင်းမျက်ရေကို သုတ်ပေးရဦးမည် ဖြစ်ပါ၍ သူ၏ ရောင်ခြည်လက်ကို နှောင့်ရှက်ပါလျှင် သင့်မှာ အပြစ်မကင်းဖြစ်ပါလိမ့်မည်၊

၄၁

အို-မိုးဟိမ် အတွင်းစိတ်ကဲ့သို့ ဖြူဖွေးသော.... 'ဂမ္ဘီရာ' မြစ်နဒီ၏ ရေစင်တွင် သင်၏သဘာ၀လှပသော ကိုယ်အရိပ်ဖြင့် သက်ဝင် ပေါင်းဖော်ရပါလိမ့်မည်။ သို့ကြောင့် ကြာဖြူပန်းကဲ့သို့ ဖြူဖွေးသော ငွေငါးကလေးများ လျှင်မြန် ဖြတ်လတ်စွာ ခုန်ပွက်ခြင်းစသော မြစ်နဒီ၏ မဒို့တရို့ ကြည့်ခြင်းကိုသင်သည် ဟန်ဆောင်ကာ အကျိုးမဲ့ မပြုလုပ်ထိုက်ချေ။

စာနယ်ဇင်းမြေ

၄၂

အို-မိုးတိမ်, စိမ်းညို့သော အဆင်းရှိသည့် 'ဂန္ဓာရ' မြစ်ကညာသည် ကမ်းစပ်တွင် ပေါက်သော ကြိမ်နွယ် လက်တို့ဖြင့် လှမ်းလင့်ပြီး ကမ်းပါး-တင်သားကို ဖော်ပြနေပါသည်။ ထိုမြစ်ကညာ၏ ရေအဝတ်(ထမီ)ကို ဖယ်ချွတ်ပြီး သူ့အပေါ် ဝဲနေသော သင်သည် ဘယ်နည်းနှင့်မျှ အရွေ့ကို ရှောင်နိုင်မည်မဟုတ်ပါ။ 'သိင်္ဂါရ-ရသ' အရသာကို ခံစားဖူးသော အဘယ်သူသည် တင်သားပေါ်နေသော လှယာမင်းကို ဘယ်သို့ ရှောင်ပယ်နိုင်မည်နည်း။

၄၃

အို-မိုးတိမ်, 'ဒေဝဂီရိ' တောင်သို့ သွားသော သင့်အား လေပြေကလေးလိုက်လှုင့်ပေးပါလိမ့်မည်။ ထိုလေပြေကလေးမှာ သင်မိုးရွာထားသောကြောင့် ထွက်ပေါ်သော မြေသင်းနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်လျက် ဆင်ပြောင်ကြီးတို့ နှာမောင်းဖြင့် မြတ်နိုးစွာ ရှူရှိုက်ပါသော တောသဖန်းသီးတို့ကို မှည့်ရွှန်းစေပါသည်။

စာနယ်မြေ

http://nyisay.com



၄၄

အိုမိုးတိမ်, သင်သည် ထို‘ဒေဝဂိရိ’ တောင်တွင် အမြဲနေသော ‘ခန္ဓ’ နတ်သား ယင့်ကိုယ်ကို ပန်းမိုး အသွင်ပြု၍ အာကာသဂင်္ဂါရေဖြင့် ပန်းမိုးရွာကာ ပူဇော်လိုက်ပါဘိ၊ ထို‘ခန္ဓ’ နတ်မှာ သိကြားမင်း၏ စစ်သည်တော်တို့ကို စောင့်ထိန်းရန် ယဇ်မီးအတွင်း၌ သိဝ နတ်မင်း သွန်းလောင်းပါသော နေမင်းထက် တန်ခိုးကြီးပါသေးသည်။

၄၅

အို-မိုးတိမ်,အရှင်မကြီး‘ပဗ္ဗတီ’သည်သားတော် ‘ခန္ဓ’ နတ်သားအား ချစ်မြတ်နိုးကော်မူလှ၍ ပဒုမာ ကြာပန်း ပန်မည့်အစား အရောင်အရေး အဝန်းရှိသော ဒေါင်းတောင်ကို ပန်ဆင်တော်မူ၏။ သိဝ ၏ နဖူးလရောင်ဖြင့် ဖြူဖွေးသော မျက်တောင်ရှိသည့် ခန္ဓ နတ်သား၏ စီးတော်ယာဉ်- ထို ဥဒေါင်းကို သင်သည် တောင်စောင်းအဆက်ဆက်၌ တင်ထပ်မျှ ထင်ချုန်းခြင်းတို့ဖြင့် က,ပါစေလော။

စာနယ်မြေ

၄၆

အို-ပိုးတိမ်, ကိုင်းတောကဲတွင် ဖွားမြင်သော 'ခန္ဓ' နက်သားအား ပူဇော်ရန် စောင်းပိုက်လာကြသော 'သိဒ္ဓ' နတ်စုံတွဲတို့သည် မိုးရေ စိုစွတ်မှာကြောက်ရွံ့ကြသောကြောင့်သင်၏လမ်းကို ဖယ်ရှားသွားကြပါလိမ့်မည်။ ထို့ကြောင့် သင်လည်း ခရီးဆက်၍ အတန်ငယ်သွားလျှင် 'သုရဘိ'၏ သမီးနွားမများကို ယဇ်ပူဇော်ခြင်းကြောင့် သွေးတို့သည် မြေအပြင်၌ ရေအသွင်ပြောင်းလဲ စီးဆင်းနေသော 'ရန္တိဒေဝ'မင်း၏ 'စမ္မဏွတီ'မြစ်ကို တွေ့ရပါလိမ့်မည်။ ထိုမြစ်ပေါ်တွင် ပျော်ရွှင်စွာ တွဲရရှုံ့ဆွဲ၍ နေပါဘိ။

၄၇

အို-ပိုးကိမ်, 'ကရိဂျဏ' မြက်စွာဘုရားနှင့် အရောင်အဆင်းချင်း တူလှပါသောသင်သည် ရေသောက်ရန်အတွက် အောက်သို့သက်လိုက်ပါလျှင် ထိုစမ္မဏွတီ မြစ်မှာ ကြယ်ပြန့်ပါသော်လည်း ဝေးသည့်အတွက် သေးသေး သွယ်သွယ် တွေ့မြင်ရမည်ဖြစ်သောကြောင့် ကောင်းကင်က သွားလာကြသော နတ်အများသည် သင်၏တင့်တယ်ခြင်းကို မြေကြီး၏ ပုလဲသွယ်တွင် 'ဣန္ဒနီလာ' ဆွဲထားသကဲ့သို့ တွေ့မြင်ကြမည်။

<u>စာနယ်မြေ</u>

http://nyisay.com



၄၇

အို–မိုးတိမ်, ထို 'စမ္ပကာ၀တီ' မြစ်တဘက်သို့ ကူးလိုက်ပါလျှင် 'ရန္တ၀ိဒေ၀'မင်း၏ 'ဒသပုရ' ပြည်သို့ရောက်ပါမည်။ ထိုပြည်တွင် အဟူးပြုပြင်ထားသော မျက်ခုံးဖြင့် မျက်တောင်၀င့်လိုက်ပါလျှင် ၀င်းလဲ့ညိုမှောင်လျက် သင်းခွေပန်းတွင် ၀ဲပျံနေသော ပိတုန်းပမာ လှကလျာတို့ မျက်စိပျော်ပွဲခံ၍ အံ့ဩကြစေရန် သင်၏ ကိုယ်ကို ဖန်ဆင်းပြီးသွားပါလေ။

၄၉

အို–မိုးတိမ်, ထို့နောက် 'ဗြဟ္မာ၀တ္တ'မည်သော အရပ်ဒေသတွင် အရိပ်ဖြင့် သက်၀င်ပြီးလျှင် 'ကောရ၀'နှင့်' ပဏ္ဍ၀'တို့ စစ်တိုက်ကြသော 'ကုရုခေတ္တ' သို့ သွားရပါမည်။ ယင်းတွင် 'ဂဏ္ဍိ၀' လေးကြီးရှင် 'အဇ္ဇုန'သည် ကြာပန်းများပေါ်တွင် သင်–မိုးရွာချဘိသကဲ့သို့ မြှားဖြင့်ထောင်ပေါင်းများစွာသော မင်းတို့၏ ဦးခေါင်းကို ဖြတ်ခဲ့ပါသည်၊

http://nyisay.com



၅၀

အို-မိုးတိမ်, 'ကောရဝ'နှင့် 'ပဏ္ဍဝ'-တို့အား အညီ-အမျှ ချစ်ခင်ကြင်နာ၍ စစ်ပွဲကို မျက်နှာလွှဲနေသော ထွန်တုံးလက်နက်ရှင် 'ဗလ-ရာမ'-သည် အမြိုက်ရေစင်လည်းဖြစ်၍ ကြင်ယာတော် 'ရေဝတီ' သခင်မ၏ မျက်လုံးတဆိပ်ခပ်နှိပ်သော မေသအရက်ကိုစွန့်ခွါပြီး 'သရသွတီ' မြစ်ရေကိုသာ သုံးဆောင်ခဲ့ပါသည်၊ အို က'ကောင်းသောအဆွေ, ထို 'သရသွတီ'မြစ်ရေကို သင်သောက်ပါလျှင် အပြင် ဗဟိဒ္ဓမှာ ညိုမှောင်ပါသော်လည်း အတွင်းအတ္တမှာ ဖြူစင်နေပါလိမ့်မည်။

၅၁

အို-မိုးဟိမ်,'သရသွတီ'မြစ်ရေကြည်ကိုသောက်ပြီးနောက် သင်သည် ထို'ကုရုခေတ္တ'မှ ရှေ့သို့သွားပါလျှင် 'ကနခလ'ရေဆိပ်အနီး'ဟိမဝန္တာ'တောင်မှ စတင်စီးဆင်းရာဖြစ်၍ 'သာဂရ'မင်း၏သားများ နတ်ပြည်တက်ကြရာ စောင်းတန်းသဖွယ်ဖြစ်သော 'ဇဟ္နု' ၏ သမီးကညာ မြစ်'ဂင်္ဂါ'သို့ သွားပါလော။ 'ဂင်္ဂါ'သည် သူ၏ရေမြှုပ်ကို့ဖြင့်'ပဗ္ဗတီ' ၏ မျက်နှာဝယ် မျက်မှောင်ကုပ် (သဝန်ကြောင်) ခြင်းကို ပြက်ရယ်ပြုလျက် သူ၏လှိုင်းတံပိုးလက်တို့ဖြင့် လ, တံဆိပ်ခပ်နှိပ်ထားသောသိဝ ၏ ဆံကျစ်ကို ဆွဲကိုင်ထားပါသည်။

ဓာနုယ်မြေ

http://nyisay.com



၅၂

အို-မိုးတိမ်, အရပ် မျက်နှာစောင့် ဆင်ကြီး တကောင်သည် သူ၏ ကိုယ်တဝက်က အထက်၊ တဝက်က အောက်သို့သက်ကာ တွဲရရွဲဆွဲသကဲ့သို့ ထိုနည်းတူစွာ သင်လည်း မိမိ၏အရိပ်ကို တွဲရရွဲချ ပြီး ကျောက်သလင်းကဲ့သို့ ဖြူဆွတ်သော ဂင်္ဂါမြစ် ရေကိုသောက်ပါလျှင် 'ပြယာဂ'-မှတပါး အခြား တနေရာတွင်လည်း ဂင်္ဂါနှင့် ယမုနာ ပေါင်းဆုံရာ 'သင်္ဂမ'အသွင် တွေ့မြင်ရပါလိမ့်မည်။

(ဂင်္ဂါမြစ်ရေကဖြူသည်၊ ယမုနာမြစ်ရေကညိုသည်၊ ထိုမြစ်နှစ်သွယ်ပေါင်းဆုံ(သင်္ဂမ)ရာကို 'ပြယာဂ'ဟုခေါ်သည်။ ပါဠိတွင် ပယာဂဟုဆိုသည်၊ အညိုရောင်မိုးတိမ်က ဂင်္ဂါမြစ်ရေသောက်နေပါလျှင်ပြယာဂ တမျိုးဖြစ်မည်ဟုဆိုလိုခြင်းဖြစ်သည်။)

၅၃

အို-မိုးတိမ် ''ကဿူရီကောင်တို့၏ ချက်မွှေးရနံ့တို့ ဖြင့် သင်းပျံ့ကြိုင်လှိုင်၍နေသော ကျောက်တုံး ကျောက်ခဲ များလည်းရှိ၍ ဂင်္ဂါမြစ်၏ အမွန်အစ ဖြစ်သော 'ဟိမဝန္တာ' ဆီးနှင်းတောင်ထွတ်တွင် သင်အပန်းဖြေနားနေပါက 'မဟာဒေဝ' နတ်မင်း ကြီး၏ စီးတော်နွားလား (နန္ဒီ)၏ ဦးချိုမှာညိကပ် နေသော ရွှံ့ခဲအသွင်သင့်ကို တွေ့မြင်ရပါလိမ့်မည်။

http://nyisay.com



၂၄

အိုး-မိုးတိမ်၊ အကယ်၍ ထိုဟိမဝန္တာ တောင်ပေါ်တွင် လေတိုက်၍ ထင်းရှူးပင်များ အချင်းချင်း ပွတ်တိုက်ကြခြင်းကြောင့် တောမီးလောင်ပြီး၊ သူ၏ မီးပွားဖြင့် ယိုတောပီးသည့် 'စာမရီ' သားကောင်များ၏ အမြီး (စာမရီသားမွေး) ကို ကူးစက်ခဲ့ပါသော် သင်သည်မိမိ၏ ထောင်ပေါင်းများစွာသော ရေအလျှင်ဖြင့် သူ့ကို ငြိမ်းပေးလိုက်ပါ၊ သူမြတ်များ၏ ပြည့်စုံမှုသည် အားငယ်သူများ၏ဘေးရန်ကို ပယ်ရှားလေ့ရှိပါသည်။

၂၅

အိုး-မိုးတိမ်၊ ဟို 'ဟိမဝန္တာ' တောင်ပေါ်တွင် 'သရဘ' အမည်ရှိသော ခြေရှစ်ချောင်းရှိသည့် သားကောင်တို့သည် သင်၏ယစ်ချုန်းသံကို သည်းမခံနိုင်ဘဲ အမျက်ထွက်ကြလျက် အရှိန်ပြင်းစွာခုန်တက်ပြီး အချည်းနှီးချင်းတို့၏ ပျက်စီးမှုကို လုံးလပြုနေကြပါလိမ့်မည်။ ထိုအခါ သင်သည် သူတို့အပေါ်တွင် မိုးသီးရွာချလိုက်ပါ၊ အချည်းနှီး အကျိုးမဲ့ကို ပြုလုပ်သော ဘယ်သူသည် အပြစ်ဒဏ်ကို မခံရဘဲရှိမည်နည်း။

စာနယ်မြေ

http://nyisay.com



၅၆

အို-မိုးတိမ်, လိုဟိမဝန္တာ၏ ကျောက်တုံးကြီး တတုံးပေါ်တွင် ထင်ရှားစွာ သိဝ အရှင်၏ ခြေတော်ရာ အမှတ်တံဆိပ်ရှိပါသည်။ ယင်းခြေတော်ရာကို 'သိဒ္ဓ' နတ်များ အမြဲမပြတ် ပူဇော်ကြသည်။ သို့ကြောင့် သင်လည်း ယိုခြေတော်ရာကို ကိုးကွယ်ဆည်းကပ်သင့်ပါသည်၊ ထိုခြေတော်ရာကို ဖူးတွေ့ရသော ကုသိုလ်ရှင်တို့သည် နောက်ဘဝတွင် ထိပ်တန်း သိဝ ဂိုဏ်းသားအဖြစ်ကို ရကြပါသည်။

၅၇

အို-မိုးတိမ်, လိုဟိမဝန္တာတောင်ပေါ်မှာ 'ကီစက' အမျိုးအစားဝါးတွင် လေပြည့်၍ ချိုသာစွာ အသံမြည်နေပါသည်။ ယင်းတွင် ကိန္နရာကိန္နရီ့တို့ တွဲဘက်ကာ (အသုရာတို့၏ မြို့ကြီးသုံးမြို့အား သိဝ သိမ်းယူလိုက်ကြောင်းကို ဘွဲ့ဆိုသော) 'တြိပုရဝိဇယ'-သီချင်းကို သီဆိုနေကြပါသည်။ အကယ်၍ သင်သည် ဟိုနေရာတွင် ချောက်ကြား ရှိုမြောင်ဂူလိုဏ်ချောင်တို့ကို ပဲ့တင်ယပ်မျှ ထစ်ချုန်းလိုက်ပါလျှင် သင်၏ချုန်းခြင်းမှာ မုရိုးစည်နှင့်တူ၍ သိဝ သခင်အား တူရိယာဖြင့် ပူဇော်သကဲ့သို့ ဖြစ်လိမ့်မည်။

စာနယ်ဇင်း

http://nyisay.com



၅၈

အို–မိုးတိမ် ကိုပိဖဝနန္ဒာတောင်၏ ကန်းကာရော့ခံတွင်ရှိသော ရှုခင်းသာယာတောတို့ကို ကြည့်ရှုပြီးနောက် ဟင်္သာငှက်တို့ 'မာနသာ'ရေကန်သို့သွားရာ ပေါက်ပါးလည်းဖြစ်၍ 'ပရသု-ရာမ' (ပုဏ္ဏားရာမ) ၏ထင်ရှားကျော်ကြားမှုလည်းဖြစ်သော 'ကြောဉ္စ'တောင်ခေါင်းသို့ယွန်းလွန့်ဝင်၍ မြောက်ဘက်သို့ သွားပါ။ ထိုအခါသင်သည် ထိုတောင် ခေါင်းတွင် 'ဗလိ'မင်းအား နှိမ်နင်းသော 'ဗိသဏု' မြတ်စွာဘုရား၏ ညိုပြောင်သော ခြေတော်နှင့် တူလှပါလိမ့်မည်။

၅၉

အို–မိုးတိမ် 'ကြောဉ္စ'တောင်ခေါင်းမှ ထွက်ပြီးလျှင် သင်သည် 'ရာဝဏ' (ဒသာဂီရိ ဘီလူး)၏ လက်ရုံးအားဖြင့် လှုပ်ချောက်ခြားသောကြောင့် တသားတည်းပကပ်သော တောင်တန်းရှိ၍ နတ်သညာတို့၏မှန်သဖွယ်ဖြစ်သော 'ကေလာသ'တောင်၏ ဧည့်သည်တော် ဖြစ်ပါဘိ။ ကေလာသတောင်၏ ကြာဖြူ ပန်းအတူ ဖွေးဖြူသော တောင်ထွတ်တို့မှာ ကောင်းကင်တွင်ပြန့်နှံ့နေ၍ 'သိဝ'အရှင်ကိုယ်ကို လှုပ်ရမ်းကာ ရယ်မောနေသည်ကို ထင်ရပါသည်။

စာနယ်မြေ

http://nyisay.com



၆၀

အို-မိုးတိမ် သင်ကား ကျိုက်ချေအပ်သော မျက်စင်းကဲ့သို့ ညိုမှောင်ပါသည်။ 'ကေလာသ'တောင်ကား ဖြတ်ကာစဆင်စွယ်အသွေးကဲ့သို့ ဖြူဖွေးပါသည်၊ သင်သည် ထိုတောင်ပေါ်သို့ တက်လိုက်ပါလျှင် 'ဗလ-ရာမ' ကိုယ်တော်ကြီး ပခုံးပေါ်တွင် အဝတ်ညိုကို ခြုံထားသကဲ့သို့ တွေ့မြင်ရပါမည်။

၆၁

အို-မိုးတိမ် နတ်ဒေဝါအများ ကြူးတူးပျော်ပါး ကစားရာဖြစ်သော ထို'ကေလာသ' တောင်ပေါ်တွင် 'ပဗ္ဗတီ'သခင်မသည် မြွေလက်ကောက်ကိုချွတ်ထားသော 'သိဝ'အရှင်၏လက်ကိုဆွဲပြီး ဆင်းကာတက်ကာလုပ်နေပါသော် သင်သည် သူတို့ကိုကျော်သွားပြီး မိမိကိုယ်ကို မိုးလှေကားအသွင် ဖန်စီရင်၍ ပေးလိုက်ပါဘိ။

စာနယ်မြေ

http://nyisay.com



၆၂

အို-မိုးတိမ် ထိုပျော်မွေ့စရာကောင်းလှပါသော 'ကေလာသ' တောင်ပေါ်တွင် လှပ ရွှန်းစိုသော ကညာပျိုတို့ ပျော်မြူးနေကြပါသည်။ သို့ကြောင့်.... သူတို့၏လက်ကောက်ဖြင့် ပွတ်တိုက်မိ၍ သင်၏မိုးရေများ ယိုကျပါလိမ့်မည်၊ အိုအဆွေ အကယ်၍ နေပူကြောင့် ချစ်လှသဖြင့် သူတို့၏ နောက်ရက်မှုမှ မလွတ်နိုင်ဘဲဖြစ်နေပါလျှင် သင်သည် သူတို့အား.... ကစ်ချုန်းကာ ခြောက်လှန့်လိုက်ပါလော့။

၆၃

အို-မိုးတိမ် ရွှေကြာပန်းတို့ ပွင့်လန်းနေသော 'မာနသ' ကန်ရေကို သောက်ပြီးလျှင် 'ဧရာဝတ' အမည်ရှိသော သိကြားမင်းဆင်၏ မျက်နှာဖုံးဇာကဲ့သို့အော မိုးရွာချခြင်းဖြင့်၎င်း၊ ပဒေသာပင်၏ရွက်ညွန့်များကို လှုပ်ရှားစေသကဲ့သို့ လေပြေလေညှင်း တိုက်ခတ်ခြင်းဖြင့်၎င်း၊ အမျိုးမျိုး အထွေထွေပျော်ပါးလေ၍ ထိုတောင်တွင် ခေတ္တခဏ စခန်းချနေပါလေ။

စာနယ်မြေ

http://nyisay.com



## ၆၄

အို–မိုးတိမ် ချစ်လင်၏ရင်ခွင်၌ကိုယ်ဝတ်ကင်းကွာနေသော ချစ်ဇနီးကဲ့သို့ 'အလကာ-ပုရိ' လှဒေဗီသည် 'ကေလာသ'မောင်၏ ရင်ခွင်တွင် မြစ်ဂင်္ဂါအဝတ်တန်ဆာကိုချွတ်လျက်တည်ရှိပါသည်။ အို.... အလိုရှိတိုင်းသွားနိုင်သူ၊ ထို'အလကာပုရိ' ပြည်ကိုတွေ့မြင်လျှင် မသိနိုင်စရာမရှိပါ။ မြင့်မားသော ဘုံဆောင်များသည် သင်လာသော (မိုးဥတု) အခါလှကလျာတို့၏ ပုလဲမြိတ်ချသော ဆံထုံးနှင့်တူစွာမိုးရွာချသည့် သင်မိုးတိမ်အား ချီပင့်၍ထားပါလိမ့်မည်။

မေဃဒူတရှေ့ပိုင်း ၆၄–ပုဒ် စကားပြေပြီး၏။

http://nyisay.com



ဆရာဦးသော်ဇင် မြန်မာစကားပြေပြန်ဆိုသော–

# မေဃဒူတ–၂

http://nyisay.com

ဦးသော်ဇင်ရေး

# ဥတ္တရမေဃ
# မိုးတိမ်တမန်
# ဒုတိယပိုင်း

၂

အို-မုံတိမ်, 'အလကာ' မြို့တော်၌ရှိသော ပြာသာဒ်များ၊ ဆန်းကြယ်သော ပန်းချီကားများ သာယာသော မုရိုးစည်သံများ။ မြကျောက်အခင်းများနှင့် မြင့်မားသော ဘုံဆောင်တို့သည် သင့်တွင်ရှိသော လျှပ်စစ်လျှပ်နွယ် သိကြားလင်းလေး သက်ထင်ရေး၊ လေးနက်သောထစ်ချုန်းခြင်း, အတွင်းရေအလျဉ်နှင့် မြင့်မားခြင်းတို့ကို နှိုင်းယှဉ်နိုင်ပါသည်။

ဓာနုယံမြေ

http://nyisay.com



၂

ဒို-မိုးဟိပ်,အလကာမြို့တော်၌ လှကလျောက်တို့၏လက်မှာ ဟစားစရော 'ပန်းရွှေကြာ'ရှိပါသည်။ မျက်နှာမှာ 'ထောက်ရပ်'ပန်း ဝတ်မှုန်ဖြင့် ဖြူဖွေးသော ဟင်္ဂပယ်ငြိမ်းရှိပါသည်။ ဆံပြိုက်ကွင်းမှာ ပွင့်သစ်စ 'ထိမ်အူးပန်း'ရှိပါသည်။ နားမှာတင်လှပေသော 'ကုတ်ဟိုပန်း'ရှိပါသည်။ ဦးယိပ်ဆံရေးကြောင်းမှာ သင်ရောက်လာသော (မိုးဥတု) အခါမှာ ပွင့်သော မအူပန်းရှိပါသည်။

၃

ဒို-မိုးတိမ် အလကာမြို့တော်၏ သစ်ပင်ပန်းပင်တို့မှာ အစဉ်ထာဝရပွင့်နေကြပါသည်။ သို့ကြောင့် ပျားပိတုန်းတို့၏ ပုံးယံစံသံတို့ဖြင့် ဆူညံ နေပါသည်။ ရေကန်တို့မှာ ကြာပန်းများမပြတ်ပွင့်နေကြပါသည်။ သို့ကြောင့် ဟင်္သာတို့၏ အစဉ်အတန်း ကဲ့သို့သော ခါးကြိုးတန်ဆာ (ခါးပတ်) ရှိပါသည်။ အိမ်တွင် မွေးထားသော ဥဒေါင်းတို့၏ မြီးဆံဖြင့်တောက်ပနေပါသည်။ သို့ကြောင့် လည်ကို မ,ကာ တွန်ကြူးနေကြပါသည်။ ညအခါတွင် အမြဲ လတွက်နေပါသည်။ သို့ကြောင့် တောက်ပအေးမြ၍ မွေ့လျော်ဘွယ်ကောင်းလှပါသည်။

http://nyisay.com



၄

အို-မိုးတိမ် 'အလကာ'၌နေသော ယက္ခတို့၏ မျက်ရည်ထွက်ခြင်းမှာ ဝမ်းမြောက်ဝမ်းသာသည့်အကြောင်းကြောင့်ဖြစ်ပါသည်။အခြား သောဟ ဒုက္ခကြောင့်မျက်ရည်မထွက်ကြပါ။ ချစ်သူနှင့် မပေါင်းဘက် ရခြင်းကြောင့်ဖြစ်သော ကိလေသရမ္မက် အပူမှတပါး အခြားအပူမရှိပါ။ပျိုမြစ် နုနယ်ခြင်းမှတပါးအခြား အိုမင်းမစွမ်းဖြစ်ခြင်းလည်းမရှိပါ။

အချိန် သောစာမှတွင် ဤကမ္ဘာမပါချေ။

၅

အို-မိုးတိမ် အလကာပုရိမှာ ယက္ခတို့သည် ချစ်ဘက်သက်လျာတို့နှင့်အတူတကွ ကြယ်တာရာ…. အရိပ်ပန်းတို့ဖြင့် ဆင်ရင်အပ်သော ကျောက်ဖျာပေါ်တွင်ထိုင်ကြလျက် သင်၏ထစ်ချုန်းသံနှင့်တူစွာ စည်တီးသောအခါတွင် ပဒေသာပင်မှ အလိုလိုစီးကျလာသော ကာမအားပို (ရတိ-ဖလ) အရက်ချိုကိုသောက်ကြပါသည်။

စာနယ်မြေ

http://nyisay.com



၆

အို-မိုးတိမ် အလကာ မြို့တော်တွင် လှပသော ယက္ခကညာတို့သည် 'မန္ဒာကိနီ' မြစ်မှ လေပြေဖြင့် အေးမြနေသော 'မန္ဒာရ' နတ်သစ်ပင်တို့၏ အရိပ် ရွှေသဲသောင်တွင် ပတ္တမြားတို့ကို မြှုပ်ကျက် ဝှက်တမ်းဖေါ်တမ်း ကစားနေကြပါသည်။

၇

အို-မိုးတိမ် 'အလကာပုရီ' ကွင်လက်ဆော့ကတ်သော ချစ်လင်သည် ကာမဂုဏ် ရမ္မက်ဒေါတွက် ချစ်ဇနီး၏အဝတ်ကို ဆွဲချွတ်ပစ်လိုက်ပါသည်။ ထိုအခါ ရှက်တက်သော လှကလျာသည် နှုတ်ခမ်းနီဆေးရောင် တောက်ပနေသော မီးရောင်ကို နံ့သာမှုံ့ဖြင့်ပေါက်ကာ မှောင်စေပါသည်။ သို့ရာတွင်.... ဆီမီးမဟုတ် ကျောက်မီး (မဏိဒီပက) ဖြစ်နေ၍ အလင်းရောင်မပျောက်ပါ။

<u>စာနယ်မြေ</u>

http://nyisay.com



၈

အို-မိုးကိဂ် သင်နှင့်တူသော ကြားမိုးကိဂ်ကို သည် အမြဲမပြတ်လျှပ်နေသော 'အလဟာ' ပူရှိ၏ ဘုံခုနစ်ဆင့်ရှိသော ဗိမာန်များသို့ရောက်နေကြပါသည်။ သူတို့သည် ထို ဘုံဗိမာန်တို့တွင်ခြယ်ဆင်ထားသော ပန်းဒိုင်သားတို့ ခိုးရေမြင့်လှစ်နွမ်းစေခဲ့ပါသည်။ ထိုကြောင့်ဖြစ်ပူကို မြော်ကျွံကြသည့် အလား သူတို့ကိုယ်ကို မိုးမိုးသည်တွင် တောင်၌.... ပြတင်းပေါက် စာနေကာအကြား ပုန်းကွယ်ပြေးသွားနေကြပါသည်။

၉

အို-မိုးကိဂ် '[illegible]' ကင်းမဲ့နွမ်း ခြင်း လွတ်ကင်းသော ညဘက်၌ ပြုရွှေးသောလ ရောင်ကြောင့်ရေထွက်နေသော မျက်နှာကြက်ဇာမိတ် ဆွဲမှ 'စန္ဒကန်' ကျောက်တို့သည် ချစ်သူ၏လက် ရန်းလျှော့ပြေအပ်သော လယ်ဖက်ခြင်းရှိသောအမျိုး သမီးတို့၏ မွေ့လျော်ခြင်းကြောင့်ဖြစ်သော ကိုယ် လက်ရိနွမ်း ပင်ပန်းကြင်းကို ပျောက်ကျောက်စေနိုင်ပါ သည်။

စာနယ်ဇင်း

၁၀

အို-မိုးတိမ် 'အလကာပုရီ'ပြည်တွင် ကာမဂုဏ်လိုက်စားသူ အများအပြားပင်ရှိပါသည်။ သူတို့မှာ သုံးစွဲ၍မကုန်နိုင်သော ရတနာရွှေငွေ များလည်းရှိပါသည်။ နတ်သမီးကညာတည်းဟူသော ပျော်ပါးစရာ ပြည့်တန်ဆာလည်းရှိကြပါသည်။ သာယာနာပျော်ဘွယ်စရာလည်း ပြောကြားတတ်ကြပါသည်။ သူတို့သည် နေ့စဉ်နေ့တိုင်း ချိုသောလည်ချောင်းဖြင့် 'ကုဝေရ' နတ်မင်း၏ဘုန်းတော်ဘွဲ့ကို မြင့်သောအသံဖြင့်သီကျူးသော ကိန္နရာတို့နှင့်အတူ 'ဝေဘရဇ' အမည်ရှိသော မြို့ပြင်ဥယျာဉ်သို့ ပျော်ပါးရန်သွားကြပါသည်။

၁၁

အို-မိုးတိမ် 'အလကာပုရီ'ပြည်တွင် ကာမလိုက်စား မပျိုများ၏ ညဉ့်အခါ ချစ်သူ၏အိမ်သို့ သွားရာလမ်းကို လျင်မြန်စွာ သွားခြင်းကြောင့် နဖူးဆံစမှ ကျွတ်ကျသော 'မန္ဒာရ'ပန်းတို့ဖြင့်၎င်း၊ ရွက်ညွန့်များပြတ်လျက် နားမှပြုတ်ကျသော ရွှေကြာပန်းတို့ဖြင့်၎င်း၊ မြေပြင်မှာကျနေသော (ခေါင်းအုပ်)ပုလဲကွန်ယက်တို့ဖြင့်၎င်း၊ ရင်သားအရပ်၌ ကြိုးပြတ်နေသော ပုလဲသွယ်တို့ဖြင့်၎င်း၊ နေထွက်သောအခါ.... ထင်ရှားတွေ့မြင်ရပါလိမ့်မည်။

<u>စာနယ်မြေ</u>

http://nyisay.com



၁၂

အို-မိုးတိမ် 'အလကာပုရီ'ပြည်တွင် 'ကုဝေရ' နတ်မင်း၏ မိတ်ဆွေရင်း 'သိဝ'၏ ရုပ်ထုတော် ထင်ရှားရှိနေပါသည်။ သို့ကြောင့် ဟာမဖေပမေါ မြွားနတ်ရှင်သည် သိဝကိုကြောက်ရွံ့သောကြောင့် များပိတုန်းတို့၏ အစဉ်ရှိသောလေးကို များသော အားဖြင့်မဆောင်ဝံ့ပါ၊ သူ၏လုပ်ငန်းကို မြွားချက် စက်ကွင်း ဖလှတ်ကင်းသူတို့အပေါ်မှာ မျက်ခုံးနှင့် တကွ ပစ်လွှင့်အပ်သော မျက်လုံးရှိသော ကျွမ်းကျင် လိမ္မာ လှကလျာတို့၏ သွေးဆောင် ခြင်းကိုဖြင့်သာ လျှင် ပြီးမြောက်စေပါသည်။

၁၃

အို-မိုးတိမ် ထို 'အလကာပုရီ' ပြည်ကြီးတွင် 'ကပ္ပရုက္ခ'ခေါ် ပဒေသာပင်ကြီးတပင် ရှိပါသည်။ ထိုအပင်ကြီးမှာ အလုံးစုံသော ပစ္စည်းဥစ္စာ ရတနာ များကိုရနိုင်ပါသည်၊ အရောင်မျိုးစုံ အဝတ်အထည် များ၊ မျက်လုံးချာချာလည်ခြင်းကို သင်ပြသောအရက် ချိုများ ရွက်ညွန့်တို့နှင့်တကွသော ပန်းများ၊ ပုတီး လက်ကောက် စသော အဆင်တန်ဆာများ ပဒုမ္မာ ရုံ ခြေအစုံကိုခြယ်သခြင်းငှာ သင့်သော ဆိုးဆေး များ၊ ထို့မှတပါး အမျိုးသမီးတို့၏ ဆင်ယင်ဘွယ် များ အမြဲမပြတ်သီးပွင့်နေပါသည်။

http://nyisay.com



၁၄

အို-မိုးတိမ် ဤကဲ့သို့သော အလကာပုရီပြည်တွင် ကုဝေရ နတ်မင်းကြီး၏ နန်းတော် မြောက်ဘက် သက်ထင်ရေးနှင့်တူစွာ လှပသောတံခါးတိုင်စိုက်ထူ ထားသည့် ငါတို့၏အိမ်ဂေဟာကို အဝေးကပင် မြင်နိုင်ပါသည်။ ထိုအိမ်၏ဝင်းခြံနားမှာ ငါ၏ချစ်သူ သား, သမီး အမှတ်ဖြင့် လေးမြတ် ချစ်ခင်သော 'မန္ဒာရ' ပင်ကြီးကလေးရှိပါသည်။ ထိုအပင်မှပန်းပွင့် များကို လက်ဖြင့်လှမ်းဆွတ်၍ ခူးဆွတ်နိုင်ပါသည်။

၁၅

အို-မိုးတိမ် ငါတို့၏အိမ်ခြံမှာ ရေကန်တခုရှိပါ သည်၊ ရေကန်၏ အဆင်းအတက် လှေကားတို့ကို မြကျောက်ဖြင့် စီထားပါသည်၊ ကန်ထဲတွင်နူးညံ့ သော ရေမှာ ကျောက်မျက်အရိုးဖြင့် ရွှေအတိပြီး သော ကြာပန်းတို့ဖုံးလွှမ်းနေပါသည်။ ထိုတွင်နေကြ သော ဟင်္သာငှက်အပေါင်းသည် သင့်ကိုတွေ့မြင်ရ ပါသဖြင့် ရေနေခက်မည့်အတွက် မစိုးရိမ်မူ၍ အနီး အနားတွင်ရှိသော 'မာနသ'ရေကန်သို့ ပြန်ရန်သတိ ရကြတော့မည်မဟုတ်ပါ။

**ဓာနုယ်ဖြေ**

http://nyisay.com



၁၆

အို-မိုးတိမ် လိုဇရကန်၏ကမ်းပါးတွင် ရွှေငှက် ပျောပင်များ ဝန်းရံလျက် ရှုစဖွယ် တင့်တယ်လှပ သော 'ဇုန္ဒနီလာ' ကျောက်ညို့တို့ဖြင့် ပြုလုပ်ထား သည့် ကစားစရာ တောင်သေလာတခု ရှိပါသည်။ အို-အမွေ့ အစွန်းနှစ်ဘက်၌ တလက်လက်တခြောင် ပြောင် လျှင်စစ်ရောင်ရှိသော သင့်ကိုမြင်ရသောအ ခါ ငါ၏အိမ်ရှင်မယ် ချစ်ခင်နှစ်သက်စွာကြည့်ရှုလေ့ ရှိသော ထိုတောင်သေလာကို လွမ်းဆွတ်တမ်းတ သတိရမိပါသည်။

၁၇

အို- မိုးတိမ် ယိုကစားစရာ တောင်သေလာ၌ 'ကုရဗက' ခေါ် လိပ်ဆူးနီပင်တို့ ခြံရံအပ်သော မဏ္ဍပ်သဖွယ် စပယ်ခြုံအနီး၌ အဖူးအညွန့်လျှပ် ရှားသော နီတျာတျာ 'အသောက' ပင်နှင့် နှစ်သက် ဖွယ်ကောင်းသော 'ကေသရ' ခေါ် ခယားပင်ရှိပါ သည်။ ထိုနှစ်ပင်တို့တွင် အာသောကပင်မှာ သီးပွင့် စေမှု 'စတိ' ပြုရန်အတွက်ငါနှင့်တကွသင်သူငယ်ချင်း မ လက်ဝဲ ခြေထောက်ဖြင့် ကန်ကျောက် ခြင်းကို လိုလားနေပါ၏။ ခယားပင်မှာမူ သင့်သူငယ်ချင်းမ ၏နှုတ်ဖြင့်ငုံ၍ ထွေးမည့်အရက်ကို လိုလားနေပါ သည်။

စာနယ်မြေ

၁၀

အို-မိုးတိမ်, ထိုအာသောကပင်နှင့် ခယားပင် ကြားတွင် ငှက်မြတ်နား ရွှေတိုင်ရှိပါသည်။ ထိုတိုင်မှာ စိမ်းလဲ့လဲ့ မြကျောက်တို့ကို ဝရံတာ၊ ပွတ်တိုင်ကာယားသော ကျောက်သလင်း တိုင်ခုံ ရှိပါသည်။ ညနေအခါ ထိုရွှေတိုင်သို့ သင်၏ မိတ်ဆွေဖြစ်သော ဥဒေါင်းငှက်လာ၍ နားပါသည်။ ထိုအခါ ငါ၏ချစ်သူသည် ရွှေလက်ကောက်သံ သာယာသောလက်ဖြင့် လက်ခုပ်တီးခပေးခြင်းဖြင့် သူ့ကို က, စေပါသည်။

၁၉

အို-မိုးတိမ်, ငါ၏အိမ်တွင် ဤသို့ ဆိုအပ်ခဲ့ပြီးသော အမှတ်လက္ခဏာတို့အပြင် တံခါးပေါက်နှစ်ဘက်တွင် ရေးထားသည့် 'သင်္ခ'နှင့်'ပဒုမ'အမည်ရှိသော ဟူရိယာ ပန်းချီကားနှစ်ခုကိုလည်း တွေ့မြင်ရပါလိမ့်မည်။ အို-အမှတ် အသား ကောင်းသော အဆွေ, ငါ၏အိမ်ဝေဟာမှာ ငါနှင့်ကင်းကွာခြင်းကြောင့် ခြောက်သွေ့နေပါသည်။ နေဝင်သောအခါ ကြာပန်းသည် သူ၏တင့်တယ်ခြင်းကိုမဆောင်နိုင်သကဲ့သို့ ငါ၏အိမ်မှာလည်း ငါနှင့် ကင်းကွာသောကြောင့် ခြောက်သွေ့နေပါလိမ့်မည်။

စာနယ်ဖြေ

http://nyisay.com



၂၀

ဒို-မိုးဟ်မ်, ငါ့အားအလုပ်ကိစ္စကို အဆောတလျင် ဆောင်ရွက်ရန်အတွက် သင်သည် ဆင်ငယ်အသွင် ဆောင်၍ ဆိုအပ်ခဲ့ပြီးသော ပျော်ပါးစရာတောင်သေလာပေါ်မှနေ၍ ပိုးစုန်းကြူးသတ္တွယ် အတန်ငယ် ပြက်သန်းသော လျပ်စစ်ပန်းကညာ်းဟူသော သင်၏ မျက်စိဖြင့် ငါ၏အိမ်တွင်းသို့ ပစ်သွင်းကြည့်ရှုသင့်လှပါသည်။

၂၁

ဒို-မိုးတိမ်, တိုအိမ်ဝေဟာသွင် ငါ၏ ချစ်ဇနီး ရှိပါသည်။ သူသည်ဟား ဖေးမသေးသွယ်သွယ်ဖြစ်ပါသည်။ သည်ပြာခေါ် မိန်းမမြတ်တို့၏ အင်္ဂါနှင့်လည်း ပြည့်စုံပါသည်။ ညီညွတ်သော သွားတော်လေးများ ချွန်၍နေပါသည်။ မျက်လုံးတို့မှာ သမင်မ၏လှုပ်သော မျက်လုံးကဲ့သို့ ဖြစ်ပါသည်။ တင်သားဝန်း ကြောင့် ဝမ်းဗဲပယ ဖြည်းညှင်းစွာ သွားလေ့ရှိပါသည်။ နို့ကြီးသော သားမြတ်ကြောင့် ကိုယ်မှာ အနည်းငယ်ကိုင်းနေပါသည်။သူသည် မိန်းမပျိုများကို ဖန်ဆင်းရေး ပြဟ္မာမင်းကြီး၏ စံနမူနာပြယုဂ်ကဲ့သို့ ဖြစ်ပါသည်။

စာနယ်မြေ

http://nyisay.com



## ၂၂

အို-မိုးတိမ်, ငါ၏ချစ်သူသည် မိမိ၏ ချစ်သူနှင့် ကင်းကွာနေခြင်းကြောင့် စက္ကူဝါကို ငှက်ပကဲ့သို့ စကားပြောနည်း နေပါလိမ့်မည်၊ သူသည် ငါ၏ ဒုတိယမြောက် အသက်ဟု သင်သိသင့်ပါသည်။ အလွန် ပြင်းထန်သော လွမ်း ဆွတ် လှ ခြင်း ဖြင့် ကွေကွင်းမှု နေ့ရက်များစွာ ကုန်လွန်ခဲ့ရှာသော လှကလျာကလေးမှာ ဆီးနှင်းဖြင့် နှိပ်စက်ခြင်းခံရသော ကြာပန်းကဲ့သို့ တမျိုးတဖုံသော ရုပ်ပုံကို ဆောင်နေပါလိမ့်မည်။ ငါနှင့် အလား တူစွာ သူလည်းခြားနားသော အလွင်ရှိနေပါလိမ့်မည်။

## ၂၃

အို-မိုးတိမ်, ငါနှင့် ခွဲခွါနေရပါသောကြောင့် ကျယ်ဝန်းသော သူ၏မျက်လုံးတို့မှာ ဖူးဖူးယောင် ၍နေပါလိမ့်မည်၊ ပူလောင်သော သက်ပြင်းလေထိ ခိုက်ဖန် များသောကြောင့် နှုတ်ခမ်းရောင်သည်း ပြောင်း၍နေပါလိမ့်မည်။ စဉ်းစားနေသောကြောင့် လက်ဝါးပေါ်တင်ထားသော သူ၏မျက်နှာမှာ သူ၏ ဆံပင်များဖြန့်ကျ၍နေပါလိမ့်မည်။လဝန်းကို သင်မိုး တိမ်ဖုံးလွှမ်းထားသကဲ့သို့သော အနေမျိုးကို အမှန် ပင် တွေ့မြင်ရပါလိမ့်မည်။

စာနယ်ဇင်း

http://nyisay.com



၂၄

အို-မိုးတိမ်, ငါ၏ချစ်ဇနီးသည် ငါနှင့်အတူ ပြန်လည်ပေါင်းဆုံရန် နယ်များအား ပူဇော်ပသ၍ သော်လည်းနေမည်။ သို့မဟုတ် ကွေ့ကွင်း ရခြင်း ကြောင့် ကြိုလှ^ သောငါ၏အသွင်ကို မှန်းဆကာ ရုပ်ပုံကိုသော်လည်း ဆွဲနေပါလိမ့်မည်။ သို့မဟုတ် သာယာစွာ တွန်ကျူးလေ့ရှိပါသော ရွှေချိုင့်စံ သာရကာအား "ရသာကို သိသူ့သင် မိမိသခင်ကို သတိရပါ၏လော။ အကြောင်းမူ သင်သည် သူ့ကို ချစ်ခဲ့သည်" ဟုမေးနေပါလိမ့်မည်။ ဤကဲ့သို့သော အချင်းအရာဖြင့် သင်သည် ငါ၏ချစ်ဇနီးကိုတွေ့မြင် ရပါလိမ့်မည်။

၂၅

အို-က^ကောင်းသောအဆွေ့သင်သည်ဟောင်း နွမ်းသောအဝတ်များကို ဝတ်ဆင်ထားသော ငါ၏ ချစ်သူကို လျှပ်စစ်ရောင်တွင် တွေ့မြင်ရပါလိမ့်မည်။ သူ၏ရင်ခွင်တွင် စောင်းပိုက်ထားပါသည်။ ငါ၏ အမည်ပါသော သီချင်းကို သီကျူးလိုသော်လည်း ငါ့ကို ^လွမ်းဆွတ်သည့် မျက်ရည်များ စိုစွတ်သော ကြောင့် စောင်းတီး၍မရပါ။ စောင်းမှမျက်ရည်များ ကိုသုတ်ကာ အကြိမ်ကြိမ်တီးသော်လည်း သူကိုယ် တိုင် စီစဉ်သော 'မုစ္ဆနာ' ခေါ်သံစဉ်ကို မေ့လျော့ နေပါသည်။

http://nyisay.com



## ၂၆

အို-မိုးတိမ်, သူသည် လင်နှင့်ကွေကွင်းရသော ရက်ကြွင်းရက်ကျန်များကို ရေတွက် မှတ်သားရန် တံခါးဘောင်တွင်ထားသော ပန်းများကို မြေကြီးပေါ်မှာစုပုံကာ စိတ်ဝင်စားနေပါလိမ့်မည်။ သို့မဟုတ် အသဲနှလုံးသည် လင်နှင့်ပေါင်းဖော်မွေ့လျော်ခဲ့သည်များကို ပြန်လည်စဉ်းစား ခံစားနေပါလိမ့်မည်။ အကြောင်းမှာ လင်နှင့် ကွဲကွာနေရသော အမျိုးသမီးများသည် အများအားဖြင့် ဤသို့လျှင် အလှမ်းဖြေတတ်ကြပါသည်။

## ၂၇

အို-မိုးတိမ်, ငါ၏ချစ်သူသည် ငါနှင့် ကွေကွင်းရသောကြောင့် နေ့အခါတွင် အိမ်တွင်းမှုအလုပ်ကိစ္စများလှ၍ ညအခါကဲ့သို့ ပူဆွေးလှမည်မဟုတ်ပါ။ သူသည် ညအခါတွင် အလုပ်ကိစ္စမရှိသောကြောင့် လွန်စွာပင်ပန်း ညှိုးနွမ်းနေပါလိမ့်မည်။ သို့ကြောင့် အိုအဆွေသင်သည် ငါ၏သတင်းစကားဖြင့်စိတ်ချမ်းသာမှု ဖြစ်စေရန်အတွက် သန်းခေါင်ယံအခါ အိမ်ဂေဟာပြတင်းသို့ဝင်လိုက်ပါလျှင် မြေပေါ်တွင် လဲလျောင်းနေသော ငါ့ချစ်သူကို တွေ့မြင်ရပါလိမ့်မည်။

ဓာနုယ်မြေ

http://nyisay.com



၂၀

အို-မိုးတိမ်, စိတ်နှလုံး ပင်ပန်းလှခြင်းကြောင့် ကြုံလှီစွာ တကိုယ်တည်းအိပ်ရာထက်၌ တဘက် စောင်းကာ အိပ်နေသော ငါ့ချစ်သူကို သင်သည် ဥဒည်းဘောင်ခြေတွင် ခကွေးကလေးအသွင်တွေ့ မြင်ရပါလိမ့်မည်။ သူသည် ငါနှင့်အတူအလိုရှိတိုင်း ကာမသုခကို ခံစားရစဉ်အခါက ညများကို တမု ဟုတ်မျှ ထင်ခဲ့ပါသည်။ ငါနှင့် ကွေကွင်းရသော အခါသူသည် ယိုရှည်လျားသော ညများကို ခက်ခဲ စွာ ကုန်လွန်စေရပါသည်။ ဤဆိုခဲ့သော အခြေအ နေမျိုးဖြင့် သင်သည်ငါ၏ ချစ်ဇနီးကို တွေ့မြင်ရ ပါလိမ့်မည်၊

၂၉

အို-မိုးတိမ်, မိုးအုံ့သောနေ့တွင် ကုန်းပေါ် သို့ရောက်သောကြာပန်းသည် လန်းလည်း- မလန်း နွမ်းလည်းမနွမ်းသကဲ့သို့ ထို့အတူ အိပ်၍လည်း မပျော်၊နိုးလည်းမနိုးသော ငါ့ချစ်သူကို သင်တွေ့မြင် ရပါလိမ့်မည်။ ထိုငါ့ချစ်သူသည် ပြတင်းပေါက်ဝင် လာသော လရောင်ကို ငါ၏ရှေးကအသွင် မှတ်ထင် ကြည်နူးနေပါလိမ့်မည်။ ထိုလရောင်ကို ရှေးရှုကြည့်ရှု ခြင်းဖြင့် ပွေ့ဖက်လေရာ သူ့ချစ်လင် မဟုတ်သဖြင့်

http://nyisay.com



မျက်နှာကို လှဲလိုက်ပါလိမ့်မည်။ တဖန်မျက်ရည်ပြည့်လျှံသော မျက်လုံးကို ထိန်းချုပ်၍ထားရာ သူ့မှာ ကုန်းပေါ်ရောက်သော ကြာပန်းလို ဖြစ်နေရရှာပါလိမ့်မည်။

၃၀

ဒို-မိုးတိမ်, ငါ၏ချစ်သူမှာ ငါမရှိသောကြောင့် ရေသက်သက်ဖြင့်သာရေချိုး ပါသည်။ သို့ကြောင့် သူ၏ဆံပင်များကြမ်းတမ်းကာ ပါးပြင်သို့တိုင်အောင် ဖွာကျနေပါသည်။ ထိုဆံပင်များကို နှုတ်ခမ်းရွက် ညွှန့်ကိုမှောင်ကြိုက်ဖျက်ဆီးသော ပင့်သက်လေမှုဖြင့် လှုပ်ရှားမနေလျက် အိမ်မက်ထဲတွင် ငါနှင့်မပေါင်းမဖေါ် လို၍ မျက်ရည်ရွှဲသော မျက်လုံးဖြင့် အိပ်ပျော်ရန် ကြိုးစားနေသော သူ့ကို တွေ့မြင်ရပါလိမ့်မည်။

၃၁

ဒို-ပုံးတိမ်, ခွဲခွါရသောပထမနေ့မှစ၍ပန်းကုံးကို စွန့်ပယ်ပြီး နှောင်ဖွဲ့ထားသောဆံထုံးကို အဖြစ်ဒုတ်ရက်စေ့၍ ချမ်းမြေ့သောအခါငါ ပင်ခက်ခဲစွာ ဖြေရှင်းပေးရပါလိမ့်မည်။ ထိုလိုက်လျှင် နာကြင်လျက် ရုပ်မပျောင်းလှသော ထိုဆံထုံးကို သူ၏ပွန်စွာ ရှည်လျားသော လက်သည်းများရှိသည့် လက်ဖြင့် မကြာခဏ ဖယ်ရှာပစ်နေသော ငါ့ချစ်သူကို သင် တွေ့ရပါလိမ့်မည်။

http://nyisay.com



၄၂

အို-မိုးတိမ်, ငါ့ချစ်သူမှာ လွန်စွာအားနည်းလျက် အဆင်တန်ဆာ ကင်းကွာပြီး နေပါသည် သူ၏ဖျားပြားလှစွာသော ဆင်းရဲဒုက္ခများကို အိပ်ရာပေါ်တွင် လူးလှိမ့်ခံစားလျက် သူ၏ သိမ်မွေ့သော ကိုယ်ခန္ဓာကို ဆောင်နေပါသည်၊ သူ့ကိုတွေ့ပါလျှင် သင်၏မိုးရေသစ်တည်းဟူသော မျက်ရေသွန်ချလိုက်ပါ။ များသောအားဖြင့်သိမ်မွေ့သော နှလုံးသားရှိသူတို့သည် အမြဲပင် ကရုဏာ ဖြစ်ပေါ်တတ်ကြပါသည်။

၄၃

အို-မိုးတိမ်, သင့်မိတ်ဆွေမ၏ဇိတ်သည် ငါ့အပေါ် ဘယ်မျှစွဲလန်းနေကြောင်း ငါကောင်းစွာသိပါသည်။ ဤသို့စွဲလန်းနေခြင်းကြောင့် သူအဘယ်မျှဆင်းရဲဒုက္ခရောက်မည်ကို ခွဲခြားစကာပင် ငါတွေးမြင်မိပါသည်။ ငါ၏မယားကြည်ဖြူက ကောင်းသူအဖြစ်ကို စကားကြွယ်တိုင်းပြောကြားနေသည်မဟုတ်ပါ။ ငါပြောသည့်အတိုင်း ဟုတ်မှန်ကြောင်း မကြာမီသင်ကိုယ်တိုင်တွေ့ရပါလိမ့်မည်။

စာနယ်ဇင်း

၄၄

အို-မိုးဟိမ်, ငါ့ချစ်သူ၏ သမင်မ မျက်လုံးတို့မှာ အံ့ပင်များ ဖြာကျနေခြင်းကြောင့် မျက်စင်းမကွင်း လဲ့ဝင်းခြင်းကို ဖိတ်ကွယ်ထားပါသည်။ ထို့ပြင် အရက်ချိုကို မသောက်ခြင်းကြောင့် မျက်လုံး၏ တင့်တယ်ခြင်းကို မေ့လျော့နေပါသည်။ အဆွေ, သင်သာအနီး အနားသို့ ရောက်သွားပါလျှင် သူ၏ ဝဲဘက်မျက်လုံး လှုပ်ပါလိမ့်မည်၊ ထိုအခါ သင်သည် ငါးများ လှုပ်ရှားကြခြင်းကြောင့် ကြာပန်း၏ တင့်တယ်ခြင်းကဲ့သို့ သူ့ကို တွေ့မြင်ရပါလိမ့်မည်။

၄၅

အို-မိုးဟိမ်, ငါ့ချစ်သူသည် မျက်လုံး သာမဟုတ်ပါ။ပေါင်လည်း လှုပ်ပါလိမ့်မည်။ထိုပေါင်မှာ ငါ၏ လက်သည်း အမှတ်တံဆိပ်ကိုနှင့်လည်း ကင်းကွာနေပါသည်။ ကံဖယ်၍ ကြာမြင့်စွာက ဆင်မြန်းခဲ့သော ပုလဲသွယ်ခါးတန်ဆာလည်း မရှိဖြစ်နေ၏။ ပေါင်းသင်းပြီးနောက် ငါ၏နှိပ်နယ်ပေးခြင်းငှာထိုက်သော လတ်ဆတ်သော ငှက်ပျောအူတိုင်သဖွယ် ဖြူဆွတ်သည့်သူ၏ လက်ဝဲပေါင်သည်လည်း သင် အနီးသို့ ရောက်သောအခါ လှုပ်နေပါလိမ့်မည်။

http://nyisay.com



၃၆

အို-ရေကိုပေးတယ်သူ့, သင်ရောက်လာသော အခါမှာ ငါ့ချစ်သူ အိပ်ပျော်နေပါလျှင် ထစ်ချုန်း ခြင်းမပြုဘဲ ခေတ္တခဏမျှဆိုင်း၍ နေသင့်ပါသည်။ အကယ်၍ လှကလျှသည့် အိပ်မက်တွင် ငါနှင့် အတူ လည်ဘက်သည့်အခိုက်သို့ ရောက်နေပါလျှင် သင်၏ ထစ်ချုန်းခြင်းဖြင့် သူ၏တင်းကြပ်စွာဘက် ထားခြင်းကို မပြေသင့်ပါ။

၃၇

အို-မိုးတိမ်, ငါ၏ချစ်ဇာနီးကို သင်၏ရေမှုန်ရေမွှား ကလေးများ ရောယှက်သော လေပြေကလေးဖြင့် နှိုးလိုက်ပါ။ ပွင့်သစ်စမြတ်လေးပန်းပမာ တဖြည်း ဖြည်း လှုပ်ရှားပွင့်လန်းလာပါလိမ့်မည်။ သူနိုးသော အခါ သင်၏ဘက်သို့ မလှုပ်မယှက်ကြည့်ပါလိမ့်မည်။ ထိုအခါ သင်၏လျှပ်စစ်ရောင်ကို အတွင်းမှာ သိမ်း ထားပြီး လေးနက်သော ထစ်ချုန်းသံဖြင့် ထိုမာန် ရှင်အား ငါ၏သတင်းစကား ပြောကြားရပါလိမ့် မည်။

စာနယ်မြေ

http://nyisay.com



၃၈

အို-ဘဲ့အိမ်ရှင်မယ်, ငါသည်သင့်လင်၏ချစ်မိတ်ဆွေဖြစ်ပါသည်။ ငါသည် သင့်လင်၏ သဟင်းကို နှလုံးသားတွင်မှတ်သား၍ သင့်ထံသို့ လာခဲ့ခြင်းဖြစ်ပါသည်။ ငါကား သတင်းပို့သူသက်သက်မဟုတ်ပါ။ စင်စစ်လှကလျာတို့၏ ဆံထုံးကို ဖြေရှင်းရန်အတွက် ကြိုးစားလျက်လမ်းတွင် ခရီးပန်းနေသူများနှင့် မိမိအိမ်ဂေဟာကို ပြန်လိုသူများကို ချိုသာ၍ နက်ရှိုင်းသော အသံဖြင့် လျင်မြန်စွာ ပို့ဆောင်ပေးသူလည်းဖြစ်ပါသည်။

၃၉

အို-မိုးတိမ်, ဤသို့လျှင် သင်ပြောကြားပါမူ-သီတာဒေဝီသည် လေနတ်သားဟနုမာန်ကို တွေ့မြင်ရသောအခါ မျက်နှာပင့်ကာ သူ၏စကားကို ခံလင့်သကဲ့သို့ ထို့အတူ ငါ့ချစ်သူလည်း ဝမ်းသာ,လေးစားလှသဖြင့် သင့်ကို မော့ကြည့် နေပါလိမ့်မည်။ သင်ပြောကြားသော သတင်းစကားကိုစိတ်ဝင်စားစွာ ကြားနာပါလိမ့်မည်၊ အို....ယဉ်ကျေးသူ, လင်ယောကျ်ားအရပ်တပါးသို့သွားသော မိန်းမသားတို့သည် မိတ်ဆွေ၏ထံမှ ကြားရသော ချစ်သူ၏သတင်းမှာ ချစ်သူနှင့် ကိုယ်တိုင် တွေ့ရသည်တမျှ ကြည်နူးကြပါသည်။

http://nyisay.com



၄၀

အို-အရှင် ငါ၏ တောင်းပန်ခြင်းကို လက်ခံပြီးလျှင် မိမိအား ရှေးကပြုဘူးသော ကျေးဇူးကို တုံ့ပြန်ရန်အတွက် သင်သည် ငါ၏ချစ်သူအား ဤသို့ ပြောကြားပါဘိ- "အိုဘဲ့အားနွဲ့သူ, သင်နှင့် ခွဲခွါနေရသော သင့်ချစ်လင်သည် 'ရာမဂီရိ'တောင် သခ်မ်းချောင်တွင် ကျန်းမာစွာရှိပါသည်။ သူက သင်၏ ကျန်းမာခြင်းကို မေးလိုက်ပါသည်။" ရုတ်တရက် ဘေးအန္တရာယ် ရောက်နေသူများအား ရှေးဦးစွာကျန်းမာခြင်းကို မေးခြင်းမှာ လျော်ကန်သင့်မြတ်လှပါသည်။

၄၁

အို-ဘဲ့သုန္ဒရီ, ရန်သူဖြစ်သော ကံကြမ္မာတား ဆီးခြင်းခံရသော ဝေးရှိ၍ အဝေးမှာနေရသော သင်၏ချစ်လင်သည် ကွေကွင်း ဆင်းရဲခြင်းကြောင့် ကြုံလှီနေပါသည်။ တာမပျော ဝါနှိပ်စက်၍ မျက်လုံးတို့တွင် မျက်ရည်ပူများ ပြည့်လျှံနေပါသည်။ သင်နှင့် ပေါင်းဆုံရန်ကြိုးစားတိုင်း ရှည်လျားစွာ သက်ပြင်းချလျက် သူသည် သင်၏ အခြေအနေကို လည်း ကိုယ်ချင်းစာကာ ဤအခြေအနေမျိုးပြန်နှံ့နေသော သင်၏ကိုယ်ခန္ဓာကို တွေးဆနေပါသည်။

http://nyisay.com



၄၂

အို–ဘဲ့ အားနဲ့သူ့ သင်၏ချစ်လင်သည် ဈေးအခါက မိတ်ဆွေများ ရှေ့တွင် ပြောနိုင်သောစကားကို လျက်–သင်၏မျက်နှာကို တွေ့ထိလိုခြင်းစသောအာသာရမ္မဏ်ကြောင့် သင်၏ပါးနားမှာကပ်၍ ပြောခဲ့ပါသည်။ ယခုအခါ နား၏အရာကိုလွန်သော မျက်စိအရာဖြင့်ပင် မမြင်နိုင်သောသူသည် သင့်ကိုလွှမ်းဘွက်ကြည်နူးစိတ်ကူးဖြင့် စီရင်သော ပုဒ်ပဒဝါကျရှိသော စကားကို ငါ့ပါးစပ်ဖြင့် ပြောပြလိုက်ပါသည်။

၄၃

အို–ဘဲ့ချစ်သူ၊ ငါသည် 'ဘျာမာ' နှယ်တို့မှာ သင်၏ ဝါဝင်းသော အဆင်းကိုလည်း၊ တုန်လှုပ်သော သမင်မ၏ ကြည့်ခြင်းမှာ သင်၏ကြည့်ရှုခြင်းကိုလည်း၊ လရောင်မှာ သင့်မျက်နှာ၏ ကျက်သရေကိုလည်း၊ ဥဒေါင်းတို့၏ မြီးဆံဝန်းမှာ သင်၏ဆံပင်ကိုလည်း၊ မြစ်ရေလှိုင်းကလေးများတွင် သင့်မျက်ခုံးနှယ်၏ တင့်တယ်ခြင်းကိုလည်း၊ စိတ်ကူးထင်ဟပ်၍ကြည့်မိပါသည်။ အို–ဘဲ့ဒေါသမယ်၊ သို့ရာတွင် ဘယ်အရာမှ သင်နှင့်ထပ်တူ–ထပ်မျှမတူကြပါတကား။

စာနယ်မြေ

http://nyisay.com



၄၄

အို–ဘဲ့ချစ်သူ, အချစ်လွန်သဖြင့် စိတ်ကောက်နေဟန် သင်၏ပုံကို 'ဓါတုရာဂ' ခေါ် ဓါတ်ဆေးဖြင့် ကျောက်ချပ်မှာရေးဆွဲပြီးလျှင် ငါ့ပုံကို သင်၏ခြေနားမှာရေးရန် ကြိုးစားပြန်ပါသည်။ ထိုအခါ တားဆီးပရသော မျက်ရေတို့သည် ငါ၏အမြင်ကို ဖုံးကာ ထားကြပါသည်။ ဆိုးယုတ်သော ကံကြမ္မာသည် ရုပ်ပုံဖြင့်သော်လည်း ငါတို့၏ပေါင်းဆုံမှုကို ခွင့်မပြုပါတကား။

၄၅

အို–ဘဲ့ ချစ်သူ, အလွန် ကြိုးစားခြင်းကြောင့် အိပ်မက်မြင်မက်သောသင့်ကို ငါသည် ကင်းကြပ်စွာဘက်ထားရန် လေတွင် လက်ဆန့် တန်းလိုက်ပါသည်။ ထိုအခါ ငါ့အဖြစ်ကိုမြင်၍ သနားကြင်နာကြသော တောစိုးနတ်တို့၏ ပုလဲတန့်ံး မျက်ရေလုံးကြီးများကျလာသောကြောင့် အချည်းနှီးဖြစ်ရပြန်ပါသည်။

http://nyisay.com



၄၆

အို-ဘဲ့ချစ်သူ ဒေဝဒါရုခေါ် နတ်ထင်းပင် (ထင်းရှူး)တို့၏ ရွက်ညွန့်များကို တိုးဖောက်လာ၍ နို့နံ့သင်းသော ဟိမဝန္တာလေသည် တောင်ဘက်မှ တိုက်ခတ်လာပါသည်။ အို-ဘဲ့ဂုဏ်ပြည့်သူ.... ထိုလေသည်ရှေးဦးစွာ မြောက်အရပ်ကသင်၏ကိုယ်အင်္ဂါကို ထိတွေ့လာသည်ဖြစ်ပေလိမ့်မည်။ ဤသို့ယူဆ၍ ထိုလေကို ငါ ပွေ့ဖက်လိုက်ပါသည်၊

၄၇

အို-ဘဲ့ချစ်သူ ရှည်လျားလှစွာသော ညဉ့်သုံးယံကို ဟာခဏမျှဖြစ်အောင် အဘယ်ပုံအကျဉ်းချုံ့ရပါမည်နည်း။ အခါခပ်သိမ်း နေပူရှိန်လည်းဘယ်ပုံလျော့ရပါမည်နည်း။ အို-ဘဲ့လှပသောမျက်စိရှိသူ ဤသို့မရနိုင်တာ တောင့်တသောငါ့စိတ်ကို သည်းမခံနိုင်အောင် ပူလောင်သော သင်နှင့်ကွေကင်းရခြင်းဝေဒနာက ကိုးကွယ်ရာမဲ့ပြုနေပါသည်။

ဆာနယ်ခမြို

http://nyisay.com



၄၈

အို-ဘဲ့ချစ်သူ ငါသည်များစွာသော အစီအစဉ်တို့ဖြင့် ကြံစည်၍ ကိုယ့်ဘာသာကိုယ် အားပေးနေခဲ့ပါသည်။ သို့ကြောင့် အို-ဘဲ့ကလျာဏီသင်လည်း စိုးရိမ်ပူဆွေးခြင်းမဖြစ်ပါလင့်၊ ဘယ်သူမျှအမြဲတစေ အလွန်အမင်းချမ်းသာခြင်း၊ သို့မဟုတ် ဆင်းရဲခြင်း ဖြစ်နေမည် မဟုတ်ပါ။ ဤသုခ- ဒုက္ခ တို့သည် လှည်းဘီးစက်ကဲ့သို့ တက်အောက်လည်နေပါသည်။

၄၉

အို-ဘဲ့ချစ်သူ မိသျှကာ မြွက်စွာဘုရား မြွေနဂါး အိပ်ရာပေါ်မှ ထသောနေ့တွင် ငါ၏ အပြစ်ဒဏ်နောက်ဆုံးရက်ဖြစ်ပါလိမ့်မည်။ သို့ကြောင့်ကြွင်းကျန်သော လေးလတို့ကို မျက်လုံးမှိတ်၍ကုန်လွန်စေပါလော၊ ထိုနောက်ငါတို့သည် စိတ်ဖူးယားကြသည့် အတိုင်း အမျိုးမျိုးအဖုံဖုံသောအလိုဆန္ဒကို ဆောင်းဥတုအခါ လရောင်ဖြာသော ညဉ့်ဦးယံတို့တွင်.... အားပါးတရ ခံစားကြပါစို့။

စာနယ်ဇင်း

http://nyisay.com



## ၅၀

အို-ဘဲ့ အားနွဲ့သူ သင့်လင်သည့် ဟာဖန်ငါ့အား ပြောကြားလိုက်ပါသေးသည်။ 'အို-ဘဲ့ ချစ်သူ ခွဲခွါရေးမတိုင်မီ ရှေးအခါက အိပ်ရာပေါ်တွင်သင်သည် ငါ(ယက္ခ)၏ လည်ပင်းကိုဘက်လျက် အိပ်ပျော်နေမှ ရုတ်တရက် ကျယ်လောင်စွာ ငိုကြွေးပါသည်။ အကြိမ်ကြိမ်မေးလေမှ သင်ကငါ့အား 'ဟုင်-လူပွေကြီး သင်အကြောင်း မိန်းမ တယောက်နှင့်မွေ့လျော်နေတာ ငါအိပ်မက်မှာ တွေ့ရတယ်....'ဟု ပြုံးလျက်ရှက်ရှက်နှင့် ပြောပါသည်.... ဟူသတည်း။

## ၅၁

အို-ဘဲ့ သမင်မျက်လုံးရှင် ဤသို့ တင်ထင်သိမြင်စေခြင်းဖြင့် ငါ၏ကျန်းမာစွာရှိခြင်းကို သိနိုင်ပါသည်။ လူတို့ပြောစကား (ကောလာ-ဟလ)ဖြင့် ငါနှင့်ပတ်သက်၍ အမင်္ဂလာ ဖြစ်ကြောင်း သတင်းအပေါင်းကို ယုံမှားနေဘွယ်မရှိပါ၊ အချိန်ကာလကြာမြင့်စွာ ခွဲခွါနေရသဖြင့် အချစ်ပေါ့နေလိမ့်မည်လားဟုလည်း မတွေးသင့်ပါ။စင်စစ်မှာ မခံစားရဘဲထားခြင်းကြောင့် အချစ်တို့မှာ အစိုင်အခဲကြီးသဖွယ်စုပုံနေပါသည်။

<u>စာနယ်မြေ</u>

http://nyisay.com



၅၂

အို-အရှေ့မိုးတိမ် ပထမဆုံး မခွဲဖူးခွဲရသဖြင့် အလွန်ဒုက္ခရောက်နေပါသော ငါ့ချစ်ဇနီးကို ဤသို့လျှင် သတင်းစကား ပြောကြားပါဘိ၊ ထိုနောက် မျက်စိသုံးလုံးရှိသော သိဝ၏ နွားလားကြီးတောင်ထွတ်ကို တူးဆွထားသော 'ကေလာသ' တောင်မှ လျင်မြန်စွာ သင်ပြန်ခဲ့ပြီး ငါ့ချစ်ဇနီးပေးလိုက်သော အမှတ်အသားနှင့်တကွ သတင်းစကားကို ငါ့အား ပြောကြားခြင်းဖြင့် သင်းခွေပန်းတမျှ သိမ်မွေ့သော ငါ့အသက်ကိုစောင့်ရှောက်ပါ။

၅၃

အို-မြတ်သောသူ ငါ၏ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ပေးမည်ဟု ဆုံးဖြတ်ပြီးပါပြီလား။ ဝါကျ°သာပေ-ဆိတ်ဆိတ်နေသော ဝန်ခံခြင်းကြောင့် ငါသည် သင်၏ တည်ကြည်မှုကို တွေ့တွေ့ရာရာ မစဉ်းစားဝံ့ပါ။ အကြောင်းမူ သင်သည် တောင်းခံပါလျက် တစုံတရာ ယစ်ချုန်း ပြန်ကြားခြင်းမပြုဘဲ ဂျ°လွှားငှက်များအား မိုးရေပေးခဲ့ပါသည်။ သင့်မြတ်လှပေ၏။ တောင်းပန် သူတို့အတွက် အလိုရှိသောအကျိုး ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းသည်သာလျှင် သူမြတ်များ၏ တုံ့ပြန်မြွက်ကြား အဖြေစကားဖြစ်ပါသည်။

စာနယ်ဇင်း

၅၄

အို-ရေကိုပေးကတ်သူ သင်ကဲ့သို့ ထိပ်တန်းသံတမန် (ဒူတ)အား ငါ၏သတင်းစကား မှာကြားရသည်မှာ မသင့်လျော်ပါ။ သို့ရာတွင် မိတ်ဆွေရင်းဖြစ်သောကြောင့်၎င်း၊ မသင့်လျော်သော၍သတင်းစကားများကိုယူဆောင်ပေးပို့ဖြန့်ကြားရန် မှာကြားရခြင်းဖြစ်ပါသည်။ ပြီးနောက် သင်လိုရာသို့လှည့်လည်သွားပါလော့။ သင့်အား သင်၏ချစ်ဇနီး လျှပ်စစ်မယ်နှင့် တခဏမျှ ငါကဲ့သို့ ပကွဲမကွာ ပါစေနှင့်ဟု ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

မေဃဒူတ နောက်ပိုင်း ၅၄-ပုဒ် စကားပြေပြီး၏။

http://nyisay.com

မေဃဒူတ အရ ဂြဟမပိုင်း အလင်္ကာ
ဦးဓာသန့်ဇင်

http://nyisay.com

၁

တယောက်'ယက္ခ'၊ ကိုယ့်ကိစ္စမှ
ယွင်းခွသည့်ဟု၊ ချစ်ရည်ဥနှင့်
ဝေးမှုဖန့်လာ၊ တနှစ်ကာမျှ
ခံရှာမျက်မာန်၊ အရှင့်ဒဏ်ကြောင့်
ရွမ်းအံ့နှန်ကွယ်ပ၊ အားလျော့ချလျက်
'ဇနကာသမီး'၊ သုံးချိုးပြီး၍
စီးကျသန့်စင်၊ စမ်းရေရှင်နှင့်
သစ်ပင်ခက်လက်။ ရိပ်ချင်းရှက်လျက်
တခဲနက်မျှ၊ ဖုံးအုပ်ကျသည့်
'ရာမတောင်ဝှမ်း'၊ ကျောင်းသင်ခမ်း၌
ညှိုးနွမ်းဗျာပါ-သွားနေရှာ၏။

**စာနယ်ခမြ**

http://nyisay.com



၂

ချစ်အေးလိုက်ချူ၊ ‘ယက္ခ’မှုကား
ကြင်သူကင်းလွတ်၊ ခွန်အားပြတ်၍
လက်ဝတ်လျောကျ၊ ထိုတောင်မှ၌
လ,အတန်ကြာ၊ နေခဲ့ပါ၏
‘နွယ်တာကြွကင်း’၊ စကုံလဟာက
တောင်ထွတ်-တောင်ဂှမ်း၊ ဖုံးအုပ်လွှမ်းလျက်
စွယ်ရမ်းခုန်ပေါက်၊ မြေကိုပေါက်သွား
ဆင်ပေါက်အသွင်၊ မိုးတိမ်မြင်ကို
ရှုမြင်ပါရ လေသတည်း။

၃

‘မင်းထက် မင်းဖြစ်၊ ကျွန်ရင်းသူရဲ
မျက်ရေတဲ့လျက်၊ ကြေကွဲဘွယ်ဆင်
မိုးတိမ်ပြင်၏၊ ရှေ့တွင်တာရှည်
အနိုင်တည်လျက်၊ ကြံစည်စဉ်းစား
‘ဤမိုးသားကို
မြင်ငြားဘိမူ၊ ချမ်းသာသူပင်
ဝေဆူလှင့်ပါး၊ စိတ်ထွေပြား၏
နှုတ်ထွားချော့ညာက်၊ လှမျိုးသက်နှင့်
လည်ဘက်မကွာ၊ နေလိုပါလျက်
တရွာတမြို၊ ကံဖယ်ပို့က
မည်သို့ဆိုဘွယ် ရှိမည်နည်း’

http://nyisay.com



၄

ထိုယက္ခသည်၊ ဆန်းစနံကာ၊
နိုးလေမဖါသော်၊ ကြင်ယာချောညက်၊
စိတ်မပျက်ပဲ၊ အသက်ရှည်လို၊
မိုးတိမ်ညိုဖြင့်၊ ထိုထိုသတင်း၊
ကျန်းမာခြင်းကို၊ ဆောင်နှင်းလိုလှ၊
လန်းလတ်လှသည့်၊ ပွင့်စတင့်ဆန်း၊
လက်ထုတ်ပန်းဖြင့်၊ ရည်မှန်းဆက်တင်၊
နှုတ်သံလွင်ဖြင့်၊ အရှင်လာခြင်း၊
ကောင်းလေမင်းဟု၊ ကြိုသင်းချိုချို-နွှန်းစဆို၏။

၅

အခိုးနှင့်လေ၊ နေရောင်ရေတို့၊
လေးဖြေပေါင်းဆုံ၊ မိုးတိမ်မှုံကား၊
ဘယ်ပုံလေဟိ၊ သက်ရှိတို့သာ၊
စွမ်းဆောင်ရာသည်၊ ကြားမှာပေးပို့၊
ဆောင်းပါးတို့လား၊ မည်သို့လေလား။
မျာပါများ၍၊ ခွဲခြားပေရ၊
ထိုယက္ခသည်၊ မေပယံပါး၊
ခ,ဝတ်တွား၏၊ မြွားနုတ်သွယ်နွဲ့၊
ရူးဝင်ခဲ့မူ၊ သက်မဲ့-သက်ရှိ၊
ပကတိဖြင့်၊ သတိချွတ်ယွင်း-ဥာဏ်လွတ်ကင်း၏။

၆

ဘုံသုံးခွင်ဝယ်၊ ကျော်ထင်တန်ခိုး၊
ကြာဘက်မိုး၏၊ အမျိုးနွယ်ဝင်၊
မိုးတိမ် သင်ကား၊ ရုပ်သွင်ခန့်ခန်း၊
အံ့ဘနန်းကို၊ ဖန်ဆန်းနိုင်ခြင်း၊
သိကြားမင်း၏၊ ကျွန်ရင်းလည်းမည်၊
သိရသည့်ကြောင့်၊ ကံဖြည့်ထွက်ခွေ၊
ယားသက်ဆွေနှင့်၊ ဝေးမြေခြားရ၊
ကျွန်ယက္ခသည်၊ ခယသင့်မှာ၊
ဟောင်းပန်တွာ၏၊ ဂုဏ်ဝါကြွယ်သား၊
သူမြတ်များ၌၊ ဝတ်တွားပါရ၊
ချည်းနှီးကလျှင်၊ မြတ်လှသေးပါ၊
သူယုတ်မာ၌၊ လိုရာအကျိုး၊
စုံပြည့်ဖြိုးလည်း၊ မြတ်နိုးဟန်ဘ–မရှိရာတည်း၊

၇

နို့ရေပေ၍ အိုမေသာ
သောကဖြင့်ပွေ့-သောသူဟော့ကို
အမေ့ကွယယ်မ၊ စောင့်ခဲ့လှ၍
နေရင်းရှင်။ မျက်မာန်ဝင်၍
ချစ်ကြင်နှဲ့ရ၊ 'ငါယက္ခ'၏
ပို့သစရာ၊ 'သဝဏ်လွှာ'ကို

စာနယ်မြေ

http://nyisay.com



သက်လျာထံပါး၊ ဆောင်ယူပါးလော့
မြို့နားမြေသဉ်၊ ပန်းဥယျာဉ်၌
မင်းယဉ်'သိဝ'၊ ဦးထိပ်လမှ
ဆန်းစယုန်ရည်၊ ဘော်ငွေခြည်ဖြင့်
လင်းကြည်ရောင်လွှ၊ 'မင်းယက္ခ'တို့
ဌာနစံရာ၊ 'အလကာ'သို့
မကြာဆေလျင်-သွားစေချင်၏။

၈

ကောင်းကင်ခရီး၊ လေယဉ်စီး၍
ယံနိုးတက်လာ၊ သင်တိမ်လွှာအား
တရွာသွားနေ၊ ချစ်လင်ဆွေတို့
ပြန်မလမည့်ရက်၊ မြော်လင့်ချက်ဖြင့်
ပင့်သက်ရှူငင်၊ လှကြေးမျှင်တို့
ဆံပင်ကိုင်မ၊ ပူကြောင့်ကြဖြင့်
ရှုကြမည်ပင်၊ မိုယ်းတိမ်သင်လျှင်
ကောင်းကင်တခွင့်၊ ဖုံးအုပ်လင့်က
ငါနှင့်-မတူ၊ လွတ်လပ်မှုကား
ချစ်သူကင်းကွာ၊ လှကလျာကို
ဘယ်မှာ လျစ်လျူ-နိုင်အံ့နည်း။

http://nyisay.com



၉

သင့်လျော်လေပြည့်၊ ညှင်းညှင်းသည်လည်း
ပွင့်ရည်မွှေးမွှေး၊ ဆောင်ပင့်သွေးလျက်
အေးအေးကြူကြူ၊ သင့်ကိုမြူလိမ့်၊
မာန်မူကြွတက်၊ မိုးဆွေငှက်လည်း၊
လက်ဝဲရပ်ကို၊ ကပ်မှီခိုလျက်၊
သံချိုသီချင်း၊ နားတော်သွင်းလိမ့်၊
မိုယ်းမင်းချစ်ဆွေ၊ မျိုးငှက်တွေလည်း။
သန္ဓေယူပွဲ၊ ကောင်းကင်ထဲ၌၊
ပျံဝဲကာပ၊ ဖွဲ့ရှက်ကြလျက်၊
အလှရှုမြင်၊ မိုယ်းတိမ်ရှင်ကို၊
ပျော်ရွှင်ခစား–ပေလိမ့်မည်။

၁၀

ဘယ်နေ့ဘယ်ခါ၊ ချစ်သူလာလိမ့်၊
မြော်ကာနေ့ရက်၊ လက်ချိုးတွက်၍၊
အသက်ရှင်နေ၊ နောင့်ကြင်မေကို၊
အဆွေမိုးမင်း၊ မှန်မယွင်းလျှင်၊
ထင်လင်းတွေ့ကာ ပြောရပါအံ့၊
ချစ်ဖောက်စွ၊ သဘာဝ၌၊
ဆထက်ကဲ၍၊ လှကလျာတို့၊
ကြမာဖန်တည်း၊ ချစ်ဘော်နည်းက၊
ဖြုတ်ချည်းကြွေလွင့်၊ ကျေစေမင့်လည်း၊

http://nyisay.com



ပန်းပွင့်အလား၊ နှလုံးသားကို၊
သက်ထားခုလျှင် ပြန်လိမ့်ထင်သည့်၊
မြော်မြင်အာသာ၊ ခိုင်အညှာသည်၊
တွဲကာမ ကြေ– တွယ်လျက်နေ၏။

၁၁

သီးပွင့်ပွားတိုး၊ မြေအကျိုးကို၊
သည်ပိုးဖြာဖြာ၊ နားဝင်သာသား။
ကြေညာမြဲမြံ၊ သင့်ချုန်းသံကို၊
ကျုံကျုံကြားရ၊ မာနသဟု၊
ကန့်လှသာယာ၊ သွားလိုရှာသည်၊
ဟသ်ာငှက်မင်း၊ ဘော်တသင်းတို့၊
ကြာရင်းရိက္ခာ၊ ယူဆောင်ကာဖြင့်၊
ကေလာသတိုင်၊ ကောင်းကင်ပြိုင်လျက်၊
မြှိုင်မြှိုင်သွားဘော်–တူပျော်ပျော်တည်း။

၁၂

သုံးခွင်လောက၊ ရှိညွှတ်ခသည့်
‘ရာမအရှင်’၊ ခြေတော်တင်၍
ဖြူစင်မြတ်မြင့်၊ စွင့်ရရှင့်ဖြင့်
ဆင့်ဆင့်ထင်ပေါ်၊ အခွေတော်ဟု
သုံးဘော်ကြောင်းရာ ဤတောင်သာကို

http://nyisay.com



ကောင်းစွာလွှမ်းတက်၊ နမ်းစုပ်ဘက်၍
နှုတ်ဆက်လေပေါ၊ မိုးချိန်ခါတိုင်း
သင်လာပေါင်း၍၊ ပျော်ရွှင်မွေ့လျက်
မတွေ့သည်မှာ၊ ကြာတောင့်ကြာမှ
ပေါ်လာသည့်တူ၊ မျက်ရေပူကို
သည်းအူဆွေ့တ်ထွက်၊ ဖြိုင်ဖြိုင်လွှတ်၍
ကြင်ညွှတ်ပြကာ-နေလေရှာ၏။

၁၃

ရေကိုပေးတတ်၊ အို-မိုးနတ်
တည့်မတ်ဖြောင့်သား၊ ငါပြောကြားမည်
သင်သွားစရာ၊ ခရီးသာကို
ဦးစွာမှတ်သား၊ ထိုနောက်ခြား၍
နားဖြင့်သောက်ရာ၊ လွမ်းသူ့စာကို
ကြားနာပါစမ်း၊ ခရီးလမ်း၌
ရှိန္နမ်းလေသော်၊ တောင်ထွတ်ပေါ်တွင်
ခြေတော်ချနေ၊ အပန်းဖြေလျက်
စမ်းရေပြည့်ဝန်း၊ အားသစ်သွန်း၍
ဝမ်းပန်းတသာ-သွားရပါအံ့။

http://nyisay.com



၁၄

လေအယဉ်သည်၊ တောင်စဉ်တောင်ထွတ်၊
ဝန်းရှက်ပတ်၍၊ တိုက်ခတ်ဆော်လာ
ဤအရာကား၊ ဘဇာလေဟု
မြော်ကြည့်ရှုသား၊ လူမှုရေးရာ
မလည်ရှာသည့်၊ ကညာနတ်မယ်
'သိဒ္ဓနွယ်'တို့၊ အံ့ဘွယ်ရှုမြင်
မိုယ်းတိမ်သင်သည်၊ လန်းရွှင်စိမ်းပြာ
ဤနေရာမှ၊ အာကာလမ်းခွင်
'ရပ်မောင့်ဆင်တို့၊ ပိတ်ပင်ဟော့ရမ်း
နှာမောင်းသွမ်းကို၊ ကြိုးပမ်းဖယ်ခွါ
မြောက်သို့သာလျှင်၊ ခုန်ကာပျံသန်းပါတော့လော့။

၁၅

ရတနာနှစ်၊ ပေါင်းစုဖြစ်သို့၊
ထွန်းသစ်ထင်လျှား၊ တောင်ပို့ဖျားမှ
သိကြားလင်းလေး၊ သက်ထင်ရေးဖြင့်
ရောထွေးရှက်နှောင်၊ သင့်ကိုယ်ရောင်သည်
ပုံဆောင်ဖန်သ၊ ဂေါပါလဟု
ဗိသဏုမောင်၊ ညိုမောင်းရောင်လျှင်
ဒေါင်းတောင်စိုက်သွယ်၊ လွန်သပ္ပါယ်သို့
ဆန်းကြယ်ပြိုးပြက်၊ ရောင်စုံလက်၍
ရေးထက်လှဆန်းမည်တကား။

**စာနယ်မြေ**

http://nyisay.com



၁၆

အားအင်ထုတ်ကြိုး၊ လယ်လုပ်ကျိုးသည်
သင်မိုးနှင့်ဘက်၊ စပ်ယှဉ်ဆက်၍
နှစ်သက်ရွှန်းစို၊ ဖွံ့အိပျိုသား
ပင်ကိုယ်ချစ်ဖွယ်၊ ကောသူမယ်တို့
ဝင်းကျယ်မျက်လုံး၊ ပေါင်းစုရုံး၍
သောက်သုံးချစ်ခင်၊ မိုယ်းတိမ်သင်သည့်
ဆောလျှင်ပျံ့သင်း၊ ကုန်းလယ်ကွင်းသို့
သက်ဆင်းရွာပက်၊ တဖန်အက်၍
ပြောက်ဘက်သို့သာ– သွားလေပါလော့။

၁၇

အမြကူရှ၊ တောင်တော်မသည်
မီးခစဉ်ခါ၊ မိုးရေဖြာလျက်
ရွာသွန်ပြွန်းချမ်း၊ ကြွေးခံဟမ်းကြောင့်
ညှိုးနွမ်း၍လာ၊ သင်တိမ်လွှာကို
တောင်းစွာယိုပ်ထက်၊ ချိရွက်မည်သာ
ကိုယ့်ထံလာသား၊ ကြမ္မာယှဉ်းသွေ
ချစ်မိတ်ဆွေအား၊ ပြုပေခဲ့ဘူး
ကျေးဇူးငဲ့ကာ၊ ထောက်ထားသွာ၍
မျက်နှာမလွှဲ၊ လူစဉ်းလဲပင်
ကူမြဲမဖေါက်၊ မြင့်မောက်ဂုဏ်ဝါ
ထိုတောင်သာသည်၊ ဘယ်မှာဆိုဘွယ် ရှိမည်နည်း

**စာနယ်မြေ**

http://nyisay.com



၁၈

သစ်သီးမှည့်ရောင်၊ ထိန်ပြောင်ဝါညက်
တောသရက်ဖြင့်၊ ဝန်းရှက်တောက်လောင်၊
'အမြဲ'တောင်သို့၊ ဆံရောင်ညိုဝင်း
သင်မိုးမင်းသည်၊ ယာက်လျှင်းဘောဝယ်
'ဝသုန်'ပယ်၏၊ အလယ်ယိပ်တွင်
ညိုရောင်သင်လျှက်၊ ပန်းကျင်ပတ်ချာ
ဝင်းဝင်းဝါ၍၊ အာသာမွေ့ထုံ
'သားမြတ်ပုံ'ကို၊ တူစုံစံပယ်
နတ်မောင်မယ်တို့၊ ဆန်းကြွယ်ရှုရာ
ခိုက်အခါသို့၊ ရောက်ပါပေလိမ့်မည်။

၁၉

မုဆိုးသားငယ်၊ ဇာနီးသယ်တို့
စံပယ်စည်းစိမ်၊ ချုံနွယ်အိမ်ဖြင့်
ရစ်လိမ်သာလျှ၊ ဟိုတောင်မ၌
ခေတ္တနားနေ၊ အပန်းဖြေလျှက်
မိုးရေရွာသွန်၊ ပေါ်သည့်ဝန်ကြောင့်
လျှင်မြန်သောအား၊ ဆက်လက်သွားက
ကျောက်သားကျောက်ခဲဆောင်၊ ကုန်းမြောင်တွေလာ
မညီသာသည့်၊ 'ဗိန္ဓျ'တောင်ခြေ
စီးတွေတွေတည့်၊ 'ရေဝါ'မည်သာ
'နမ္မဒါ'ကို၊ တန်ဆာဆင်ယင်
အရေးထင်သည့်၊ ဆင်ကြီးပသွေ့ရှုပေလိမ့်။

ဓာနုယ်ဓမြ

http://nyisay.com



၂၀

လေးလန်ရေဝန်၊ ယှေ့းအန်သွန်သည့်
တိမ်မွန်ချစ်ဆွေ။ တောဆင်တွေ၏
'မုံရေ'သင်းနေ၊ ချုံသပြေဖြင့်
ရေဟုန်ဆီးကာ၊ မြစ်ဒရသာကို
သောက်ကာသွားခြေ။ ဝမ်းပြည့်နေ၍
လေပြေဆော်ပင့်၊ သင့်ကိုလွှင့်လည်း
မလွှင့်နိုင်ပါ၊ လှုပ်သည်မှာကား
အကာပင်တည့်၊ အနှစ်ပြည့်က
မတ်တည့်မွေ့သိမ်၊ ခန့်တည်ငြိမ်၏။

၂၁

သားငှက်မည်သာ၊ သရက်ါတို့
ထောင်ကာတချို့၊ ဝတ်မှုန်တို့ဖြင့်
စိမ်းညိုရောင်သန်း၊ 'မအူပန်း'ကို
ရှင်လန်းမြင်ရ၊ ကမ်းစပ်စတွင်
မဆွတ်ဖူးသော၊ ခိုင်ငှက်ပျောကို၊
ရှင်မောအာသာ၊ စားကုန်ပါလျက်
ဟောမာမဆံ့၊ ကြိုင်လှိုင်ပျံ့သည့်
မြေနံ့သင်းသင်း၊ ရှုရခြင်းဖြင့်
ဆောင်နှင်းမိုးရေ၊ ဖွဲဖွဲစွေသည်
ချစ်ခွေနတ်မွန်၊ မိုးတမန်ကို
ဧကန်လမ်းစ ညွှန်ကုန်ကြအံ့။

စာနယ်ဇင်း

http://nyisay.com



၂၂

ဖြေသို့မဖောက်၊ မိုးရေပေါက်ကို
သောက်မှုလိမ်မာ၊ ငှက်မိုးစာကို
ကြည့်ကာနေယင်း၊ ဗျိုင်းတသင်းတို့
ခင်းကျင်းဖျံ့လာ၊ ကိုယ်ကြင်ယာကို
ညွှန်ကာတွက်ပြ၊ နယ်သိဒ္ဓတို့
သိပ္ပာဟုံးစုံး၊ သင်ဟာစုံကြိုးက
နှလုံးကျုန်ကာ၊ ယှဉ်ဟာလျာတို့
ထိပ်ပြာမွေ့သက်၊ ခံရချက်ကြောင့်
မိုးသက်နတ်မောင်၊ ချစ်ကျိုးဆောင်ဟု
ထုံးနှောင်မေတ္တာ-တိုး၍လာလိမ့်။

၂၃

မိုးယံနတ်တိမ်ဆွေ၊ အိုအဆွေ
နောင့်ကြင်မေတွက်၊ အမြန်ထွက်၍
သွက်သွက်သွားလို၊ သင်တိမ်ညိုအား
ရှုန်းစိုလတ်လန်း၊ လက်သုတ်ပန်းဖြင့်
ထုံမွှန်းဖြာဖြာ၊ တောင်တို့မှာ၌
မြင့်ကြာကာလ၊ မြင်ယောင်လှ၍
ချစ်ဝလွှန်ပြင်း၊ မျက်ရေဝင်းလျက်
မျက်ကွင်းမြုံမှု၊ ဥဒေါင်းတွေလည်း
အိုးဝေသံချို၊ လောကွတ်ပိုလျက်
ကြိုဆိုသီချင်း၊ ညွှတ်ခံလျှင်းလည်း
မိုးမင်းလျင်စွာ- သွားသင့်ပါ၏။

စာနယ်ဇင်း

http://nyisay.com



၂၄

ဒသရဏ၊ ဒေသရပ်ပါး
သင်ရောက်သွားက၊ ဖူးဖျားပွင့်လန်း
ဆပ်သွားပန်းဖြင့်၊ ထုံမွှန်းရှက်ရံ
ဥယျာဉ်ခြံလည်း၊ ဝင်းစံဖြိုးဖျော့
ဖျော့တော့ရောင်ထင်၊ ရွှာသစ်ပင်လည်း
အိမ်ဟွင်စားငှက်၊ သိုက်အုံရှက်၍
ပြည့်နှက်ကာနေ၊ တောဝနေလည်း
သဖြေမှည့်ရောင်၊ ထွန်းပြောင်ဝင်းပ
ငှက်ဟံသလည်း၊ ခေတ္တနားနေ
သာမျိုးတွေကို၊ အဆွေတွေ့ရပါလိမ့်မည်။

၂၅

ဝန်းကျင်မျက်နှာ၊ ၀ိဒိသာဟု
ကြေညာမည့်ရ၊ ထိုဒေသ၏
ဌာနမြို့တော်၊ ရောက်သော်ခဏ
လောကအတွေ့၊ ဘုံဓလေ့ဖြင့်
မွေ့ရမည်သာ၊ အကြောင်းမှာမူ
ရသာချိုမြ၊ လှိုင်းအိကြွသည့်
မဝေတြဝတီ၊ မြစ်နဒီကို
ကြွန်ညီဆုံပြည့်၊ မျက်လုံးလှည့်သည့်
မယ်၏နုတ်ခမ်း၊ စုတ်ယူနမ်းသို့
မြစ်ကမ်းထိပ်မှ၊ ချန်းသံမြနှင့်
ပဗ္ဗာသောက်ရပါလိမ့်မည်။

စာနယ်ဇင်း

http://nyisay.com



၂၆

ထိုဒေသတွင်၊ ခေတ္တနားနေ
အပန်းဖြေဘို့၊ ခိုင်ဝေလှဆန်း
မအူပန်းဖြင့်၊ လန်းလန်းဖြိုးဝေ
မိုးတိမ်ဆွေနှင့်၊ နှစ်တွေပေါင်းရ
* ကြက်သီးထသို့၊ နီးစ မည်သာ
တောင်သေလာ၌၊ နားပါတော့ဆွေ၊
ထိုတောင်ခြေတွင်၊ ရွှေမြို့တန့်ထွာ
ပြည့်တန်ဆာတို့၊ ကာမဂုဏ်နှံ့
ထုံသင်းပျံ့လျက်၊ ပဆံ့လှိုင်ကြူ
ကျောက်ဆောင်ဂူဖြင့်၊ မြို့သူ-မြို့သား
လူငယ်များ၏၊ ပျိုထွားတက်ကြွ
သဘာဝကို၊ ဖေါ်ပြထင်ရှား- တည်နေပါ၏။

၂၇

ထိုမှတစ္ဆေ၊ အပန်းပြေက
တောင်ခြေရဂုံ၊ မြစ်ကမ်းစုံ၌
သင်းတုံကြိုင်လှိုင်၊ ဇွန်ပန်းမြိုင်ကို
ဖြိုင်ဖြိုင်ထိုနှစ်၊ မိုးရေသစ်ဖြင့်
သွန်းလှစ်ပြီးလျှင်၊ ပါးနှစ်ပြင်ကွင်
စီးသွင်ချွေးစ၊ သုတ်လိမ်းရ၍
နားကဆင်မြန်း၊ ကြာညိုပန်းလည်း

* (တောင်အမည်)

စာနယ်မြေ

http://nyisay.com



မလန်းတော့ချေ၊ ပန်းခူးနေသည့်
မျှားတွေကညာ၊ လှမျက်နှာကို
ဟိုင်လွှာတိမ်ထွေး။ အရိပ်အေးဖြင့်
အုပ်ပေးလေလျက်၊ တကွနက်လျှင်
မိတ်ဆက်ပြီးကာ-သွားလေပါလော့။

၂၀

ပြောက်သို့တန်းတန်း၊ သင်ကြွမြန်းမည့်
လမ်းပန်းမှာလေ၊ သောင့်ပါချေလည်း
'ဥဇ္ဇေနီ'ခေါ်၊ တိုမြို့တော်၏
ထွန်းပေါ်ခေါင်ချင်း။ ဘုံဆောင်တွင်းသို့
မြှော်တင်းစကြွ၊ မကြည့်ရှုပဲ
သွားမှုမဖွယ်၊ တိုမြို့လယ်တွင်
လှုပ်နွယ်ရောင်လွှင်း၊ မြိမ်းသံမွှမ်းက
ကြောချမ်းဟွန့်ရှုပ်၊ မျက်တောင်လှုပ်သား
လှချုပ်မှုကြွယ်၊ မြို့သူမယ်ကို
ဝင်းကျယ်မျက်လုံး၊ လဲ့လဲ့ပြုံးဖြင့်
ညွှတ်ရုံးသာယာ၊ သွေးမိပါက
လူ့ရွာသို့သွား၊ သင်မိုးသားသည်
သနားစရာ-ကံဆိုးရှာလိမ့်။

http://nyisay.com



၂၉

မိုယ်းမင်းအဆွေ၊ ဟော....သခေ
'ဥဇ္ဇေနီ'သွား၊ ခရီးကြား၌
လှုပ်ရှားလှိုင်းသံ၊ စီညံ့ညံ့ဖြင့်
ဟံသာဘဲငန်း၊ စီလျက်တန်းသား
သွယ်ဝန်းဖြာဖြာ၊ ခါးတန်ဆာနှင့်
မှုရာမွေ့ညက်၊ ရွေ့ရွေ့သက်လျက်
ဝဲ့ချက်ဖေါ်ပြ၊ ဒိဒိအိရွသည်
'နိရဗိန္ဓျာ' မြစ်ကညာနှင့်
တိမ်လွှာမိုးမင်း၊ ပေါင်းဘက်လျှင်း၍
ကိုယ်တွင်းရသာ၊ ခံစားပါလော့
ကြောင်းရာတမှု၊ မိန်းမဟူသား
ချစ်သူပေါ်မှာ၊ န္တမာယာသည်
လိုရာပြုရန်၊ ဦးစွာဖန်သည့်
ဟောင်းပန်စကား-ပေတကား....။

၃၀

ဆံထုံးဘူမြောက်၊ စမ်းရေချောက်ဖြင့်
တလျောက်ကမ်းခြေ၊ သစ်ပင်တွေမှ
ကျကြွေလျော့လျော့၊ ရွက်ချောက်ပေါ့ဖြင့်
ဖျော့တော့ချောင်ဝါ၊ ဖြစ်နေရှာသည့်
ကြောင်းရာစစ်လျှင်၊ မိုယ်းနတ်ရှင်
မျှားဖြင့်လဲ့ရက်၊ တိုင်အောင်ပျက်လျှင်

စာနယ်မြေ

http://nyisay.com



ရက်ရက်စွန့်သွား၊ သင်မိုဃ်းသား၏
မယားချစ်လင်၊ ဘုန်းကံရှင်ဟု
မျက်မြင်ပြကာ၊ နေလေရှာသား
ဗိန္ဒု၂ာယာမင်း အားနည်းခြင်းကို
မိုးမင်းကသာ၊ ကောင်းမွန်စွာလျှင်
ဖယ်ခွါနိုင်ဘိ-ဥပါယ်သိ၏။

၃၁

'ဥဒယန-နာမ ရာဇာ
ပုံကထာကို၊ မှန်စွာသိပြီး
သက်ရွယ်ကြီးတို့၊ ခိုမှီးတည့်ရှိ
အဝန္တိသို့၊ ရောက်ဘိမူကား
ရှေးပြောကြားသည့်၊ ထူးခြားကျက်သရေ
တက်မြိုးဝေသား၊ ဂုဏ်မွေဖြာဖြာ
'ဝိသာလာ'ကား၊ နတ်ရွာမှဆင်း
သူခပင်းတို့၊ ကျန်ကြွင်းတုံမျှ၊
ကုသိုလ်တို့ဖြင့်၊ နှစ်လို့ဖွယ်ရာ
စည်ပင်သာသည့်၊ နတ်ရွာတစိတ်တုနိုင်းတည်း။

စာနယ်ဇွေ

http://nyisay.com



၃၂

ထိုမြို့ပေါ်မှာ၊ နံနက်ခါ၌
'ကြိုးကြာတွေလီ၊ ရစ်မူးသီသည့်
မပ်ကလာ၊ ကြူးသံသာကို
ရှည်စွာဆက်ဆက်၊ ပြုလေလျက်လျှင်
မွှေ့ညက်ပွင့်ကြာ၊ ထုံနံ့သာနှင့်
တွဲလာဘက်၍၊ ကိုယ်အတွေ့၌
* ချမ်းမြေ့ကြည်စေ၊ 'သျှိပြာ' လေသည်
နှစ်တွေမွေ့ကြူး ချစ်ရေးမှု၌
ချော့မြူကျွမ်းကျင်၊ ချစ်သူလင်သို့
များဖြင်မိန်းမ၊ ချစ်ကိစ္စကြောင့်
နွမ်းလျရိုဂျင်း၊ နွမ်းနယ်ခြင်းကို
ကြူသင်းမွှေးကြိုင်၊ လန်းစေနိုင်၏။

၃၃

ပြတင်းသာမှ၊ ယွက်လာကြသား
ဆံသထုံဒိုး၊ ရနံ့မျိုးဖြင့်
ပြည့်ဖြိုးကိုယ်နေ၊ သင်တိမ်ဆော့ကို
ချစ်လေသောအား၊ လက်ဆောင်ပါးသို့
ဒေါင်းများ'က'နေ၊ ပန်းနံ့ဝေလျက်
ယဉ်ထွေစုံဖြိုး၊ ပျော်ခေါင်မိုးတို့

* (သျှိပြာမြစ်)

http://nyisay.com



ခြေဆိုးဆေးရောင်၊ ချိုးဖြင့်ပြောင်သား
ဘုံဆောင်လွှဲ့ကျော်၊ ဟိုမြို့တော်၏
မွေ့လျော်ကျက်သရေ၊ ရူပါလေလျက်
များတွေ ကွာလှမ်း၊ ခရီးကြမ်းကြောင့်
ရှိန်ဝင်းပျော့ပါ-ပယ်နဖျောက်ပါလော့။

၃၄

ရှင်နတ်မင်း၏၊ လည်ပင်းရောင်ပေ
ညိုမှောင်ပေဟု၊ ရုံငွေတစု
အလေးပြု၍၊ ကြည့်ရှုခံရာ
သင်တိမ်လွှာသည်၊ သုံးဖြာလောကီ
လေးမြတ်မှီသည်၊ စက္ကူမယ့်လင်
သီဝရှင်၏၊ ဖြူစင်ခြမှူး
ကြာမုံမြူးလျက်၊ ပျော်ကြူးရေဝယ်
လုံမငယ်တို့၊ ကသယ်စန္ဒန
ယင်းယုံမြဲသား၊ ဂန္ဓဝတီ
မြစ်ညာဆီမှ၊ တိတိတွဲ့တွဲ့
လေပြည်သွဲ့လျက်၊ ယိမ်းနွဲ့နေရာ
ဥယျာဉ်သာသို့၊ ဆောင်ငှာအမွှေသွားပါလေ။

၃၅

ရေကိုဆောင်လာ၊ မိုဃ်းဒေဝါ
မဟာကာလ၊ နန်းသာစွသို့
မကျချိန်တွင်း၊ ရောက်တုံလျှင်းလည်း

စာနယ်ဇ

http://nyisay.com



နေမင်းရောင်ပွန်၊ မျက်စိဝန်ကို
ကျော်လွန်ကာမျှ၊ ဆိုင်းသင့်သှ၏
သိဝကိုယ်တော်၊ ဂုဏ်ကိုဖေါ်သည်
ပူဇော်မျှန်ခါ၊ ညာသည်းအာဘွ
သံဝါကျင်းကျင်း၊ စည်သံညှင်းက
မိုးမင်းဒေဝါ၊ နက်နဲ့ဃ္ဃာလျှင်
ချုန်းပါရကျိုး- စုံပြည့်ဖြိုးလိမ့်....။

၃၆

ဟိုဌာနှ၌၊ ခြေကြွ၍မော
ဖန်ခါခါလျှင်၊ တင့်ရွာလျှပ်ရှား
ကခုန်ပြေး၍၊ ခါးကြိုးတန်ဆာ
ပြည်သံသာနှင့်၊ ရတနာသွယ်သွယ်
အရိုးလယ်၌၊ ချယ်လှယ်ဆင်ဟပ်
သားမြီးယပ်ကို၊ လက်ကြွပ်မှာဆင့်
နွမ်းလျကျင်သား၊ 'နတ်ဝင်ပျိုမေ
လှလှန်းရေ့ဟို၊ လက်ခြေသည်းနှာ
ချမ်းသာရေသည့်၊ ဦးစွာပြာကျ
မိုးပေါက်ရ၍၊ မေဃသင့်ဝယ်
ပိတုန်းသွယ်သို၊ ချစ်ဖွယ်တမျိုး-မျက်စောင်းထိုးလိမ့်။

http://nyisay.com



၃၇

ထို့ပြင်နောက်မှ၊ ကပွဲစသော်
ပွင့်လှတင့်ဆန်း၊ 'လယ်ခေါင်ရန်းသို့
နိမြန်းသွေးယောင်၊ ဆည်းဆာရောင်ကို
ယှူဆောင်ကာပ၊ သင်မေဃသည့်
မြင့်ထသွန်းဘွန်း၊ လက်ရုံးတန်းသို့
စိမ်းလန်းရှင်ရှင်၊ တောသစ်ပင်ကို
ဝန်းကျင်ပတ်ချာ ဖုံးအုပ်ပါလျက်
* 'ဥမာသက်နှင်း၊ ထိတ်လန့်-ကင်း၍
မြော်တင်းစကွဲ၊ စိမ်းစိမ်းရှုမည့်
* 'ပသုအရှင်' ဆင်ရေဆင်လျက်၊
ဝတ်ချင်အာသာ-ဖြည့်စွမ်းပါလော့။

၃၈

ထိုမြို့တော်မှာ၊ ညချမ်းခါ၌
ကလျာသက်ရု၊ လှမျိုးဥတို့
ချစ်ဘူ့ငှာဇနေ၊ သွားကြပေမည့်
ဝေဝေမှောင်အုံ့ပြ၊ မင်းလမ်းမ၌
ဝင်းပရွှေစစ်၊ မှတ်တွင်ခြစ်သို့

* (သိဝနတ်မင်းကြီး၏မိန်းမ ဥမ္မာ)
* (ပသုပတိအရှင်-နတ်)

စာနယ်ဇင်း

http://nyisay.com



လျှပ်စစ်ရောင်ရေး၊ လက်ကာပေးလော့
ဟစ်ကြွေးရိုက်ဟည်း၊ အော်မြည်ဟည်း၍
ယဉ်သည်းထန်စွာ၊ ဖရွာပါနှင့်
ကာမနှောင်ရစ်၊ မယ်ပျိုမျစ်တို့
မဖြစ်စလောက်-မှုဖြင့်ချောက်လည်း
စိုးကြောက်ဗျာပါ-ထိတ်တက်ပါ၏။

၃၉

မြင့်ရှည်ကာလ ပြက်သန်းရ၍
နွမ်းလျညှိုးခွေ လျှပ်နွယ်မေဟု
ကြင်ဆွေရှိလျက် ရှင်မိုးနတ်သည်
'ခိုငှက်'တထွေ အိပ်စက်နေသည့်
ဘုံဗွေထက်က ဝေဟာသ၌
ထိုညလွန်စေ ထောင်ရောင်နေကို
မြင်လေအမြန် ခရီးကျန်ကို
တဖန်ဆက်ကာ သွားသင့်ပါ၏
ကလျာမိတ်မျိုး သူ့အကျိုးကို
သည်ပိုးမည်မင့် ဝန်ခံလင့်က
နှေးဖင့်ပြင့်ကြာ-မနေရာကည်း။

၄၀

နေဝန်းပေါ်ပြား ချစ်ယောကျ်ားလျင်
ပျက်ပြားဆန္ဒ အိမ်ရှင်မ၏
ဒေါသဖြင့်ပွေ ကျမျက်ရည်ကို
သုတ်လေမည်ဖင့်-ပေသဖြင့်လျှင်

http://nyisay.com



နေမင့်လာရာ လမ်းသာယာကို
လျှင်စွာဖယ်ကွင်း ကိုနေမင်းလည်း
လဲ့ဝင်းမယ်ကြာ နှင့်မျက်နှာမှ
ဖြာဖြာကျနေ နှင်းမျက်ရေကို
သုတ်လေမည်တွက် နေခြည်စက်ကို
ပိတ်ရှက်နေလျှင် မိုးပါးတိမ်သင်သည့်
မျှားဖြင့်ပြစ်ကာ ဖြစ်လေလာရောမ်။

၄၁

'ဂမ္ဘီရ'၏ ပမာကိတ်မျှ
* ကြည်လင်လှသား အေးမြထုံသင်း
ရေအတွင်း၌ ကြော့ရှင်းနကိုယ်
အရိပ်ညှိဖြင့် သင့်ကိုယ်စားလျှင်
မျှသက်ကြင်၍ သက်ဝင်ပါက
ထိုမြစ်မ၏ လဂကြာကူ
* ဖွေးဖွေးဖြူသည့် ပွက်မြှုပ်ငွေငါး
မြန်သောအားဖြင့် ခုန်လွှားတရှည့်
နွှဲမှုလှည့်၍ ရှုကြည့်နေရာ
သင်တိမ်ပြာသည့် မာယာပွေ့လျက်
ကြောဥာဏ်ဘက်၍
သက်သက်ရှောင်ခွါမသွားရာတည်း။

---

* (မြစ်အရည်)
* (အထပ်တရာရှိသောကြာဖြူ)

ဝါန ပ်ငြေ

http://nyisay.com



၄၂

အိုအဆွေ.... နှစ်ထွေကမ်းတွင်
ပေါက်ရောက်ကျင်သည့် ကြိမ်ပင်နွယ်ခက်
တည်းဟူလက်ဖြင့် ရို့လျှက်ကမ်းပြေး
မြစ်ကမ်းပါးဟု တင်သားလှစ်ခွာ
'ကမ္ဘာ့ဂီရာ'၏ ညိုပြာဝင်းမွတ်
ရေအဝတ်ကို ဖယ်ချွတ်ယှဉ်တွဲ
သူ့ပေါင်ဝဲ၍ တွဲရှဲဆွဲလျက်
ရှင်မိုယ်းနတ်သည် သက်သက်ရှောင်ခွါ
တတ်ကောင်းပါအံ့ 'သင်္ဂါရ'ထူး
ခံစားဘူးသည့် ရွယ်လူးပျိုထွား
ဘယ်သူအားမျှ တင်သားပေါ်နေ
လှည့်ကြုံချေကို လွဲသွေခြင်းငှာ မတတ်သာတည်း။

၄၃

မှိုင်းညို့ချိပ်လွှင် မိုဃ်းတိမ်ရှင်
အသင်မိုးမင်း ရွာသွန်းခြင်းကြောင့်
သင်းသင်းပျံ့ပျံ့ မြေသင်းနံ့ဖြင့်
ပတ်လှည့်သင်းတုံ ဆင်တွယ်စုံတို့
ခုံမင်တပ်လျောက်၊ နှာဖျားပေါက်ဖြင့်

စာနယ်မြေ

http://nyisay.com



သုံးသောက်သံရှုန်း၊ တောသဖန်းကို
ကြိုင်မွှန်းမှည့်စေ၊ ညှင်းလေပြေသည်
ဒေဝရှေးရှိ၊ တောင်ဂိရိသို့
သွားဘိတုံလျှင်း၊ သင်မိုးမင်းအား
ဖြည်းညှင်းသာယာ-တိုက်လွှင့်ပါလိမ့်။

၄၄

ထိုတောင်ပေါ်၌၊ မြပျော်နေကျ
နတ်ခကို၊ နွှပုပ္ဖမိုးသွင်
အတူဆင်လျက်၊ သွင်ပြင်ဖန်သ
သင်မေဃသည်၊ အာကာသဂင်္ဂါ
ဇလာထုံမွှန်း၊ ရေယဉ်ပန်းဖြင့်
ပက်ဖျန်းလေပါ၊ ထိုနတ်မှာမူ
ဣန္ဒာစေအပ်၊ စစ်သည်တပ်ကို
စောင့်ကြပ်စေငှါ၊ ယဇ်မီးစာ၌
သေါတာဆန်းစ၊ ဦးထိပ်သသည်
သိဝသခင်၊ သွန်းဖန်ဆင်၍
ထောင်ရှင်ပဝင်း၊ ရှင်နေမင်းထက်
ထန်ပြင်းတေဇာ-ကြီးမားလှ၏။

စာနယ်မြေ

http://nyisay.com



၄၅

ထွန်းပရောင်လေ၊ ဝန်းရှက်လေလျက်
ပြွတ်ကြွေကာကျ၊ ဒေါင်းတောင်လှကို
ရှင်မပဗ္ဗတိ၊ သညီတုလွှတ်
မိဘုန်းမြတ်လျှင်၊ သားနတ်တင့်ဆန်း
ချစ်ရည်ညွှန်း၍၊ ကြာပန်းဖွယ်ရာ
နားတန်ဆာ၌၊ စိုက်ကာချယ်ထင်
ပြူစီရင်သား၊ အရှင်သိဝ
ဦးထိပ်လကြောင့် ရောင်လွှမျက်တောင်
ဝင်းပြောင်သားနား၊ မီးနတ်သား၏
ထူးခြားယာဉ်ကောင်း၊ ထို့ဥဒေါင်းကို
တောင်စောင်းဆက်ဆက်: ပဲ့တင်နှက်မျှ
လေးနက်ကျုံကျုံ၊ ထစ်ချုန်းသံဖြင့်
တောင်ပန်ဖြန့်ဝေ-က,ပါစေလော့၊

၄၆

မြွားမြက်တောဘွား၊ ထိုနယ်သားကို
ခစားရန်ဒွဲ၊ စောင်းလက်စွဲလျက်
စုံဖွဲ့လာကြ၊ နတ်သိဒ္ဓတို့
ရှောချမိုးပေါက်၊ စိုးရွံ့ကြောက်၍
လွတ်မြောက်လမ်းမှိုး၊ ဖြစ်စေပြီးလျက်
ခရီးကျော်လာ၊ မိုးဒေဝါလျှင်
* ကြေညာနှံ့သိ၊ သုရဘိ၏

* (သုရဘိမင်း)

စာနယ်မြေ

http://nyisay.com



သီရိလျှံပွား၊ သမိးများကို
သတ်စားယာဇ်တွင်၊ မြေအပြင်၌
ရေသွင်မြောင်းတိ၊ ကျောက်ကိဋ္ဌိနှင့်
ရန္တ ဝဒေဝ၊ မင်းရာဇာဇာ၏
စမ္ပကာဝတီ၊ ပြစ်နှမိကို
မြောယ်ချုံဝ်၊ ပူဇော်နှဲသို့
လွှဲရရှဲဆင်းသက်ပါတော့လော့။

၄၇

ဆိတ်ဂျိုလေးမျှင်၊ ဖြေရောင်ဆင်သည်
သင်မိုးနက်ပြာ ရေဇလာကို
ယှုပါမည့်ပွက် အောက်ကိုသက်သော်
ကြီးလျက်ဝါတယ် ဝေးသည့်နှယ်ကြောင့်
သွယ်သွယ်သေးသေး ရေးရေးမြင်ရ
ထိုမြစ်မသည့် စီးကျမြို့စင်
ရေလှိုင်ဘွင်ကို ကောင်းကောင်ယသွား
နတ်အများကို ထူးခြားမြင်တိ
နတ်မျက်စိကို ဖုံးပိချုပ်ကာ
ကြည့်လေပါက လယ်ချာချက်မ
ကြီးကျယ်လှသည့် ဇဋ္ဌနီလာ
ရတနာ့လျှင် တွယ်ရာမမှီး
တလုံးထီးနှင့် မြေကြီးမှာချယ်
ပုလဲသွယ်သို့ ဆန်းကြယ်ရှုရပါလိမ့်မည်။

စာနယ်မြေ

http://nyisay.com



၄၈

ထိုမြစ်တဘက် ကူးပြီးလျက်လျှင်
နှစ်သက်စဖွယ် တင့်စံပယ်သား
ပန်းနွယ်တမျှ ခုံးမျက်စနှင့်
နှ ရနှကြော့ မျက်တောင်ကော့ကို
မော့ကာမြော်ပင့် အသာဖွင့်က
မျက်ပွင့်ထက်ဝယ် ဝင်းဝင်းကယ်မျှ
တင့်တယ်ရောင်ဆင်း ညိုမှောင်ဝင်းလျက်
'သင်းခွေပန်း'နှက် လှုပ်တိုင်းလိုက်သည့်
ပန်းကြိုက်တောဒို 'ပိတုန်းညို'၏
ရှုန်းစိုဝင်းပ ဟုယူကြသား
'ဒသပုရေ' လှမျိုးမွေ့ကို
ယူးထွေအချို ကြည့်ချင်ဘိသည်
မျက်စိမွေ့ ထု' မိမိပုံကို
အာရုံသစ်လွှင် တမျိုးဆင်လျက်
အရှင်ကြွမြန်း ပါတော့လော့။

၄၉

'ဒသပုရ'၊ ပြည်မှထွက်ခွါ
ထိုနောက်မှာလျှင်၊ 'ဗြဟ္မာဝတ္တ'
အမည်ရသည့်၊ ဇနပုဒ်တွင်
အရိပ်ရှင်နှင့်၊ သက်ဝင်ဖြာချ

http://nyisay.com



ခရွှိုယာပျို၊ ယုဇ္ဇမာန်ယာစ်
'ကုရုဓေတ်သို့၊ ပေါ်ပေါက်သွားလေ
အကြောင်းမြေ၌၊ ထူးထွေသတ္တိ
ကျော်ဇောဘိသည့်၊ 'ဂဏ္ဍာဝဝန္ဒ'
'အဇ္ဇုနလျှင်၊ မြဲမြဲယက်ပြောင်
ပြားရာယောင်ဖြင့်၊ ပြည်ထောင်စိုးနင်း
အမင်းမင်း၏၊ ပဝင်းရှန်းစက်
မျက်နှာထက်သို့၊ မိုးသက်ဟိမ်လွှာ
ပဒုံကြာတွင်၊ မြာမြာစွေကြိုး
ရေယဉ်မြိုးသို့– မြားမိုးရွာခဲ့ဘူးသတည်း။

၅၀

ဗန္ဓုပိယာ၊ ချစ်ရည်၎ဲ
* အမျှချစ်ကြင်၊ 'ထွန်းတုံးရှင်လျှင်'
လိုအင်ရသ၊ စုံပြည့်ဝ၍
*ပဋ္ဌာကြန်ညီ၊ 'ရေဝတီ၏
ငြိပြင်ဘံဆိပ်။ မျက်ရိပ်ယက်ပြက်
'သေအရက်'ကို၊ ရက်ရက်ရှောင်သွေ
အကြောင်းရေသာ၊ သုံးလေခဲ့ပြီ

---

* (ဗာလရာမ်–ထွန်တုံးရှင်)
* (ထွန်းတုံးရှင်၏မိန်းမ)

http://nyisay.com



ဖြစ်မသိသား၊ ဘုန်းဆီပြည့်ဝ
အိုမေယ၊ ‘သရဿတိ
မြစ်နဒီ၏၊ တွ၀ိတွ၀ိစီးပြေး
ထိုရေအေးကို၊ မြတ်လေးကြည်သာ
သုံးဆောင်းပါက၊ ရောင်ဝါသက်သက်
မည်းနက်အဆင်း၊ သင်မိုးပင်းသည်
ကိုယ်တွင်းဖြူစင်-ဖြစ်မည်ပင်တည်း။

၅၁

ထိုမှလှမ်းကြွ၊ *‘ကနခလ’
အနီးမှလျှင်၊ သေလရာဇာ
‘ဟိမဝါ’မှ၊ ဖြာဖြာစီးကျ
‘သာဂရ’၏၊ သားလှပြေးပေါင်း
နတ်ခွာနှင့်ပြောင်း၍၊ စောင်းတန်းပမာ
ချမ်းရိပ်သာသား၊ ‘ဂင်္ဂါဇဟ္နဝီ’
မျက်ရှုကည့်ရာ၊ ‘မြစ်ဂင်္ဂါကို’
သွားပါပျော်ပျော်၊ ယင်းသော်မော်ကား
‘ဂေါရီ’လှချပ်၊ မျက်မှောင်ကုပ်ကို
ရေမြှုပ်ဖူးဖူး၊ ရယ်သွမ်းမြူးလျက်

* (ကနခလ-ဆိပ်ကမ်း)

http://nyisay.com



နပူးခပ်နှိပ်၊ လ,တံဆိပ်ဝယ်
အရိပ်ထင်ပြက်၊ ငွေလှိုင်းလက်ဖြင့်
ချစ်ဘက်ညီမျှ၊ စိုးပိုင်သသို့
'သိဝ'ဆံခွေ-ကိုင်လျက်နေ၏။

၅၂

'သုရဂဇ'၊ နာဂမကျော်ထင်
ရပ်စောင့်ဆင်သို့၊ ကောင်းကင်ထက်မှ
နောက်အဒွကို၊ လျှောချသက်ဆင်း
ကျောက်သလင်းသို့၊ သန့်ရှင်းဖြူစွာ
'ရေဂင်္ဂါ'ကို ဖဗိလာသောက်ချင်
ကြံဆင်ခြင်က၊ ဆောလျင်မြန်စွာ
ရေယာဉ်သာ၌၊ လှုပ်ကာတွားရွား
ရွရွသွားသား၊ ကိုယ်စားရှင့်ရိပ်
ခပ်နှိပ်လေရာ၊ ထိုဂင်္ဂါသည်
*ပယာဂမှ၊ ဌာနတဖြာ
ယမုနာနှင့်၊ ဆပါင်းလှာသည့်နှယ်
ရှုဖွယ်လျှင်၊ တင့်တယ်ထူးခြားမည်တကား

---

* (ပယာဂဆိပ်ကမ်း)

စာနယ်ဇင်း

http://nyisay.com



၅၃

နားကြစေဝေး၊ အမွှေးသားမျိုး
ကတိုးလှောက်ပင့်၊ ချက်မွှေးနံ့တို့
သင်းပျံ့ထုံ့စွာ၊ ကျောက်သေလာဖြင့်
ဂင်္ဂါမြစ်တွင်း၊ အမွှန်ဆင်းလျက်
ဆီးနှင်းအခိုင်၊ ဝါဂွမ်းဆိုင်သို့
*မဏ္ဍုိင်အစလ၊ ရောက်လကလျှင်
နွမ်းလျပြေတတ်၊ ယိုတောင်ကွတ်၌
မိုးနတ်အဆွေ၊ အပန်းဖြေက
သုံးတွေမျက်စိ၊ ကိုယ်ဝယ်ရှိသား
သိဝရှင်နတ်၊ စီးတော်မှတ်သည့်
ဖြူဆွတ်နွားလား၊ ပျော်ပါးရှင်မြူး
မြေကိုတူး၍၊ ထိပ်ဦးချိတွင်
ရှုံ့ညွန်သွင်သို့ဆင်းပြင်ထယ်ဝါဆောင်မည်သာတည်း

၅၄

လေတိုက်ပါလျှင်၊ ထင်းရှူးပင်တို့
ပျော်ရွှင်ချင်းချင်း၊ ပွတ်တိုက်ခြင်းကြောင့်
ပွင့်လင်းမီးပေါက်၊ ကျရောက်ဖြာဖြာ
လောင်ကျွမ်းပါသည့်၊ စာမရီမွှေး

* (အစလတောင်)

ဝေနယ်မြေ

http://nyisay.com



နုတွေးတွေးတို့၊ ရုဝေးတောမိး
ထိုတောင်ကြီးကို၊ ညီးညီးပြောင်ပြောင်
နှိပ်စက်လောင်ကား ထောင်ပေါင်းများစွာ
ရေယဉ်ဖြာ၍၊ ငြိမ်းပါထိုက်သား
သူမြတ်များ၏၊ စွမ်းအားရိပ်ငြိမ်
စည်းစိမ်သုခ၊ ဟူသမျှသည်
ဒုက္ခဖြင့်လိမ်း၊ သူခပ်သိမ်း၏
လွတ်ငြိမ်းစေဘိ-အကျိုးရှိ၏။

၅၅

အဟုန်ပြင်းလျက်၊ ထိုတောင်ထက်၌
*ခုန်တက်မာန်ကြွ၊ သရဘာဟု
နာမထင်ရှား၊ သားကောင်များသည်
ရမ်းကားမျက်သို၊ မိမိကိုယ်ကို
ပျက်ပြုစေငှါ၊ ဆောလျှင်စွာလျှင်
လွတ်ရာလမ်းထွက်၊ သင်္ဂိုးနက်အား
ခုန်တက်မာန်ပွား၊ ပြုလေပြားက
ကြီးမားထန်သဲ၊ မိုးသီးကြဲ၍
ကြွေကွဲစေရာ၊ ပြုလိုက်ပါလေ့။
အရာမဟုတ်၊ အားထုတ်ဘိမူ
အဘယ်သူသည်၊ ငြူစူတင်းလင်း-အပြစ်ကင်းလိမ့်၊

---

* (သရဘာ သားကောင်)

စာနယ်ဇင်း

http://nyisay.com



၅၆

သိဒ္ဓနတ်တို့၊ မပြတ်အခေါင်
ပူဇော်ဆောင်သား။ ထိုတောင်အပေါ်
ကျောက်မြားပေါ်၌၊ ပေါ်ပေါ်လွင်လွင်
လမြီးရှင်မာ၏၊ လွှန်းယင်လက္ခဏာ
စက်တော်ရာကို၊ လက်ျာလှည့်ဝင်
ရှိခိုးတင်လော့၊ အကြင်ခွာနှ
ဖူးမြော်ရသော်၊ ရှင်ပြုကြည်လင်
သဒ္ဓါရှင်တို့၊ ကင်းစင် ပြစ်ဆာ
ကိုယ်ခန္ဓာကို၊ ဖယ်ခွါလေက
နိစ္စမြဲဟည့်၊ ရွှေပြည်သာခမ်း
ဂိုဏ်းဝင်လမ်းကို၊ ရေခံ့စွမ်းနိုင်တော့မည်သာတည်း

၅၇

လေပြင်းမြည်ခနေ၊ ဝါးပင်ပြွေမှ
ထွေထွေသာယာ၊ သံကျောကျောကို
နွဲ့ကာစုံညို၊ ကိန္နရီတို့
ကြူးချီခဲ့ပြီ၊ တရိပုရ
ဇေယကဗျာ၊ သီသောခါတွင်
ဂူဟာရှိုးရှီး၊ သင်ထစ်ကြိုးက

စာနယ်မြေ

http://nyisay.com



မုရိုးစည့်လို၊ မြည့်သံချို၍
ထိုတောင်သေလ၊ စက်ပါဒဌ
သိဝနတ်မင်း၊ ဘွဲ့သီချင်းကို
တီးခြင်းအနေ-စုံပြည့်ပေလိမ့်။

၅၈

ဟေမာတောင်ဂွမ်း၊ တလျှောက်ကမ်းတွင်
ရှုခင်းယှဉ်လာ၊ လွန်လေပါက
'ဟံသာဒွါရ'၊ ဖြစ်လေထ၍
'ပရာဘုရေမ်၊ ဂုဏ်လျှံဖြစ်ကြောင်း
* တောင်ခေါ်း 'ကြောဥ္' ယင်းဌာနမှ
ပါနယ်ပြင်း၊ 'ဗလိမင်း'ကို
နှိမ်နင်းမည်ဟု၊ လုံ့လပြုသည့်
'ဗိသဏုသခင်' ညို့လွင်နက်စွာ
ခြေပမာလျှင်၊ ဖ၀ါလာဆန့်ဝင်
တင့်ဆင်းပြင်နှင့်၊ မြောက်ခွင်သို့သာ- သွားလေပါ။

---

* (ကရွဥ္ တောင်ခေါ်း)

စာနယ်မြေ

http://nyisay.com



၅၉

အထက်မြင့်ဗွာ၊ ပျံတက်ပါက
မျက်နှာဒသ၊ 'ရာပဏာ'၏
သံပဟုံးစုံ၊ ဆန့်လက်ရုံးကြောင့်
ပတ်ကုံးတော်ဖျား၊ လှုပ်ချောက်ခြားလျက်
သုံးပါး-သုံးဆယ်၊ နတ်ဗိမယ်တို့
ရှုဘွယ်အာရုံ၊ နေ့စဉ်ဟုံသည်
ကြေးမုံတမျှ၊ 'ကေလာသ'၏
ရွှင်ပြုကြွင်ချစ်၊ ညှော့သည်ဖြစ်လေ့
ပွင့်သစ်ကြာဖြူ၊ နိုင်းတူဆွတ်ဆွတ်
ထိုတောင်မြှပ်သည့်၊ အထွတ်မြင့်ကျွင်း
ကောင်းကင်ဆိုင်း၍၊ နှောဟိုင်းပေါင်းစု
ပျော်သမှုဖြင့်၊ စကျွ၊သုံးဂ
ကိုယ်ဝယ်ခသည့်၊ 'သိဝ'နတ်မင်း
ရယ်ခြင်းအနေ-တည့်ရှိပေ၏။

၆၀

မျက်စင်းအရောင်၊ မိုးနှယ်မောင်လျှင်
တောင်ခပန်းထက်၊ ကြွလှမ်းတက်သော်
ခုချက်ခြင်းဖြတ်၊ ဆင့်နွယ်ပြတ်သို့
ဖြူဆွတ်အရောင်၊ ထိုငွေတောင်အား

စာနယ်မြေ

http://nyisay.com



မဲ့မှောင်ထည့်ရုံ၊ ပခုံးစုံ၌
သိုင်းခြုံတင်ယား၊ ထူးခြားမလ
ပင်းရာမသို့၊ မဝနိုင်အောင်
မျက်တောင်မခတ်၊ မပြတ်ကြည့်ချင်
တင့်ဆင်းပြင်ကို၊ ရှုမြင်ရပါပေလိမ့်မည်။

၆၁

မြူးပျော်မှာနှ၊ ထိုဒေသ၌
သိဝ္နတ်မြတ်၊ မြွေလက်ဝတ်ကို
ဖယ်ချွတ်လေလျက်၊ * ဂေါ်ရီညက်အား
ရွှေလက်တော်ကမ်း၊ ခြေလျင်လမ်းဖြင့်
ကြွလှမ်းလေက၊ သင်မေဃသည်
ရှေ့မှကျော်သွား၊ ခရယဥ်များဖြင့်
လှေကားအသွင်၊ ကိုယ်ကိုဆင်လျက်
ထွန်းထင်ပတ္တမြား၊ တောင်ကမ်းပါးကို
တက်သွားဘို့ရန်-စောင်းတန်းဖန်လော့။

၆၂

ထိုတောင်ညို၌၊ ရွှန်းစိုရောင်တောက်
နတ်ပျိုပေါက်တို့၊ လက်ကောက်အဖွန်း
တိုက်ခတ်လွန်း၍၊ ရွှန်းရွှန်းစေတွက်
သင်မိုးနက်ကို၊ ရေစက်ယန္တရား
ပြာသာဒ်လားသို့၊ ရောက်သွားမည်ပေ

* (သိဝ မိန်းမ)

http://nyisay.com



အိုအဆွေ....ပူဝေလျှံကြွ
ဇွန်ကာလတွင်၊ တောင့်တရေအေး
နတ်မယ်လေးတို့၊ လွတ်ရေးစင်စစ်
ဘယ်အဖြစ်က၊ နှစ်သက်ကစား
ထိုနတ်များကို၊ နားဝင်ကြမ်းကြမ်း
ချုန်းသံလွှမ်း၍၊
ညှိုးနွမ်းများပါ-ချောက်လိုက်ပါလော။

၆၃

အပူငြိမ်းဆေး၊ ရေစင်အေးကို
ပေးတတ်လှပေ၊ မိုဃ်းနတ်ဆွေ
ရွှေကြာဖြစ်ထ၊ * မာနသ၏
အေးမြကြည်ရေ၊ သောက်ယူလေ၍
'ရောဝတ'ဆင်၊ မျက်နှာပြင်မှ
ဆင်ယင်အဝတ်၊ ပီတိဘွတ်လျက်
တိုက်ခတ်လေပါ၊ ပဒေသာ၏
ထည်လွှာပခြား၊ ရွက်နုများကို
လှုပ်ရှားညွှတ်နူး၊ အထူးဘူးလျှင်
မြူးတူးရွှင်ပျော်၊ ထိုတောင်ပေါ်တွင်
မွေ့လျော်စံစား-ပါတော့လော့။

---

* (မာနသကန်)

http://nyisay.com



၆၄

‘ဂင်္ဂါ’တမူ၊ ဝတ်ဖြူလွှစ်ခြုံ
* ‘အလကာ’ကို၊ ‘ကေလာသ’ဟူ
ချစ်သူရင်ခွင်၊ ချစ်သူခင်သို့
တွေ့မြင်ပါပြီး၊ လိုတိုင်းသွားသည့်
မိုးသားတိမ်လွှာ၊ သိမည်သာတည်း
မြင့်စွာသွန်းသွန်း၊ ဗိမာန်နန်းဖြင့်
တင့်ဆန်းထင်ပေါ်၊ ထိုမြို့တော်သည်
သင်သော်လာရောက်၊ ကျွေးသွန်မှောက်သည့်
ရေပေါက်ပျံ့ဝဲ၊ တိမ်လွှာခဲလျှင်
ပုလဲစီမြွာ၊ ငွေကွန်ဇာကို
ကေသာဆံလွှ၊ ဆင်ယင်သသား
အလှမျက်ချယ်၊ ကလျာမယ်သို့
ရှုဘွယ်ဆောင်လိမ့်မည်သာတည်း....။

ဿ သော်ကသဇင်၊ နှစ်ပွင့်ဆင်သို့
မည်တွင်သည့်သွား၊ အဟံ့ငါသည်
ကာလိဒါသ၊ သက္ကတဖြင့်
ဟွန်းပရောင်ဖွင့်၊ ဖိုးတမန်ကို
မြန်မာ့ဘာသာ၊ ဆင်တန်ဆာဖြင့်
လက်ာဖွဲ့ထုံး၊ ပုလဲကုံးသည်
ရှင်ပြုံးကြပါ- စေသတည်း။

**သော်ဇင်**

---

* (အလကာမြို့) (ကေလာသတောင်)

http://nyisay.com

# ဥတ္တရမေယျ ကာရံမဲ့ ကဗျာ
## ရန်ကုန်ဘဆွေ

မူအတိုင်းမဟုတ်ပါ
ဆရာကာလီဒါသရဲ့ ကဗျာကို ဖတ်၍
နှလုံးသား၌ ခံစားရချက်တို့ကို ဦးနှောက်
ဖြင့် ဆင်ခြင်လျက် မူမပျက်စေဘဲ ပေါ်
လွင်အောင်ရေးသည်။

စာနယ်မြေ

http://nyisay.com

၁

အို....မိုးလုလင်....

အကြင်အလကာမြို့တော်၌....
လှပနုမို့ တိုထိုဖျော့သော ပိန်းမပျို့ကိုနှင့်....
တပ်စွန်းစဘွယ် ,ခြယ်လှယ်အပ်သော ပန်းချီကားချပ်တို့နှင့်
သီဆိုတီးရန် အသံသာသာ မှရိုးစည်တို့နှင့်....
မြကျောက်ဖြင့်ပြီးသော မြေကြီးအခင်းနှင့်....
မိုးတိမ်သို့စွင့်သော မြင့်မတ်သော ပြသာဒ်အတွဲ့နှင့်....

အို....မိုးလုလင်....

ချစ်ဆွေ့မှာလည်း....
ပြုံးပြုံး ပြက်ပြက် လက်လက်သစ်သည့် လျှပ်စစ် ဟူသော ချစ်ဘွယ့်အပျိုနှင့်....
ရောင်စုံခြယ်သည့် သိကြားလင်းလေး သက်တန့်ရေးဟူသော ပန်းချီကားချပ်နှင့်....
ထစ်ချုန်းပလီမြည်နိုင်လှသော စည့်သံနှင့်....
မြစ်၏အသွင်ပင်ကိုယ်အေးသော ရေအယဉ်နှင့်....

မိုးလုလင်ရေ....

အလကာမြို့တော်နှင့် ချစ်ဘွယ်ကောင်းသော အဆွေမိုးလုလင် သည်ကား၊ တူညီသောအလှ တူညီသော ပြည့်စုံမှုတို့နှင့်....

စာနယ်မြေ

http://nyisay.com



၂

အို....မိုးလုလင်....

အလင်္ကာမြို့တော်သူတို့ကား....
လက်နှစ်ဘက်၌မူ ကြာရိုးကြာစွယ်တို့ကို ပုတီးလည်ဆွဲအဖြစ် စိတ်ကူးသစ်တိုင်းပြု လုပ်ကစားရန်အသင့်ရှိနေကြသော ကြာပန်းခိုင်တို့ကို ကိုင်လျက်....
မျက်နှာ၌မူ ဝတ်မှုံတို့ဖြင့် ဖွေးဖွေးဖြူသည့် အေးကြည်သော ယောက်ရပ်ပန်းတို့ကို လိမ်းခြယ်လျက်....
ဆံမြိတ်စို့၌မူ ပွင့်သစ်စနီမြန်းသော လိပ်ဆူးနီပန်းတို့ကို ပန်လျက်....
နားနှစ်ဘက်၌မူ ရွှေရွှေနုစို ကုဏ္ဍလုပ်ပန်းတို့ကို ယိုးစိုက်လျက်....

ဦးထိပ်၏အလယ် ဆံရေးကြောင်းတွင်မူကား ချစ်သူနိုးထိမ်လာလင့်မှ စောင့်ပွင့်ရှာရဲသူမအူပန်း ဝါဝါ ခါ်ကို ပန်တည့်ကြကုန်လျက်..

စာနယ်မြေ

http://nyisay.com



၃

အို....ချစ်လိုဘွယ်သော မိုးလုလင်....

အကြင်အလကာ ၅မြို့တော်၌....

တနှစ်ပတ်လုံး မပြတ်ပွင့်သော ပန်းသစ်ပင်တွေက လည်း သူ့ထက်ငါပြိုင် အနိုင်လုယက်ကြလျက် မြို့တော် တခုလုံးကို ပန်းပွင့်များဖြင့် ဖုံးလွှမ်းကြ၍.... ပန်းမြို့တော်အဝှင်း၌ ဝတ်ရက်ရည်သောက်ကြူး၍ယစ် မူးသော ပိတုန်းညိုတို့၏ တေးဆိုသံကလည်း ဒီဒီညံ့ကြ၍

စိမ်းညို့ညို့ ရေကန်အပျိုမကလေးတို့က လည်း ရောင်စုံစို့သည့် ကြာမျိုးဝတ်တို့ကို အမြဲတစေ မလုံ့တလုံ ဖုံးလွှမ်းကြ၍....

ဖြူလွသည့် ခါးစည်းကြိုးနှင့်တူသော ဟသ်ာတန်း ကြီးကလည်း ကြာဝတ်လွှာကို မကျွတ်ပါလေအောင် ပတ်တော့မလိုလို ပတ်တော့မလိုလို ဟိုသည်လှုပ်ရမ်း ကူးသမ်းကြ၍....

အိမ်တိုင်းအိမ်တိုင်းတို့၌ မွေးမြူထားကြသောများလှ သည့် ရွှေဥဒေါင်းတို့ကလည်း အမောက်မြီးဆံကို ဖွလျက် လှပအောင် အပြိုင်ကကြ၍....

ထိုသောအခါ ရွှေဖြင့်စပ်သည့် ဆန်းကြယ်သော စိမ်းပြာရောင်တွင် ငုပန်းဝါ တောက်တောက်ဖေါက် လျက် တမြို့လုံးပြိုးပြိုးပြက်၍ ရောင်စုံယှက်သည့် နေရာ တိုင်းမှ သာယာသော တွန်ကျူးသံတို့ကလည်း တမြို့ လုံး၏ အချစ်စိတ်ကို လှုံ့ဆော်နိုးဆွ၍....

http://nyisay.com



ချစ်သူတို့၏ သိမ်မွေ့စွာ သိဆိုအပ်သော အချစ်တေးတို့ဖြင့်တုံ့စွာ တန်းဆာဆင်လျက် တောင့်တသော အချစ်ဖြင့် ကြော့မော့စွာ လူးလွန့်နေရှာသည့် လမ်းအသွယ်သွယ်တို့ကို ဖြစ်စင်သော ပုလဲဝတ်ရုံကို ခြုံလျက် တကြိမ်တခါမျှစိတ်မပျက်ပဲ ညစဉ်လူပျိုလှည့် လာတတ်သော လလုလင်သည် ရှိသည်ဖြစ်၍....

၄

အို....မိုးလုလင်....

အကြင်အလကာမြို့တော်၌....

အရွယ်တိုင်းလှလျက် မျှတအားသစ်သော မယ်ယကွတို့သာ ရှိကြ၏။ အရွယ်နှင့်အလှမမျှကာဘဲ ရွတ်တွမစွမ်းအားကုန်ခမ်းနေကြသော မယ်ယက္ခဟူ၍ လုံးဝမရှိကြ....

အလကာမြို့သား ယက္ခများသည်လည်း ဝမ်းသာခြင်းကြောင့် ထွက်ကျရသော မျက်ရည်တို့သာ ရှိကြ၏၊ ပူပန်ဆင်းရဲ ဝမ်းနည်းမှုကြောင့် ထွက်ကျရသည့် မျက်ရည်ဟူ၍မသိကြ....

ကိလေသာ၌ နစ်ရသဖြင့် နှစ်သက်ရသော ဆင်းရဲမှုသာရှိကြ၏။ အခြား အကြောင်းကြောင့် ဆင်းရဲမှုများ မရှိကြ....

အို....မိုးလုလင်....

မိုးလုလင်၏အဆွေဖြစ်သော ငါကဲ့သို့လည်း ချစ်သူနှင့်ကွေကွင်းရသဖြင့် ဆင်းရဲရခြင်းမျိုးလည်းမရှိကြ....

အချို့သောစာမူတို့၌ ဤကဗျာပိုဒ်မပါ။

http://nyisay.com



# ၅

ဒို....မိုးလုလင်....

အလင်္ကာမြို့တော်၌....

ဂြိုဟ်နက္ခတ်တည်းဟူသော ရွှေပန်းတို့ဖြင့် ခြယ်စီအပ်သည့် လေဟာပြင်သို့ နန်းဆောင်ဝတို့မှ အစုံအစုံ ထွက်လာကြသော ချစ်ဘက်သက်လျှယ် တူမောင်မယ်တို့သည် သလင်းကျောက်ဖျာထက်၌ လည်ချင်း ယှက်ကာ နှစ်လိုစဖွယ်ထိုင်ကြကုန်လျက်....

စိကုံးအပ်သော တီးလုံးသံကိုဖြစ်စေသည့် မရိုးစည်ကိုနှစ်ပါးစုံမြူး အဲတူးယှူးတီးခတ်ကြသဖြင့်အဆွေ၏ယစ်ချုန်းသံကဲ့သို့ တူစွာမြည်သော စည်သံတို့သည် မြို့လုံးအနှံ့ပဲ့တင်ခတ်မျှ တခဲနက် သာယာစွာမြည်လျှက်....

မွေ့လျော်နိုင်ခြင်းကို တိုးပွားစေခြင်း၌ အကျိုးပြုသည့် အရက်ချိုတို့သည် ထိုစည်သံကြောင့်ပဒေသာပင်မှ ယိုစီးကျလာသောအခါ ရွှေခွက်ဖြင့်ခံယူကာ မြူးမြူး တွဲတွဲ ပြုံးစစသောက်ကြကုန်လျက်....

http://nyisay.com



၆

အို....မိုးလုလင်....

အကြင် အလကာမြို့တော်၌ 'ပန္နာဂါနို' ဟူသော မြစ်တခုသည်ရှိလေလဲ....

ထိုမြစ်အပြင်၌ စိမ့်စိမ့်အေးသော လေတို့သည် ရေခိုးရေငွေ့တို့ကို ယူဆောင်ကြကုန်၍ မြစ်ကမ်းသောင်စပ်၌ မားမားရပ်နေကြသော မန္ဒရ နံ့တ်သစ်ပင်တို့ကို ပွေ့ဖက်နေကြပြီ....

နတ်ဟူပိုပင်လျှင် လိုချင်တောင့်တ ရကုန်သော.... အလကာမြို့သူ အပျိုဖြူတို့သည် ထိုရွှေသဲပြင်ယက်၌ ငွေလက်သီးဆုပ် ရိုက်ပုတ်သဖြင့် နစ်မြုပ် ရသော ပတ္တမြားနီလာ ရတနာဇာယ်ကိုကို ဖွက်တမ်းဖေါ်တမ်း ကစားနေကြမြ....

စာနယ်ဇင်း

http://nyisay.com



၇

အို....မိုးလုလင်....

အကြင် အလင်္ကာ ပြီ
မြို့ရွာဝတ်သော်လည်း ကျွက်မလိုလို ကပိုကရိုမြင်ရသည့် ချစ်စဖွယ်လှသော အလင်္ကာမြို့သူတို့၏ အဝတ်ကို အကြင် အလင်္ကာမြို့သား လင်ယောက်ျားတို့သည် ကြည့်ဘယ်လိုသော တပ်မက်မှုဖြင့် ချစ်ခင်းမဲ့ချွတ်တတ်ကြမြဲ....

အကြင်ချစ်ဇနီးတို့ကလည်း မိမိတို့နှုတ်ခမ်းအရောင် နီကြန့်ကြန့် ထွန်းပြောင်သော ကျောက်မျက် ရတနာ တိုင်တို့၏ အလင်းရောင်ကြောင့် ရှက်စနိုးနှင့် ကြောင့်စိုးလှသည်ဖြစ်၍ တိုမီးရောင်အသွင် မြင်စေ နိုင်သော ကျောက်မျက်ရတနာတိုင်တို့ကို မွှေးနံ့သာ ဆုပ်တို့ဖြင့် ဖုံးအုပ် မှောင်မဲစေရန် ပစ်ခတ်မြဲ....

ယင်း မွှေးနံ့သာဆုပ်တို့ကလည်း ပတ်ဝန်းကျင်နှင့် နန်းအဆောင်ကောင်တို့မှ တောက်ပြောင်သောရတနာ တိုင်များဆီသို့ ရှေးရှုယိမ့်နှံကြသော်လည်း ဖုံးအုပ်ပဲ ပြန့်ကျဲကျမြဲ....

နံ့သာမှုန့်တို့ကလည်း မွှေးထုံမြဲ၊ ရတနာအလင်းရောင်တို့ကလည်း တောက်ပမြဲ....

စာနယ်ဇင်း

http://nyisay.com



ဂ

အို....မိုးလုလင်....

အကြင် အလင်္ကာမြို့၌....

မွှေးယနံ့ကို ယူဆောင်တတ်သော သင်းပျံ့သည့် ယနံ့တို့ကို မရပ်မနား ဖြန့်ကျဲပေးလေ့ရှိသော အကြင်လေသည် ထိုအလင်္ကာ တမြို့လုံး၏ ဘုံခုနစ်ဆင့် အမြင့်ဆုံးသော စံနန်းဆောင်များသို့အရောက် ပြေးလွှားခုန်ပေါက် မြူးတူးလေသည်ကော....

ထိုစဉ် ဖြူယောင်ယောင်ညို့ယောင်ယောင်ပြာနုညို့ညို့ အရောင်ကိုဆောင်သော ချစ်ဒွေ၏အမျိုးအနွယ်တို့သည် အလင်္ကာမြို့၏အလှကို ဝိုင်းဖွဲ့ငုံ့ကြည့်နေရာမှ ထိတ်လန့်လှုပ်ရှား ပြေးသွားကုန်ကြရသည်ဖြစ်၍နံရံပြင်ဝယ် ခြယ်လှယ်ပုံလုပ်ထားသော လှပသည့် ပန်းချီပန်းဖုရုပ်တို့ကို တိုးတိုက်မိကြလျက် မိမိတို့မှဖိတ်ကျသော ပုလဲပေါက်တို့ဖြင့် ထိရောက်စွတ်စိုလေကြမည့်ကို စိုးရိမ်လှလေသည်ကော....

သို့ကြောင့် ထိတ်လန့်စိုးရွံ့သော မိုးတိမ်တို့သည် ဖွဲဖွဲသီဆိုလိုက်ကြသော တေးမန္တာန်နှင့်အတူ အခိုးအငွေ့ဖြစ်သော ကိုယ်ကိုပြုလျက် ပြတင်းလေသာ ဇာကွန်ယက်တို့အကြား၌ ဆိုင်းခိုပုန်းအောင်းလိုက်ကြ လေပြီကော....

စာနုယ်မြေ

http://nyisay.com



## ၉

အို....မိုးလုလင်....

သန်းခေါင်ယံအခါတွင် ကမ္ဘလာ ဝယ်ရုံနက်ကို ဝတ်ဆင်၍ မိုးပြင်သို့ လည်ပတ်လေ့ရှိသောအဆွေသည် ဘွင်ဘွင်စီးယိုသော ငွေမျက်ရည်တို့ဖြင့် ချစ်ခင်လွမ်းဆွတ်မှုကို သက်သေတူလျက်ရှိသော လနတ်မယ်ကိုမြင်ပါလျက် ကျီစယ်ချော့မော့ မပွေ့မဖက်တော့သည်ဖြစ်အံ့-

အလင်္ကာမြို့ရှိ နန်းဘောင်ပြဿာဒ်ကို၏ ဇာမိတ်ဆွဲဝယ် သီတွယ်အပ်ကုန်သော အေးမြ ငြိမ်းချမ်းခြင်းဖြင့်ဂင်းပသည့် စန္ဒရကန် ကျောက်မျက်ရွဲတို့အား ထိုလနတ်မယ်၏ ငွေမျက်ရည်ဆွေးချောင်းဟပ်သဖြင့် တဖြတ်ဖြတ်ထွက်ကျသော တောက်ပမှုတို့သည် သနားကြင်နာခြင်းကြောင့် သီးစွာဝိုရှိုက်အပ်သော မိုးစက်မိုးပေါက်တို့ဖြစ်လာရလိမ့်လေအံ့....

အလင်္ကာမြို့၏ အိပ်ခန်းဆောင်တို့ဝယ်....ချစ်သူသည်လျော့ဖြေအပ်သောလက်ဖြင့် လည်၌ဖက်ခြင်း ရှိလာရသည့်အကြင်ပိန်းမပျိုတို့နှင့်နှစ်ကိုယ်ပျော်မွေ့ခြင်းကြောင့် ဖြစ်သော ကိုယ်လက်ရိန္နမ်း ပင်ပန်းမှုသည် ကိုသူ၌ဖြစ်အံ့။ အကြင်သူသည် ထိုစန္ဒရကန် ကျောက်မျက်ရွဲတို့ငိုခြင်းကြောင့်ဖြစ်ရသော မိုးပေါက်မိုးစက်တို့တိသဖြင့် အားသစ်ရှင်လန်း အပန်းပြေပေလိမ့်အံ့....

အို....မိုးလုလင်....

အလင်္ကာမြို့အလုံး၏ လေသာဇာမြိတ်ဆွဲတို့၌ စန္ဒရကန် ကျောက်မျက်ရွဲများသည် စီရရီ တွဲခိုကြကုန်လျက်....

<u>စာနယ်ဇင်း</u>

http://nyisay.com



## ၁၀

အို....မိုးလုလင်....

အိမ်ဟှင်စုပုံ မကုန်နိုင်သောရတနာတို့ကို လက်၌စွဲ လားစွဲပျက်....

နတ်မယ်တမျှ လွှန်လှပသည့် ပြည့်မတန်းဆာ သမီး ကညာ ရတနာတို့ကိုရွှေလည်ပြိုင်ကပ် ပါးချင်းအပ်လား အပ်လျက်....

နှစ်လိုကြွယ်ဝရာသာယာသောစကားတို့ကို ဟွက်တွတ် သံချို နားဝင်ဖွဲ့အောင်ပြောလား ပြောလျက်....

ချိုသာသော လည့်ပိုင်လည်းမှိုကုန်သော ကုဝေရ နှယ်မင်း၏ ဘွဲ့သီချင်းကိုလည်း မြင့်သော အသံဖြင့် ကျူးရင့်သီဆိုကြကုန်သော အကြင်ကိန္နရီ ကိန္နရာတို့နှင့် အတူ တွဲလားပွဲလျက်....

ကာမဆားရေ သောက်မပြေကို သောက်လိုနေကြ သော အကြင် အလကာမြို့သားယက္ခများသည် နေ့စဉ် နေ့တိုင်း အလကာ မြို့ပြင်ရှိ 'ဝေဘာရဇ' ဥယျာဉ်သို့ တပျော်တပါး သွားလေလား သွားလေကြလျက်....

စာနယ်မြေ

http://nyisay.com



၁၁

အုံ....မိုးလုလင်....

အကြင်အလကာမြှို့၌ ရောင်စုံကျောက်သလင်းတို့ဖြင့် စီခင်းအပ်သော လမ်းတို့ကလည်း ပြောင့်ပြောင့်ဖြူးလျက်-

ညှော်သန်းယံကလည်း ထိုလမ်းတို့၏ အပေါ်၌ စိန်ပွင့်ကလေးများ စီခြယ်သော ပြာညို့ညို့ အမှောင်ခံသည့် ကြယ်ကန့်လန့်ကာကြီးဖြင့်ဖုံးလွှမ်းပေးလျက်....

အချစ်ဖြင့် ယစ်မူးတတ်သော အလကာ မြို့သူတို့ကလည်း ထိုအမှောင်ရိပ်ကိုလှုံ၍ အစုံအစုံသော ချစ်သူတို့ဖြင့်ချစ်သောက်ကြူးလျက်....

နေဝန်းကမူ စိန်ကြယ်ပေါက်ယားသည့် အမှောင်ကန့်လန့်ကာကို ရွှေရောင်ခြည်လက်ဖြင့် ရှုတ်သိမ်း၍ အလကာမြို့သူတို့ ယပြေးအံ့သည်ကို ရယ်သွမ်းသွေးသော မျက်လုံးကြီးဖြင့်ကြည့်လျက်....

ထိုအခါ ချစ်သောက်ကြူးသဖြင့် ချစ်ရည်မူးနေကြသော အလကာမြို့သူတို့ကလည်း နိုးလာသောအသိနှင့် အတူ မိမိတို့၏ ကင်းကွာ ပြေကျွတ်သော အဝတ်တို့ကို ရှက်စနိုး ဆွဲသိမ်းကြလျက်....

ထို့နောက် ပြေလျော့ကျသော ယှပသည့်အဝတ်တို့ကို မိုသီဘတ်သီ ဒရွတ်ဆွဲ၍ လမ်းထက်မှ သုတ်သုတ်ဆောဆော တွက်ခွါကြလျက်

ဤတွင် နဖူးဆံစတို့မှ ကျွတ်ကျကျန်ရစ်သော မန္ဒရမည်ဆန်း နတ်သစ်ပန်းတို့သည်ငင်း ရိုးညွန့် ပြတ်လျက်

http://nyisay.com



နားတို့မှ ကျွတ်ကျကုန်သော ရွှေကြာပန်းတို့သည်၎င်း၊ ရင်သားအရပ်၌ မြတ်သော ကြိုးရှိကုန်သည့် ပုလဲသွယ်တို့သည်၎င်း.... လမ်းလုံးအနှံ့ ပြန့်ပြန့်ကျဲလေလျက်....

အဆွေမိုးလုလင်.... မြေပြင်၌ ပြန့်ကျဲနေကြသော မြို့တော်သူတို့၏ ပုလဲကွန်ယက်ကို မြင်ယုံမျှဖြင့် အလကာညာ၏ ချစ်ရေးပုံပြင်ကို အထင်အရှား သိနိုင်ရာသည် ကော....

၁၂

အို....မိုးလုလင်....

အကြင် အလကာမြို့၌ ကုဝေရ နတ်ဘုရင်ကြီး၏ မိတ်ဆွေဖြစ်သော သိဝမျက်နှာတော်ကို ထင်ရှားစွာ မြင်နေကြရသည် မဟုတ်ပါလား....

အချစ်နယ်ကို အပိုင်စားသည့် ကိုရွှေမြားနတ်မောင်သည်လည်း ပျားပိတုန်းလျှော်ညို့ကြိုးပြုသော ပန်းပွင့်တံညီးဟူသော အချစ်ဖြင့်ထုံသည့် အဆိပ်ရှိသောမြားကိုအသုံးပြုရသောလေးကို ဤအလကာမြို့၌ မကိုင်ဆောင်ဝံ့အောင် ကြောက်ရွံ့နေသည်မဟုတ်ပါလား....

အကျိုးမဲ့မဖြစ်စေသော လိမ္မာပါးနပ်သော တပ်မက်ဘွယ် တင့်တယ်သည့် သွေးဆောင်ခြင်း ညွှတ်ကြိုးရှိသော အကြင် အလကာမြို့သူတို့၏ မျက်ခုံးနှင့်တကွ ပစ်လွှတ်အပ်သော မျက်လုံးမြားသည် ကိုရွှေမြားနတ်မောင်၏ လုပ်ငန်းကို အလိုလိုပြီးဆုံးစေသည်မဟုတ်ပါလား....

စာနယ်မြေ

http://nyisay.com



၁၃

အို....မိုးလုလင်....

အကြင်ဒါလကာမြို့တော်၌ လှပဆန်းကြယ် ခန့်ထယ်သော အသွေးအဆင်စုံသည့် အဝတ်အထည် တွေကလည်း ပေါလှ များလှစွာနှင့်....

မျက်လုံးတို့၏ ချာချာလည်ခြင်းကို ကောင်းစွာသင်ပြတတ်သော စွဲမက်ကွယ်ရာ အရသာမျိုးရှိသည့်အရက်ချိုတို့ကလည်း ပေါလှများလှစွာနှင့်....

စိန်ကြောင်မြသား ပတ္တမြားနီလာ မဟူရာ ပုလဲကျောက်မြက်ရွဲတို့ကို လှော်သစ်စ ရွှေခဲဖြင့်ပြုလုပ်ထားသည့် ရှုမငြီးဘွယ် လှသောလည်ဆွဲ လက်ဝတ်ကိုယ်ဝတ် ခြေဆင် အကြင်အကြင်သို့သော ရတနာမျိုးဖွေကလည်း ပေါလှများလှစွာနှင့်....

လူးလိမ်းရန် အမွှေးနံ့သာ မျက်မှောင်ညို့ညို့၌မှင်တို့သည့်ဆေး၊ ခြေကျဉ်းဝတ်အစပ်မှ လှပ်ပြထားသည့် ခြေဖျားအဖုံကို သုတ်ခြယ်လူးဆိုးရသည့်ချိပ်ရည်ဤသို့....ဤသို့သော အလှပေါ်တွင် အယဉ်ဆင့်စရာ ဟွယ်ဟွက်ရာရာတို့ကလည်း ပေါလှများလှစွာနှင့်....

ထို့ပြင်.... ဒါလကာမြို့သူတို့၏ အမျိုးအစားပေါင်းများလှစွာသော အဆင်တန်းဆာဟူဟူသမျှတို့ကလည်း ပေါလှ များလှစွာနှင့်....

ယင်းတို့သည် အဘယ်ကရပေါ်သနည်းဟု အချွေမိုးလုလင်ကမေးသည်ဖြစ်အံ့၊ တခုတည်းသောပဒေသာပင်က သီးပွင့်ပေးပါသည် ချစ်ချွေဟု ပြန်ပြောလိုက်မည်ကော....

စာနယ်ခြေ

http://nyisay.com



၁၄

အို....မိုးလုလင်....

အကြင် အလကာမြို့ရှိ ကုဝေရ နတ်ဘုရင်ကြီး၏ စံနန်းတော်မြောက် တခေါ်လောက်၌....

သက်တန့်ရေးကဲ့သို့ တင့်တယ်သော မုခ်ဦးပန်းတိုင်စိုက်ထူလျက် အဝေးက မြင်နိုင်သည့် ဝင်းတံခါးလည်းရှိသော....

မွှေးထားသော ဥဒေါင်းငှက်တို့ ပျော်မြူးကြလျက် ပန်းမျိုးစုံတို့ ပွင့်ချင်းပြိုင်သည့် သင်းကြိုင်ကြူမွှေးသော ဝင်းခြံအတွင်း၌....

လက်ဖြင့်လှမ်းကိုင်ဆွတ်ခူးနိုင်သော သီးခိုင်သီးပြွတ်တို့နှင့် ကိုင်းညွှတ်လျက် ငါ၏ချစ်သက်လျှာသည် သားအမှတ်ပြု၍ မြတ်နိုးအပ်သည့် ပန္နရ နတ်သစ်ပင်ကြီးက လည်း လှပစွာရှိနေသော....

မိုး လုလင်ဆွေ.... လှမ်းမြင်လေရုံမျှ သိသာသာသည့် အကြင် စံနန်းအိမ်တခုတွေ့လိမ့်အံ့၊ ထိုအိမ်သည်ချစ်ဆွေ မိုးလုလင်၏မိတ်ကောင်းဖြစ်သော ငါ၏အိမ်ပါတည်း-

စာနယ်မြေ

http://nyisay.com



၁၅

အို....မိုးလုလင်....

စိမ်းလဲ့ ထွန်းတောက် မြကျောက်တို့ဖြင့် စီခြယ်ထားသည့် အဆင်းအဆက်လည်းရှိသော....

တခဲနက်မှုသော ရတနာကျောက်မျက် အရိုးအရွက်တို့နှင့်လည်း အဆန်းတကြယ်ရှိသော....

ရွှေစင်အတိပြီးလျက် ကားကား ငွင့်စွင့် ပွင့်သည့် ကြာပန်းတို့ဖြင့် ဖုံးလွှမ်းသော....

ချစ်ဆွေကိုမြင်သဖြင့် ရေနောက်မည့်အတွက် အစိုးရိမ်မဲ့ကြသဲ ပျော်မြူး ကူးဆော့ကြရင်း မိမိတို့၏ ''မာနသာ''ရေကန်ကိုပင် ပြန်ပြေးရန် သတိမရကြတော့သည့် ငွေဟင်္သာတို့ဖြင့် ခြယ်စီသော....

အို....မိုးလုလင်....

အကြင်သို့သော ရေကန်သည် ခြံဝင်းကြီးလယ်၌ရှိလိမ့်အံ့....ထိုရေကန်ရှိသောခြံဝင်းသည် ချစ်ဆွေမိုးလုလင်၏ မိတ်ကောင်းဖြစ်သော ငါ၏အိမ်မှခြံဝင်းပါတည်း....

စာနယ်မြေ

http://nyisay.com



၁၆

ဒီို...မိုးလုလင်....

ဇာနွဲ့နီလာ မြကျောက်ညိုတို့ဖြင့် ရှုမောဘွယ်ရာ ပြိုးပြိုးပြက်ပြက် ပြုလုပ်အပ်သော တောက်ပသည့်တောင် အထွဋ်တို့လည်းရှိသော....

ဝန်းကျင်၌ ရွှေငှက်ပျောပင်တို့သည် ပတ်ချာရှိသဖြင့် သာယာစိမ်းစိုသည့် အသွင်လည်းဆောင်သော....

မောင်မယ်စုံ ချစ်ကြည်နူးလျက် ပျော်ပြုံးပြေးလွှား ကစား ကြည်စယ်ရာလည်းဖြစ်သော....

နှလုံးကြည်မြေ့ မွေ့လျော်ဘွယ်ရာ လှစွာသော အကြင်တောင်ငယ်သည် ထိုရေကန်၏အနီး၌ ရှိနေလေသည်ကော....

ချစ်ဆွေကလည်း အစွန်းနှစ်ဘက်၌ တလက်လက်တောက်သော လျှပ်ပန်းတို့ကို ပန်လျက်.... ညို့ညို့မှိုင်းသော ကိုယ်တွင်.... လှသော အထွဋ်ရှိသည်ဖြစ်၍ လာခဲ့လေပြီကော....

ငါသည်လည်း ချစ်ဆွေမိုးလုလင်ကို ထိုပ်တောင် အသွင်မြင်ရသဖြင့် ငါ၏ဇနီးသက်လျှာ အလာမြှသူသည် နှစ်လိုစွာကြည့်နေ့တတ်လေ့ရှိသော မောင်မယ်စုံ အပျော်ကျူးခဲ့ကြသည့် ယင်း တောင်ထွဋ်ကို သတိရလျက် လွမ်းစိတ်ကူးနှင့်ရူးလုလု ဖြစ်နေရပါပြီကော....

စာနယ်မြေ

http://nyisay.com



၁၇

အို....မိုးလုလင်....

ထိုတောင်ပေါ်၌....

စံပယ်မျိုးနွယ်လိမ် ပန်းခြုံအိမ်တို့အနီးတွင် လိပ်ဆူးနီပင်တို့ခြံရံအပ်သည့် လှုပ်ရှားသော အဖူးအညွန့်ရှိသော အာသောကပင်ကြီးသည် ချိပ်ရည်ဖြင့် လူးခြယ်လျက် တပင်တိုင် က,နေလေလိမ့်အံ့....

ထိုတောင်ပေါ်၌....

ရှုချင့်စဘွယ်တင့်တယ်သော ချယားပင်သည် ပင်လုံးဖုံးမျှ လှသောအပွင့်တို့ကို ပန်ဆင်၍ အပျိုလုပ်နေလေလိမ့်အံ့....

ယခုမူ....

တပင်တိုင်ကနေသော အာသောကအပင်သည် ပိုင်ရှင်နေကြသည့် ပန်းခြုံတို့ကဲ့သို့တပ်မက်သော အပွင့်ကို လိုလေပြီဖြစ်၍ ကြီးထွားလိုလှသည့်အတွက် ငါနှင့်တကွ သင့်သူငယ်ချင်းမတို့၏ လက်ဝဲခြေဖြင့် နင်းနှိပ်ပေးခြင်းကို တောင့်တနေလေလိမ့်အံ့....

ယခုမူ....

ပင်လုံးကျွတ်ဖုံးသော ပန်းတို့ကိုပန်ဆင်လျက် အပျိုလုပ်နေသော ချယားပင်ကလည်း အသီးဖြစ်သောသားတို့ကို လိုလေပြီဖြစ်၍ ငါနှင့်တကွ သင့်သူငယ်ချင်းမ၏နှုတ်မှထွေးအံ့သော အရက်ချိုတို့ကို ချင်ခြင်းလိုသဖြင့် မျှော်လင့်နေလေလိမ့်အံ့.....

စာနယ်မြေ

http://nyisay.com



၁၈

အို....မိုးလုလင်....

ထိုသစ်ပင် နှစ်ပင်၏ အလယ်၌ အလွန် မရင့်သေးသော ဝါး၏အရောင်ရှိသည့် ကျောက်စိမ်းတို့ဖြင့် တိုင်ခြေပတ်လည်၌ ဖွဲ့စိုက်အပ်သော ပွတ်တိုင်တွေလည်းရှိသော....အစဉ်အေးမြသော ကျောက်သလင်းဖြင့် ပြုလုပ်စီရင်သည့် ကျောက်ခုံလည်းရှိသော ရွှေအတိပြီးသော တိုင်တခုသည် စိုက်ထူထားပါလေသည်တော....

အို....မိုးလုလင်.... သင်မိုးလုလင်၏ ချစ်မိတ်ဆွေရင်းလည်းဖြစ်သော မိုးဝပြင်ကျယ် တိမ်ပင်လယ်၌ အမြဲမပြတ် ကနေတက်သည့်လည်းဖြစ်သော လည်တိုင်ညက်ညို ဥဒေါင်းပျိုသည် ထိုရွှေတိုင်ကြီးကို အုပ်စိုးကာ တညချမ်းလုံး နားနေလေ့ရှိသည်တော....

လိုဇဉ် တချင်ချင်ညံ့ လက်ကောက်သံတို့နှင့်အတူ လွန်စွာ သာယာကုန်သည့် လက်ခုပ်သံတို့ကို ပြုလျက် ထိုငါ၏ ချစ်သက်လျာသည် ရွှေတိုင်ကြီးထိပ် အိပ်စက်နားနေရန်လာသည့် ရွှေဥဒေါင်းကို တွန်ကျူး က,ခုန်စေပြန်ပါသည်တော....

စာနယ်မြေ

http://nyisay.com



၁၉

ရွဲထင်သောမှတ်ညာဏ်ကို ပိုင်စိုးသည့် အို....မိုးယုလင်....

မှာပြီးလေသမျှ တွေ့လိမ့်ရမည့် အဝဝသောရှုခင်း တို့ကိုမြင်၍ဖြစ်စေ....

ဟံခါးနှစ်ရွက်တို့၌ တဘက်တခုစီ ခြယ်မှုန်းထားအပ်သော တူရိယာအမှတ် ခရုသင်းနှင့် ပဒုမ္မာကြာချပ်တို့၏ပုံကို မြင်၍ဖြစ်စေ....

သခင်ဖြစ်လေသောငါနှင့် ကင်းကွာ နေရသည်၏အဖြစ်ကြောင့် သွေ့ခြောက်သော အရောင် အဆင်းရှိသည်ဖြစ်၍ နေမင်းကွယ်ပျောက်သည်နှင့် ပဒုမ္မာကြာပွင့်ချပ်လွှာသည့် မိမိ၏ လှပတင့်တယ်မှုကို မသိမ်းဆည်းနိုင်ဘိသို့ အပူမီးခ နွမ်းလျလျရှိသော သလင်းစံနန်းဆောင်ကို တွေ့ကာမျှဖြစ်စေ....

ဤဟာ....မိုးလုလင်၏အဆွေဖြစ်သောငါ၏သလင်းကျောက်နန်းဆောင်ပေတကားဟု.... မှတ်သားလိုက်ပါလေ....

http://nyisay.com



## ၂၀

အို....မိုးလုယင်....

ယိုယိုသော အသွင် အပြင်တို့ကို ထက်ယံတခွင်မှ မြင်ရ၍ ငါ၏ကျောက်နန်းဆောင်ကိုသိလျက် အလွယ်တကူ သက်ဝင်နိုင်စေခြင်းငှါ ဆင်ပေါက်ကလေး တမျှသေးငယ်လှအောင် သင့်ကိုယ်ကို ပြုလေပါချေတော့....

ဟို့နောက် ရှုမောဖွယ် ပျော်မြူးဖွယ် ယခုလွှမ်းဆွတ်ဘွယ်သော ဟို....ငါတို့ မောင်နှံ ပျော်မြူးခဲ့ကြသည့် ဇာနန္ဒီလာကျောက်ညိုဖြင့်ပြီးသော တောင်ထက်၌ ဆင်းသက်ရပ်တည်လေပါချေတော့....

ဟို့နောက် လျော့ရဲရဲ ဖြိုးဖြက်သည့် လက်လက်အရောင်ဖျသော ပိုးစုံးကြိုး၏ လဲ့ပင်းခြင်းမျိုးဖြင့် ပွင့်အပ်သော မျက်စိရှိသည့် လျှပ်စစ်ပန်းကို ငါ၏စံနန်းဆောင်တွင်းသို့ ပစ်သွင်းကြည့်ပါလေချေတော့....

http://nyisay.com



၂၁

အို....မိုးလုလင်....

အကြောင်ကိုနန်းဆောင်အတွင်းပယ် ငယ်နု သွယ်လျ လှပ ကျစ်လစ်သည့် ချစ်ဖွယ်သော ကြော့ကြော့ရှင်းရှင်း ကိုယ်နှင့်....

လျှော်သစ်စ မွှေနုရည်ကဲ့သို့ ဝင်းကြည် လှပ နုရွှ သော အသားအရေနှင့်....

တောစပယ် ပွင့်ဖတ်စကဲ့သို့ ဖြူလွှချွန်ထက်သည့် စီစီညီသောသွားနှင့်....

မှည့်သစ်စ ကျီးအာသီးရောင် ကဲ့သို့ နီလွင် ရွှမ်းပြည့် ဖေါင်းအိသော အောက် နှုတ်ခမ်း သားက လေးနှင့်....

ငယ်သော အမျိုးပေါက်ကလေးများ အသုံးပြုကြ သည့် လက်ဆုံ ကျည်ပွေ့သဘွယ် သေးငယ်ချောမွတ် သည့်ခါးကိုင်နှင့်....

ယိုဟ်ယှန်သော သမင်ျိုမ၏မျက်ဝန်းကဲ့သို့ လဲ့လဲ့ စိမ်းညို့ ရွှမ်းရောင်စို့လည့် တပ်မက်ဘွယ် လှုပ်ရှားမှုနေ သောမျက်လုံးနှင့်....

လှုပ်ရှားသွားသောခြင်းကို ရနံ့မြွှေရရ ယဉ်စစေသည့် လှပသော ချိုင့်ခွက်ငယ်ကလေးနှစ်ခုဖြင့် တန်ဆာဆင် သော ပေါ်လွင်လှယဲသည့် တင်သား တပွေ့တပိုက်ကြီး နှင့်....

စာနယ်ဇင်း

http://nyisay.com



ကိုယ်ဟန်ဒဏ်ကြောင့်ကို လှုံ့မျှ ညွှတ်ပျော့စေသော အားပါးတရ လေးလံဖွံ့ထွားသည့် ရင်သားအစုံတို့နှင့်....

လူသားတို့ကို ဖန်ဆင်းသည့် ဗြဟ္မာမင်း၏ စံပြရုပ်နှင့်တူသော ယင်းကဲ့သို့ ငယ်နုနုမိန်းမပျိုကား အချွေမိုးလုလင်၏ ရောင်းရင်းဘက်ဖြစ်သော ငါ၏ ဇနီးပါတည်း....

## ၂၂

ဒို....မိုးလုလင်....

ရွှေလည်ပြိုင်ငယ် ပါးချင်းအပ်လျက် မပြတ်အတူသွားလာဘက်ဖြစ်သည့် ထို....ရှင်မ၏ ချစ်လင်ငါသည် ကုဝေရ နတ်ဘုရင်၏အာဏာဖြင့် ဝေးစွာသောအရပ်သို့ ပြေးလွှင့်နေရ၍....

စက္ကဝက်ငှက်မကဲ့သို့ တယောက်တည်းသာ နေရပါသော တွက်တွက်သာ ချို စကားပြောဆိုခြင်းကိုမျှ မပြုနိုင်တော့ပြီဖြစ်သော ထိုအိမ်၌ တွေ့လတ်သည့် လှဝန်းတာပွင့်သည့် ငါ့ကိုယ်၏ အပြင်သို့ရောက်နေရသော ငါ၏ နှစ်ခုမြောက်အသက်ပင်ဖြစ်သည်ဟု.... မိုးလုလင်ချစ်ရွှေသိပါလေ....

လွမ်းဆွတ်ခြင်းဖြင့် ပြင်းထန်သည့် ဝေဒနာသည် နှိပ်စက်အပ်သော ဆယ်ကျော်သက်က ချက်ဘက်ကိုမှ ဆင်းရဲပင်ပန်းလေအောင် နှိပ်စက်နေသော ရက်စက်ခြင်းဖြင့် စူးရှသည့် ထိုထိုသောနေ့တို့ ကုန်လွန်ကြ၍....

စာနယ်မြေ

http://nyisay.com



ဘီးနှင်းတို့၏ အထပ်ထပ်နှိပ်စက်ခြင်းကို ခံနေရရှာသော ပဒုမ္မာကြာပန်းကဲ့သို့ ထိုငါ၏ ချစ်ဇနီးသည် နွမ်းပျော့ ညှိုးငွေ့ယွင်းချော် နေလေမည်လားဟု စဉ်းစားပူပန်မိရလေ....

အို.... မိုးလုလင်.... အကြင်ငါ၏ ဇနီးသည်လည်း ငါနှင့်အလားတူလျက် စက်ပျော်မရှင် ညှိုးငယ်သော အသွင်ကိုဆောင်လျက် ရှိလေမည်ကော....

၂၄

အို....မိုးလုလင်....

ချစ်ဆွေ၏ မိတ်ကောင်းဖြစ်သော ငါနှင့် ကင်းကွာလေသဖြင့် လွမ်းမိုးဆွေးခြင်းကြောင့် အသဲပြင်မှ လျှံကျရသော စမ်းရေအယဉ်သည် တသွင်သွင် စီးဆင်းနေလေ၍ သူ၏မျက်လုံးအစုံတို့သည် မှိုမှိုမောက်နေရှာပေလိမ့် ...

နှလုံးသားမှလာသော ပူလောင်သည့်ကွက်ဝင်လေတို့ကို ရှူရှိုက်ရသဖြင့် သူ၏ နှုတ်ခမ်းသားသည် သွေ့ခြောက် ကွဲအက်နေရှာပေလိမ့်....

လွမ်းဆွေးကြောင့် ကင်းကွာခြင်းကဖြစ်သော အဆွေးနွမ်းခြင်း ညှိုးနွမ်းခြင်းတို့ဖြင့် ရှက်ညှာသည်သို့ မျက်နှာမောက်အပ် ဆက်စပ်နေရှာသော သူ၏လက်ဝါးအပြင်သည် မျက်ရည်ကြည်ဖြင့် ရွှဲရွှဲစိုနေရှာပေလိမ့်....

ငိုကြွေးခြင်းအမှုဖြင့် ပန်းရည်ဆွတ်ဖျန်း နီမြန်းလှပ ရှိုက်ငင်၍မဝနိုင်သည့် သူ၏မျက်နှာသည် ပြန့်ပြန့်ကျဲ

http://nyisay.com



စွာ ဖါးလျားကျနေသော သူ့ဆံပင်အောက်၌.... ဇာပြောက်ကွန်ရှက်တွင် ဟပ်မက်စေဘွယ် မြင်နေရဘိ သို့ ရှိပေလေလိမ့်....

သူ့အသွင်သည် အဆွေမိုးလုလင် ဝိုက်ဘိုင်းပွေ့ ဘက်ထားသည့် ငွေလ၏အသွင်နှယ် ချစ်သနားစေ ဘွယ် မြင်ရလေပေလိမ့်....

၂၄

အို....မိုးလုလင်....

ငါ၏ ချစ်သက်လျာသည် ငါပြန်လာနိုင်စေကြောင်း ဆုမွန်ကောင်းကို အကြိမ်ကြိမ်အထပ်ထပ် တောင်းဆို နေလေလျက်....

ကြေကွဲလွမ်းဆွတ်သဖြင့် ကြိုလှမ်းသည့် ပူပန်ရသော မိမိကိုယ်နှင့် နှိုင်းဆရှုသိနေသော ငါ၏ ချစ်ဇနီးသည် ငါနှင့်တူလေမည့် ရုပ်ပုံကို လွမ်းမြေ့ ငေးမောသည့် အကွေးနှင့်အကူ တအောင့် မေ့ဖေ့ ရေးဖွဲ့နေလေ လျက်....

ကချေသည့်မကဲ့သို့ ချိုသောစကားကို သွက်စွာပြော တတ်သည့် ရွှေလှောင်ချိုင့်၌ မွေးသော အကြင်သာလိ ကာပသည့်ရှိ၏။ ထိုသာလိကာမအနီးသို့ ငါ၏ချစ်သက် လျာသည် ရင်၌ပူဆာသည်ကို အေးလိမ့်နိုးနိုးဟု စကား ပြောဆိုရန်ချဥ်းကပ်နေလျက်....

"အဘယ်သာလိကာ အသိုနည်း၊ သင်သည့် ငါ၏ ချစ်လင် သင့်သခင်ကို အမှတ်ရပါသေး၏လော....သင်

http://nyisay.com



သည့် ငါ၏ချစ်လင် လင်္ကသာခင်ကို ချမ်လှ၏။ သို့ကြောင့် ငါကဲ့သို့ပူလောင်သော နှလုံးသားဖြင့် တတမ်းတတ အမှတ်ရပါသေး၏လော....''ဟု လွမ်းပို့စွာ မေးမြန်း နေလေလျက်....

ချစ်ဘွယ်သော အဆွေမိုးလုလင်.... အကြင်ငါ၏ချစ် သက်လျာသည် အဆွေမိုးလုလင်၏မျက်မှောက် လျှပ်ပန်း ရောင်ဟု အောက်၌ ဤသို့ပူပုံပန်းဖြင့် တတမ်းတတ ပြုလုပ်နေရှာပေလိမ့်....

၂၅

အို....မိုးလုလင်....

နွမ်းနယ်သည့် အဝတ်တန်းဆာလည်း ရှိရှာလေ သော ရင်ခွင်၌ထည့်အပ်သော စောင်းညှင်းဖြင့်ငါ့အ မည်အား ဖွဲ့ဆိုသီကုံးသည့် လွမ်းတေးကို ကြည်ကွဲ ဘွယ်ရာ လှိုက်လှဲစွာလည်း သီဆိုနေချင်ရှာလေသော....

မိန့်စိမ့်ယိုသော မျက်ရည်ကြောင့် စွတ်စိုသည့်စောင်း ကြိုးကိုလည်း မကြာမကြာသုတ်နေရရှာလေသော....

ကိုယ်ဟိုင်းစိတ်၌အပ်လည့် အသံစဉ်ကို အထပ်ထပ်ဆို လိုနေရင်း ပေ့ပျောက်လျက် ပူဆွေးခြင်း၌နှစ်၍ တွေး ငေးပူပန်စွာ နေရရှာလေသော....

ချစ်ဘွယ်သော အဆွေမိုးဟိပ်.... အကြင်သို့သော ငါ၏ ချစ်သက်လျာသည် အဆွေမိုးတိမ်၏ မျက်မှောက် လျှပ်ပန်းရောင်အောက်၌ ဤသို့သော ပူမီးဒလျက် ကတမ်းတတ ပြုလုပ်နေနှင့်ရှာပေလိမ့်....

စာနယ်မြေ

http://nyisay.com



## ၂၆

အို....မိုးလုလင်....

ရှုလော....

ကျောက်ကွင်းရသည့်နေ့မှစ၍ ဆိုးဖြတ်အပ် သော အပိုင်းအခြားနေ့၏ ကြွင်းကျန်ကုန်သော ရက်တို့ကို ဘုံခါးခုံ၌ အပုံပြုအပ်သော ပန်းပွင့်တို့ဖြင့် ချထားရေတွက်နေလေလျက်....

ငါ၏ဇနီးသက်လျာသည် မိမိစိတ်၌ မှတ်သားအပ်သော နမ်းရှုတ်ခြင်းဖြင့် ငါနှင့်တဟ်မက် ပွေ့ဖက်ပျော်မြူး ချစ်ရည်လူးကြရခြင်းကို တအောင့်မေ့မေ့ တစေ့စေ့တွေးလေလျက်....

ချစ်ဘွယ်သော အမေဆွေမိုးလုလင်.... အကြင်သို့သော ငါ၏ ချစ်သက်လျာသည် အဆွေမိုးဟိမ်၏ မျက်မှောက်ဖျော့တော့သော လျှပ်ပန်းရောင်အောက်၌ ညှိုးလျှင်ပူမှီးခလျက် ဟတဟမ်းဟတ ရှိနေရှာပေလိမ့်....

ဟုပ်၏....

သောဟပန်သက်တမှုံး ချစ်ရှင်ဖြုံးလို့လျက် အကြင်လင်နှင့်ကင်းနေရသော မိန်းမပြတ်တို့၌ ထိုသို့သော ကျောက်ကွင်းရမှုမျိုးတို့နှင့် ဆုံဆည်းတိုင်း နွမ်းရိတစေလွမ်းမှုတွေ့ရသည်ကို ဤနည်းဖြင့်သာလျှင် ဖြေဖျော်နေရှာပေလိမ့်....

စာနယ်မြေ

# ၂၇

အို....မိုးလုလင်....

ငါနှင့် ကွေကွင်းရသဖြင့် ဆင်းရဲပူဆွေး နေရသော သင့်သူငယ်ချင်းမသည် နေ့အခါ၌ အကြင်အလင်္ကာမြို့၏ ပျော်မြူးဖွယ်ရှုခင်းများ သီချင်းသံများတို့ကို ကြားရ မြင်ရသည့်အပြင်....အိမ်မှုကိစ္စတို့ကို ပဟားအောင်ပြုလုပ်နေလိုက်ခြင်းဖြင့် တတမ်းတတ ငါ့ကို သတိရသော်လည်း သက်သာရာရလိမ့်အံ့....

ချစ်သူတို့ ပုန်းအောင်းရာ အမှောင်နှင့် တိတ်ဆိတ်ခြင်းသာရှိသည့် ညဉ့်အခါ၌မူ အိမ်ခန်းဆောင်အတွင်း ငါနှင့်ကင်းသည်ဖြစ်၍ အချစ်ငတ်သဖြင့် ပြတ်ကြွေလုသော နှလုံးသားတို့ကို ပိုက်ထွေးလျက် တဦးထီးတည်း ယောင်တိယောင်ကန်း နေလိမ့်ရှာသော....

အချစ်၏ပွါးစီးရာအမှောင်တွင် မအိပ်စက်နိုင်သော မြေအပြင်သလျှင် ဆောက်တည်ဘွယ်ရာ အိပ်ရာရှိသော

ကြီးစွာဖိစီးသော ပူပန်မှုကို မအိပ်သောမျက်လုံးဖြင့် သယ်ဆောင်နေရရှာသည့် ဟိုငါ၏ချစ်ရင်း သင့်သူငယ်ချင်းမကို တွေ့ရလေလိမ့်အံ့....

အာငွေ့မိုးလုလင်.... စန္ဒရကန် ကျောက်မျက်ရွဲတို့ ဆွဲသီသော ချစ်အပ်သည့် ဇာကွန်ယက်ကို ဖယ်၍ ကျောက်သလင်း စံနန်းဆောင်၏ လေသာပြတင်းမှ အတွင်းသို့မြင်ရအံ့သောရှုခင်းကို ချစ်ဆွေသည် ငါမှာအပ်သည့်အတိုင်း မှတ်မှတ်သားသားကြည့်ရှုခဲ့ပါလေလော့။

စာနယ်မြေ

http://nyisay.com



၂၀

အို....မိုးလုလင်....

အချစ်သည် စုံလောင်အတ်ခြင်းကြောင့် ညှိုးနွမ်းသွေ့ယော်နေသော ငါနှင့် ကွေကွင်းရသဖြင့် ဟာဘက်စောင်းလျက် လျှောင်းစက်ရှိုက်ငင်နေရရှာသော....

အရှေ့အရပ်ရှိ ပြာလဲ့သော ကောင်းကင်ကျယ်ကြီး၌ တစိတ်မျှကြွင်းသော လမင်း၏ကိုယ်ကဲ့သို့ ကြုံလှီစွာကွေး၍ င့အရေးပမာ တည်နေရှာသော....

ငါနှင့်ရှိစဉ် ပျော်မြူးခြင်းတို့က ဝါးမျှ လိုက်ကြသောကြောင့် တခဏဟုထင်ရသည့် တည၌သည် ယခု ငါနှင့်ကင်းကွာလျက် ဟယောက်တည်း အိပ်စက် နေရသောအခါ လောင်မြိုက်သော ငရဲမီးတောက်မွေ့ယာ၌ ရှည်ကြာလှသည့် ငရဲညဥ့်ကို ပူလောင်သောမျက်ရည်တို့ဖြင့် ပင်ပန်းကြီးစွာ ငြိမ်သက်ကျော်လွှန်နေရရှာသော....

ချစ်ဘွယ်သောမိုးလုလင် အကြင်စန္ဒရကန် ကျောက်မျက်ရွဲတို့ ဆွဲသီသော ချစ်အပ်သည့် ဇာကွန်ယက်ကိုဖယ်၍ ကျောက်သလင်းစံနန်း ဆောင်၏ လေသာပြတင်းမှဆိုခဲ့သည့်အတိုင်း အဘွင်း၌မြင်ရအံ့သော သင့်သူငယ်ချင်းမကို အဆွေမိုးလုလင်သည် ငါမှာအပ်သည့်အတိုင်း မှတ်မှတ်သားသား ကြည့်ရှုခဲ့ပါလေလော....

http://nyisay.com



၂၉

အို....မိုးလုလင်....

ကောင်းကင်အလုံး တိမ်တိုက်တွေဖုံး၍ နေမင်းကြီး ပုန်းနေပါလျက် အလင်းရောင် နှိုးဆွသော ကြာပန်းသည် ညှိုးယော်ငွား၍ အိပ်ရာမှ နိုးထနေရသည်နှင့်လည်း တူလှသော....

နေလုလင်ပျို၏ နမ်းစုတ်ခြင်းကို မခံရသဖြင့် ပွင့်ကြွ လန်းဆန်းခြင်းမရှိသော အကြင်ကြာပန်းသည် ညှိုးနွမ်း တမ်းတ နိုးထခြင်းမပြုနိုင်ဘဲသို့ မနိုးတဝက် နိုးတဝက် ဖြင့် နေ့အိပ်မက်ကဲ့သို့ရှိနေရသော....

တိုစဉ် ကြိုက်ဝယ် စမ်းရေကြည်သို့ အေးမြသည့် လ, ရောင်ကို နှစ်ကိုယ်ပျော်ရှင် ရှေးလိုထင်လျက် လေသာ ပြတင်းဆီသို့ လွတ်ကင်းသည့်သတိဖြင့် ပြေးလွှားကြည့် မိသော....

တကိုယ်တည်းဖြစ်ရ၍ အေးမြသော လ,ရောင်ဖြင့် သွန်းလောင်းခြင်းခံရသည့်ကိုယ်သည် ငိုရှိုက်ချွေးမြေ့ လာရလျက် မျက်ရေပူကြောင့် လေးသည့် မျက်တောင် ကော့ကြီးဖြင့် မကြည့်ဝံ့ဘဲ အိမ်ခံမုံးပိတ်လိုက်ရသော....

ယင်းသည့်အခါ အချစ်ဟူသောရေ ခမ်းပျောက်သ ဖြင့် ခြောက်သွေ့သည့်ကန်မှကြာရုံကဲ့သို့ ညှိုးပျော့ပျော့ တည်နေရှာသော....

ချစ်ဘွယ်သော မိုးလုလင်.... စန္ဒရကန် ကျောက် မျက်ရှဲတို့ ဆွဲသီသော ချစ်အပ်သည့် ဇာကွန်ယက်ကိုဖယ် ၍ ကျောက်သလင်း စံနန်းဆောင်၏ လေသာပြတင်းမှ

http://nyisay.com



ဆိုခဲ့သည့်အတိုင်း အတွင်း၌မြင်ရအံ့သော သင့်သူငယ်ချင်းမကို အဆွေမိုးလုလင်သည် ငါမှာသည့် အတိုင်း မှတ်မှတ်သားသား ကြည့်ရှုခဲ့ပါလေလော....

၃၀

အို....မိုးလုလင်....

ငါနှင့်ကွေကွင်း ရသောကြောင့် သွေ့ခြောက်နေသည့်နှလုံးသားကို အေးလိုအေးငြားဟု ရေသက်သက်သာချိုးသဖြင့် မပြုမပြင်သည် ဖြစ်ရကား ဖါးလျားကျသော ဆံနွယ်တို့သည် ပါးပြင်ကို ပွေ့ဘက်နမ်းစုတ်ကြလျက်....

နုနုမို့မို့ ပရစ်စို့နှင့်တူသော နှုတ်ခမ်းအစုံကိုလောင်မြိုက်သည့် ပူလောင်သောနှလုံးသားမှ ရှိုက်ငင်မိသော ပင့်သက်လေသည် ထိုဖွာကျဲလျက်ရှိသော ဆံနွယ်တို့ကို တလှိုက်ဖိုဖို လှုပ်ရှားစေလျက်....

အိပ်မက် 'ကွန်း'တွင် ချစ်သောငါ့အား စကားနှုတ်ချိုတွယ်တွတ်ဆိုလျက် တွေ့ချစ်လိုလှသည်ဖြစ်၍ မျက်ရည်ဖုံးသော မျက်လုံးအစုံဖြင့် အိပ်ပျော်ပါရန် ကြိုးစားနေလေလျက်....

ချစ်ဘွယ်သောမိုးလုလင် စန္ဒရကန်ကျောက်မျက်ရှဲကို ခွဲသီသော ချစ်အပ်သည့် ဇာကွန်ယက်ကိုဖယ်၍ ကျောံသလင်း စံနန်းဆောင်၏ လေသာပြတင်းမှ ကိုခဲ့သည့် အတိုင်း အတွင်း၌ မြင်ရအံ့သော ချစ်ဆွေ၏ သူငယ်ချင်းမကို အဆွေ မိုးလုလင်သည် ငါမှာသည့်အတိုင်း ဆုတ်မဆိုင်းဘဲ ကြည့်ဖြစ်အောင် ကြည့်ခဲ့ပါလော....

စာနယ်မြေ

http://nyisay.com



## ၃၁

အို....မိုးလုလင်....

အပြစ်ခေါ်ဝန်ကို ရှန်းဆောင်ရန်အတွက် ပူလောင်သော နှလုံးသားနှင့် ထွက်ခွါလာသည့်ငါ့အား သောက်၍မဝ သောမျက်လုံးဖြင့် ငေးမှုတ်စွာကြည့်လျက် ကျန်ရစ်ရရှာ သော ငါ၏ချစ်ဇနီးသည် ငါနှင့်ထပ်တူ မြတ်နိုးစွာပန် ဆင်အပ်သော ဦးထိပ်ဆံထုံး၌ ရစ်ပတ်ထားသည့် ပန်း ကုံးကို မလိုတော့ပြီဟု စွန့်ပစ်လိုက်လေ၍....

အပြစ်ဒဏ်ရက်စေ့၍ ချမ်းမြေ့သောအခါ၌ကွေကွင်း နေရသည့် ဆင်းရဲခြင်းကို သက်သေထူအံ့သော ငါ၏ဇနီး ချစ်သည် ပြုပြင်ခြင်း-မရှိတော့သည်ဖြစ်သဖြင့် ငါကိုယ်တိုင် ခက်ခဲစွာ ဖြေရှင်းပေးရအံ့သော ဦးထိပ်၌ ဆွေးသော ခဲသော မဖြေသော ဆံထုံးသည် တွဲခိုလျက်ရှိသည်ဖြစ်၍-

ဆွေးမြေ့ လျှောင်အိုက် သခိုက်အောင် နာကြင်စေ သော ဆံထုံးမှ ဖွာရရာကျလျက်ရှိသည့် ဆံစများကို ရှည် လျားသော လက်သည်းရှိသည့်လက်ဖြင့် တရှိုက်မက်မက် ပြုရင်း ဖယ်ရှားနေလေ၍....

ချစ်ဘွယ်သော မိုးလုလင် စန္ဒရကန် ကျောက်မျက်ရွဲ တို့ ဆွဲသီသော ချစ်အပ်သည့် ဇာကွန်ယက်ကို ဖယ်၍ ကျောက်သလင်း စံနန်းဆောင်၏ လေသာပြတင်းမှ ဆိုခဲ့ သည့်အတိုင်း အတွင်း၌မြင်ရအံ့သော ချစ်ဆွေ၏ သူငယ် ချင်းမကို အဆွေမိုးလုလင်သည် ငါမှာသည့်အတိုင်း ဆုတ် မဆိုင်းဘဲ ကြည့်ဖြစ်အောင် ကြည့်ခဲ့ပါလေ....

စာနာမြေ

http://nyisay.com



၇၂

အို-မိုးလုလင်....

အကြင်ငါ၏ ချစ်သက်လျာကား ရေလုလင်နှင့် ကွဲသော ကြာပန်းပျိုကဲ့သို့ နွမ်းယော် အားနည်းလျက်....

အကြင်ငါ၏ ချစ်သက်လျာကား ရှိုက်ငင်တမက်မက် ပင့်သက်တရှူရှူ လောင်မြိုက်သောနှလုံးသား၏ အပူကို နှစ်ပျော့ချွေသည့်ကိုယ်ဖြင့် အိပ်ရာပေါ်၌ လူးလိမ့်ခံစား လျက်....

အို....မိုးလုလင် ယင်းကဲ့သို့သော ငါ၏ ချစ်ဇာနီးကို တွေ့မြင်ရလေဒွံ့ အဆွေသည်ထိခိုက်ဝမ်းနဲမိုးဖွဲ့မိုးပေါက် တို့စွေသွန်လျက် တန့်ဆည်မရသော မျက်ရည်တို့ကို ရွာ သွန်းမိလိမ့်မည် မဟုတ်ပါလား....

သိမ်မွေ့ခြင်းနှင့် ရင့်ကျက်သော နှလုံးသားရှိသူတို့ကား ကြင်နာမှုတရားဖြင့် ပြည့်ဝသည်မဟုတ်ပါလား....

http://nyisay.com



၃၃

အို....မိုးလုလင်....

အကြင်သို့သော သင့်သူငယ်ချင်းမသည် ငါ့အပေါ်တွင် နှလုံးသား၌ ထင်အပ်သော ဝမ်းတွင်းအမှတ်ကဲ့သို့ စွဲလမ်းပါလေကြောင်း ငါ ကောင်းကောင်း သိလျက်....

ထိုသို့စွဲလန်းသဖြင့် ဆင်းရဲရရှာသော အပူမီးသည် ငရဲကြီးရှစ်ထပ်မှ ထလတ်သော မီးတောက်ကဲ့သို့ ငါ၏ ဇာနီးချစ်အား လောင်မြိုက်နေပါလေပြီဟု ငါသည် ခွဲခွါလာသည့်အချိန်ကစ၍ သိလျက်....

အို-မိုးလုလင် အကြင်သို့သောအဖြစ်ကို ထင်မြင်တွေးတော စိတ်မောနွမ်းလျ လွမ်းတနေသူတဦးက စကားကြွယ်ကိုင်း ပြောပြနေခြင်းမဟုတ်ကြောင်း အဆွေကိုယ်တွေ့ကြုံပြီးပါက ကောင်းကောင်းချည်းသိနိုင်လာလျက်-

http://nyisay.com



၃၄

အို....မိုးလုလင်....

ငါ၏ချစ်သက်လျာသည် ဖါးလျားကျသော ဆံပင်တို့ ဖုံးသဖြင့် မျက်စဥ်းမကွင်းတဲ လဲ့ဝင်းသောမျက်လုံးသည် တိမ်ညိုတို့အကြားဌ် ရှိုက်ငင်နေရသော လ,ဝန်းကဲ့သို့ ရှိလေ၏....

ငါ့ကို မမြင်ရသဖြင့် အရက်ချိုကို မသောက်ခြင်း ကြောင့် တောက်ပသောမျက်လုံး၏ ယင့်တယ်စွာ ချာချာ လှည့်ခြင်းအမှုကိုလည်း မပြုတတ်အောင် မေ့လျော့နေ လေ၏....

သို့ဟစေလျက် အခွေသည် ငါ၏ချစ်သက်လျာ အနီး သို့ ရောက်လိမ့်သည်ဖြစ်အံ့....

ရတ်တရက်ပင် မပြင်ဆင်ဘဲ သူ၏ပဘက်မျက်လုံးသည် အမှတ်မထင် လှုပ်လိမ့်သည်ဖြစ်အံ့....

ထိုအခါ ငါးတို့၏ လှုပ်ရှားခြင်းကြောင့် တင့်တယ် သော ကြာပန်းကဲ့သို့ သင့်သူငယ်ချင်းမ၏ တက်ကြွသော အလှကို တအံ့တသြတွေ့ရလိမ့်လေအံ့....

http://nyisay.com



၃၅

အို....မိုးပေါ့လင်....

ယခင်အချိန်က ချစ်သောငါနှင့် ချစ်တုံဖလှယ်ခြင်းကြောင့် စွန်းထင်းအပ်သည့် လက်သဲချက်တို့လည်း ပျောက်ကုန်အပ်ပြီးသော....

ကြာမြင့်စွာ ဆင်မြန်းခဲ့သော ပုလဲသွယ် ခါးကြိုးကိုလည်း ငါမရှိသဖြင့် ချစ်လင့်၏ မျက်ကွယ်အောက်သို့ ရောက်ဝင်ခဲ့ပါလေပြီဟု စောင့်စည်းကြစေရန် အထိမ်းအမှတ်ဖြင့် ချုပ်ဖြေထားနေသော....

ရွှေလည်ပတိုင်ဘက်တူပြိုင်စက်ပြီးသည်နှင့် ငါ၏လက်ဖြင့် နှိပ်နယ်ယုယ ဆုပ်ကိုင်ခဲ့ရသည့် ငှက်ပျောအူ နုရွရွကဲ့သို့ လှပသော ဝဲဘက် ပေါင်သည်လည်း ချစ်ဆွေ အနီးသို့ ရောက်လာသည်နှင့် လှုပ်ရှား သိမ်းဆည်းလိုက်လေမည် ဖြစ်၍ ရင်တွင်ဖိုလှိုက် ပင့်သက်ရှိုက်မိပါက ငါ့ကိုသတိရလျက် ခွင့်လွှတ်လိုက်ပါလော....

http://nyisay.com



## ၃၆

မေတ္တာကိုဖျော်၍သွန်းလောင်းတတ်သောအို....မိုးလုလင်....

အဆွေသည် အလကာမြူသို့ ရောက်နေသည်ဖြစ်အံ့....
ငါ၏ဇာနီးသက်လျာသည် အကယ်၍ အိပ်ပျော်နေသည်ဆို
ပါက နှုတ်ခွန်းဆက်သွင်း ထစ်ချုန်းခြင်း မပြုလိုက်ပါနှင့်
လား....
မေတ္တာကိုဖျော်၍သွန်းလောင်းတတ်သောအို-မိုးလုလင်....

အကြင်ငါ၏ဇာနီးသက်လျာသည်.... အိပ်မက်အတွင်း၌
ချစ်လင်ဖြစ်သော ငါ၏လည်ကို တင်းကြပ်စွာ ဘက်နေ့
ခိုက် အဆွေသည် တဖြိုက်နှစ်ဖြိုက်ရွာချလျက် ပြိုးပြက်
သောလျှပ်ရောင်နှင့်အတူ ထစ်ချုန်းသောအသံကို ပြုလိုက်
သည်ဖြစ်အံ့....ငါ၏ ချစ်သက်လျာသည် အိပ်ရာမှနိုးထ၍
နွမ်းလျစိတ်ပျက် တရှိုက်မက်မက်ငိုလျက် အိပ်မက်၌ ငါ့
အားဖက်အပ်သည့်လက်ကိုအဖြေခံရသကဲ့သို့ မဖြစ်နိုင်
ပါလား....

http://nyisay.com



## ၃၇

အို....မိုးလုလင်....

အကြင် ငါ၏ ချစ်သက်လျာသည် အိမ်ရာမှ နိုးထရန် သင့်လျော်သည်ဖြစ်အံ့၊ ငှက်ပိုက်အပ်သော ရေမှုန့်ရေမှိုး ရှိသည့် လေပြေဖြင့် ငါ့ချစ်သက်လျာ၏ နဖူး ဆံစတို့ကို ညင်သာစွာ နမ်းစုတ်လျက် နှိုးလိုက်ပါလေတော့....

နေရောင်ခြည်ဆမ်းလေ၍ တဖြေးဖြေး ပွင့်လန်းလာသော မြတ်လေးပန်း၏နိုးထခြင်းဖြင့် အိပ်ရာမှနိုးထသော ငါ၏ ချစ်သက်လျာသည် ပွင့်သစ်စ ပန်းလျှင်တူ၍ရှိသော မျက်နှာနှင့် စိမ့်းမြမြ ကြည့်လိမ့်အံ့သည်ကို ချစ်ဆွေသိနှင့် ပါလေတော့....

လျှပ်ပန်းပွင့်တို့ဖြင့် ဖုံးလွှမ်းအပ်သော၊ မိုးစက်မိုးပေါက်တို့လျှင် ကြိုးပြုအပ်သော၊ မြရောင်ရိုလည့်သစ်ပင်ရွှီ တို့ဖြင့် ဖြန့်ကြက်အပ်သော၊ မြေအထုလျှင် အိမ်ပြုသော သက်တန့်ရေးလျှင် လက်ရုံးပြုသော၊ လေးနက်သောထစ် ချုန်းသံကို မြည်စေသည့် ချစ်ဆွေ၏ မိုးစောင်းသံဖြင့် အကြင်မာနရှင်အား ငါ၏သတင်းစကားကို သီကုံးတီး၍ ပြောကြားခဲ့ပါလေလော့....

http://nyisay.com



၃၀

အို.... ချစ်သနားဘွယ်သော မိန်းမငယ်....

ငါသည် သင့်ချစ်လင်၏သတင်းစကားကို နှလုံးသားဖြင့် ဆောင်ယူ၍ ကျောက်မျက်ရတနာတို့ဖြင့် တင့်တယ်သော သင်မိန်းမငယ်၏နားတွင်းသို့ သွန်းလောင်းချရန်လာခဲ့သူ ဖြစ်၏လို့....

အို....မိန်းမငယ်....

မြွေရွက်သစ်ကို ဝတ်ဆင်ရန်စောင့်လျက်ရှိသော သစ်ပင်ငယ်တို့အား ထူထဲသောရွက်သစ်ကို အမြန်ဆုံးဝတ်ဆင်စေရန် ပြုပေးနိုင်ဘိသို့....

မိမိတို့ဦးဆံကို ဖြေရှင်းရန် အားထုတ်ကုန်သော လမ်းခရီး၌ ပင်ပန်းခြင်းသို့ ရောက်ကုန်သော၊ အရပ်တပါးဖဲ သွားသောခရီးသည်တို့အား အလျှင်အမြန်အိမ်သို့ပြန်စေရန်အတွက် နက်နဲသောစည်သံကိုပြု၍ အိမ်ဝိုင်ယာရောက်ပို့ဆောင်ပေးခဲ့နိုင်သူ ဖြစ်ပေ၏လို့....

http://nyisay.com



၇၉

အို.... မိုးလုလင်....

လေနတ်၏သား ဟနုမန်ကို တွေ့မြင်ကာမျှဖြင့် သီတာ သခင်မသည် မောင်တော် ရာမတို့လာချေပြီဟု ရတ်ချည်း မြူးကြွ ထ၍ ကြိုလိုက်ဘိသို့....

ငါ၏ ချစ်သက်လျာသည်လည်း အဆွေမိုးလုလင်ကို ကြည့်လျက် ရှမ်းအိသော အပြုံးကို ပြုလိမ့်အံ့....

ထို့နောက်အဆွေပြောကြားသည့် သတင်းစကားတွင် နှစ်သက် ဝမ်းမြောက်ခြင်းကြောင့် မောသောကိုယ်ရှိသည် ဖြစ်၍ ရင်၌ဖိအပ်သောပျော်ရွှင်ခြင်းဖြင့် တုန်လှုပ်စွာကြား နာနေလိမ့်အံ့....

အို-မိုးလုလင်....

အဆွေဆောင်ယူပေးအပ်သော အဝေးရောက်ချစ်လင် ၏ သတင်းအကြောင်းသည် ကောင်းမြတ်သော မိန်းမ သားတို့အတွက် ချစ်လင်ကိုယ်တိုင်ကို ခေါ်ယူပေးပို့လာ ဘိသို့....

http://nyisay.com



၄၀

အို....မိုးလုလင်....

ငါ၏တောင်းပန်စကားကို တုံ့ပြန် သနားလျက် အဝေးသည် ငါ၏ချစ်သူအား ဤသို့ ပြောကြားပါဘိ....

အို....မိန်းမငယ် သင်မိမယ်နှင့် ခွဲခွါနေရရှာသော သင့်ချစ်လင်သည် ရာမဂိရိတောင် သခ်မ်း ချောင်၌ ကျန်းမာစွာရှိ၏။ သင့်ချစ်လင်သည် သင်၏ကျန်းမာခြင်း ကိုနှုတ်ခွန်းဆင့်ကာ တွတ်တွတ်မေးမှာဘိ၏....လို့....

အို-မိုးလုလင်....

လျှပ်တပြက်လျှင် ပျက်စီးကြရသော သူသူငါငါ သတ္တ ဝါတို့အတွက် ကျန်းမာရေးကို ရှေးရှုမေးမြန်း နှုတ်ပန်း ဆက်ရခြင်းသည် လျော်ကန်သင့်မြတ်လှပါဘိ

ထို့ထက် ဝေးကွာနေသော ချစ်သူအတွက် ပို၍လျော် ကန်သင့်မြတ်ဘိ၏သို့....

၄၁

အို-မိုးလုလင်....

အကြင် ငါ၏ချစ်သက်လျာအား၊ တွေ့အံ့ ကံကြမ္မာသည် ရန်ပြုတားဆီးလျက်ရှိသော ခရီး၏အစွန်မှ မိမယ်၏ ချစ်လင်သည် မိမယ်အား တမ်းတခြင်းကြောင့်ပူလောင်သောနှလုံးသား၏ ကင်မြူ ိက်ခြင်းကိုခံရ၍ ကြုံလှီဖျော့တော့သော ကိုယ်နှင့်-လို့....

နှိပ်စက်အပ်သောအချစ်သည် မိမယ်ဖြင့်တည်ဆောက်ထားသော အသဲပြင်ကို ကြိတ်ချေဖျစ်ညှစ်ထားမှုကြောင့် စီးယိုကျသော မျက်ရည်ပူတို့ဖြင့်-လို့....

နှစ်ကိုယ်ပျော်မွေ့ တွေ့လိုသော စိတ်အစဉ်ကြောင့် ရှည်လျား လှပသော ပင့်သက်တို့ကို တဖိုလှိုက်လှိုက် ရှိုက်ငင်စွာဖြင့်- လို့....

အညွှေ့ သူငယ်ချင်းမ သည်လည်း မောင့်နည်းတူပင် ရှိုက်ငင်နေလိမ့်မည်ဟု နွမ်းလျ ကြုံလှီသည့် ကိုယ်အသွင်ကို ထင်မြင်တွေးဆကာဖြင့် လို့....

http://nyisay.com



၄၂

အို….အားအင်ခွန်နဲ့ လွမ်းနယ်ချဲ့နေသည့် သူငယ်ချင်းမ….

မိမယ်၏ချစ်လင်သည် ရှေးအခါက အများရှေ့တွင် ကျယ်လောင်စွာပြောနိုင်သည့် စကားပင်ဖြစ်လျက် လှမိမယ်ငါးပါးအနိုးနှင့် နှုတ်ခမ်းဖြင့်တိကပ်၍ ပိုပိုသဲသဲ ကဲလျက်ကလျက် ပြောခဲ့ဘူးသည်မဟုတ်ပါလား….လို့….

ယခုအခါ နားဖြင့်ကြားနိုင်သည့်အရပ်ကို လွန်လျက် မျက်စိဖြင့်ပင်မမြင်နိုင်သော မိမယ်အား စိတ်၌ဖွေးတောပူပန်သော နှလုံးသားမှ ဖွဲ့သီပြောဆိုအပ်သည့် စကားကိုကို ငါ့အား မှာကြားလိုက်လေ၏….လို့….

http://nyisay.com



# ၄၃

အို....ချစ်သနားဘွယ်သော သူငယ်ချင်းမ....

မီမယ်၏ ချစ်လင်သည် "သျှာမာ" နွယ်ကိုမြင်သဖြင့် မိမယ်၏ဝင်းဝါသောအဆင်းကို ရော်ရမ်း၍....

တုန်လှုပ်သော သမင်မ၏မျက်ဝန်းကိုမြင်သဖြင့်-မိမယ်၏တပ်မက်ဘွယ်သော မျက်လုံးကိုရော်ရမ်း၍....

ငွေလဝန်းကိုမြင်သဖြင့် ရွှန်းရွှန်းပသော မိမယ်၏မျက်နှာအလှကို ရော်ရမ်း၍....

ဥဒေါင်းတို့၏ မြီးဆံဝန်းကိုမြင်သဖြင့် မိမယ်၏ပိတုန်းရောင်နက်နက်ဟွင် ပြုံးပြက်သောဆံပင်ကို ရော်ရမ်း၍....

တဖျပ်ဖျပ်လှုပ်သော မြစ်ရေလှိုင်းကိုမြင်သဖြင့် မိမယ်၏မျက်ခုံးကွေးတို့ကို ရော်ရမ်း၍....

အို....လှမိမယ်....ဒေါသဖြင့်တက်ကြွသော မိမယ်၏အလှကိုမူ မိမယ်၏ချစ်လင်သည် ဘယ်အရာနှင့်မျှ နှိုင်းထင်ရန် ရှာမရလေ၍....လို့....

အကယ်စဥ်စစ် မိမယ်၏ချစ်လင်သည် ယိုထို ဤဤတို့ဖြင့် စိတ်ကူး၍ ထင်ဟပ်ကြည့်သော်လည်း ဘယ်အရာမျှ ထပ်တူမမြင်ရလေ၍....လို့....

http://nyisay.com



၄၄

အို....ချစ်သနားဘွယ်သော သူငယ်ချင်းမ....

အချစ်လွန်သည့်ဒေါသဖြင့် တက်ကြွစွာလှုပနေသော မိမယ်၏ ရုပ်ပုံကို မိမယ်၏ ချစ်လင်သည် စိတ်အစဉ်ဖြင့် မှန်းဆလျက် တပ်းတရေးခြယ်နေလေ၍....လို့....

စိုးကာစားသဖြင့် နွမ်းလျ လျက်ရှိသော မိမယ်၏ ချစ်လင်သည် မိမယ်ရုပ်ပုံ၏ခြေရင်း၌ မိမိ၏ရုပ်ပုံကိုရေး ခြယ်ရန် ကြိုးစားနေလေ၍-လို့....

ဓါတ်မြေဆေးတို့ဖြင့် ကျောက်ချပ်ပေါ်၌ ရေးဆွဲအပ် သော ထိုရုပ်ပုံဆီသို့ ကြည့်လျက် တန့်ဆည်မရသော မျက်ရည်တို့သည် မိမယ်နှင့် ဝေးကွာသဖြင့် နာကြင်လာ သောနှလုံးသားမှ စီးယိုကျဆင်းလာရသောကြောင့် မျက် ရည်ဖုံးသော မျက်လုံးရှိသည်ဖြစ်၍ 'ဤ ဆိုးယုတ်သော ကြမ္မာသည် ရုပ်ပုံ၌သော်မှ ပေါင်းဆုံခြင်းကိုခွင့်မပြုပါတော့ ကား'ဟု မိမယ်၏ချစ်လင်သည် ငိုညည်းနေလေ၍-လို့....

http://nyisay.com



၄၅

အို....ချစ်သနားဘွယ်သောသူငယ်ချင်းမ....

မိမယ်၏ ချစ်လင်သည် အပြင်းအထန် စွဲလမ်းခြင်းကြောင့် မြင်မက်ရသော အိပ်မက်ထဲ၌ မိမယ်အားတင်းကြပ်စွာဘက်ပွေ့ရန် လေထဲသို လက်ကို ဆန့်တန်းလိုက်လေ၍....လို့....

တောစိုးနတ်တို့သည် ထိုအဖြစ်ကိုမြင်သဖြင့် ကြင်နာလှသည့်အတွက် မျက်ရည်ပေါက်ကြီးများ ဖြောက်ဖြောက်ကျလေသဖြင့် ထိုအသံကြောင့် အချည်းနှီးနိုးလာရလေ၍....လို့....

၄၆

အို....ချစ်သနားဘွယ်သော သူငယ်ချင်းမ....

တောင်ဘက်လမ်းမှ တိုက်ခတ်လာသော နို့နံ့သင်းသည့် ဟိမဝန္တာလေသည် နတ်ထင်းရှူးပင်တို့၏ ရွက်ညွှန့်များကို လှုပ်ရှားငှေ့ရမ်းလာခဲ့လေသည်ကော.... လို့....

ထို့နောက် ထိုလေသည်မြောက်အရပ်၌ရှိသည့်အနေ မိန်းမငယ်ကို ရှေးဦးစွာ ယိတွေ့ တိုက်ခိုက်လာခဲ့သည်ကော....လို့....

ယင်းသည်၏အကြောင်းကြောင့် မိပယ်၏ချစ်လင်သည် ထိုလေပြင်းကို အားပါးတရ ပွေ့ဘက်လေသည်ကော....လို့....

စာနယ်မြေ

http://nyisay.com



၄၇

အို....ချစ်သနားဘွယ်သော သူငယ်ချင်းမ....

မိမယ်၏ချစ်လင်သည် ရှည်လျားလှသော ညဉ့်သုံးယံကို တခဏမျှဖြစ်အောင် ဘယ်ပုံ ကြံဆောင်ရပါ့မတုံးဟု တွေးတောလျက်-တဲ့၊

နေပူရှိန်ကိုလည်း ဘယ်ပုံလျော့အောင် ပြုရပါမည်လဲဟု ကြံစီတွေးတောလျက်.... တဲ့....၊

အို....လှပ်သော ပျက်စီရှိဘူမိန်းမငယ်....

ဤသို့မရနိုင်သည်ကို တောင့်တနေသောမိပယ်ချစ်လင်သည် မိမိ၏စိတ်ကို မိမယ်နှင့်တွေ့ကွင်းရသဖြင့် သည်းမခံနိုင်အောင်ပူလောင်သော ဆင်းရဲခြင်းက ကိုးကွယ်ရာမဲ့ပြုနေပါလေသောကြောင့်....တဲ့၊

၄၈

အို....ချစ်သနားဘွယ်သော သူငယ်ချင်းမ....

မိမယ်၏ချစ်လင်သည် များစွာသောအစီအစဉ်တို့ဖြင့် တွေးကြံလျက် မိမိကိုယ်ကို မိမိဘာသာ အားပေးနေခဲ့ပါသည်....တဲ့....

အို....သူငယ်ချင်းမ....

အဆွေမသည်လည်း စိုးရိမ်ပူဆွေးခြင်း မဖြစ်ပါလေလင့်တဲ့၊ ချမ်းသာခြင်း ဆင်းရဲခြင်းတို့သည် အမြဲတစေရှိနေသည်မဟုတ်.... လှည်းဘီးကဲ့သို့ ထက်အောင်လည်နေပါသည်တဲ့....

စာနယ်ပြေ

http://nyisay.com



၄၉

အို....ချစ်သနားဘွယ်သော သူငယ်ချင်းမ....

မိမယ်၏ ချစ်လင်က ဗိသုကာနုအရှင်သည် နဂါးမင်း၏ အိပ်ပလ္လင်ထက်မှထသောနေ့သို့ ရောက်လေက-တဲ့....

ငါ၏အပြစ်ဒဏ်သည်လည်း နောက်ဆုံးရက်သို့ ဖြစ်လေ၍-တဲ့....

သို့ကြောင့် ကြွင်းသောလေးလတို့ကို မျက်လုံးမိတ်၍ ကြိတ်မှိတ်ကုန်လွန်စေလိုက်ပါ-တဲ့....

တို့နောက် ငါတို့သည် တူမောင်ပယ်ဖေါ်ကွဲ၍ ဝမ်းနည်းစိတ်ကူး အတူးတူး စဉ်းစားခဲ့ကြသည့်အတိုင်း လရောင်ဖြာသော ဆောင်းညဥ့်တို့၌ ချစ်ခြင်း၏အနှစ်သာရကို အားပါးတရ ခံစားကြပါစို့-တဲ့....

၅၀

အို....သနားဘွယ်သော သူငယ်ချင်းမ....

မိမယ်၏ချစ်လင်သည် ငါ့ကိုပြောကြားလိုက်သေး၏။ ရှေးအခါက အိပ်ရာပေါ်တွင် မိမယ်သည် ချစ်လင်၏ လည်ကိုဖက်လျက် သိုးထန်ကျယ်လောင်စွာ ငိုကြွေးခဲ့ဘူးလေပြီ-တဲ့....

အကြိမ်ကြိမ်ပေးလေမှ 'ဟင်းနော်-မယ်မောင်လူပွေကြီး အမြောင်မိန်းမတယောက်နဲ့ မယ့်မောင် ပျော်မွေ့သည်ကို မိမယ် အိပ်မက်ထဲတွင် တွေ့သည်တော်....'ဟု ရှက်ရှက်ဖြင့် ပြောဘူးပါသည်-တဲ့....

စာနာမြေ

http://nyisay.com



၅၁

အို....စိုးရွံ့ရွံ့ သမင်ဂျိုမ၏ မျက်လုံးရှိသည့် ချစ်ဘွယ်သော မိန်းမငယ်....

ဤအိမ်တွင်းရေးရာတို့ကိုကြားသဖြင့် အကယ်ကျန်းမာစွာငါရှိနေပါသေးသည်ကိုယုံယုံကြည်ကြည်သိနိုင်ပါသည်-လို့

အခြားသော အကြောင်းစကားတို့ဖြင့် ငါမှ ရှိလေသေးရဲ့လားဟု ယုံမှား မဖြစ်ပါလင့်လို့....

အချိန်ကာလ ကြာမြင့်စွာ ခွဲခွါနေရ သဖြင့်လည်း အချစ်သည် ပျက်ပြယ်၍မသွားနိုင်ပါလို့....

အကယ်စင်စစ် ချစ်နေပါရသော ငါသည် တောင့်တသောကိုယ်ဖြင့် မျိုသိပ်ထားရသည့် ဖြစ်သောကြောင့်အာ စိုင်အခဲကြီးသာဘွယ် စုပုံနေပါသည်လို့....

၅၂

အို....မိုးလုလင်....

မခွဲစဖူး ခွဲခွါရသဖြင့် အလွန်ကိုယ်စိတ်ဆင်းရဲနေရရှာသော သင့်သူငယ်ချင်းမကို ဤသို့ ငါမှာတိုင်းပြောကြားလေပါကွိ....

ကို့နောက် သိဝမင်းကြီး၏စီးတော်နွားသည် ဦးချိုသွေး၍ တူးဖြိုအပ်သောအထွဋ်ရှိသောကေလာသတောင်မှ မနှေးမြန်စွာပြန်လာခဲ့ပါဘိ....

ထို့နောက် ငါ၏ ဇနီး သက်လျာ မှာကြားလိုက်ပါသော သတင်းပန်းကို ငါ့အားဆင်မြန်းပေးပါဘိ....

လွမ်းတ ရသဖြင့် နွမ်းလျနေသည့် သင်းခွေပန်းတမျှနုရှသော ငါ့အသက်ကို ချစ်ဆွေသည် ထိုနည်းဖြင့် ငါ့အား စောင့်ရှောက်ရလေပါဘိ....

http://nyisay.com



၅၃

အို....မိုးလုလင်....

ချစ်ခင်ပါရသော ငါ၏ကိစ္စကို ဆောင်ရွက် ပေးပါမည်ဟု ဆုံးဖြတ်ပြီးပါပြီလား....

ခွန်းတုံ့မပြန် ဝန်ခံတိတ်ဆိတ်နေခြင်းကြောင့် အဆွေ၏ တည်ကြည်မှုအား ထွေထွေရာရာ မစဉ်းစားဝန့်သည်ကားအမှန်....

အကြောင်းမူ အဆွေသည် တောင်းခံပါလျက် တစုံတရာ ပြန်ကြား ထစ်ချုန်းမှုမျိုး မပြုပါဘဲ ပျံလွှား ငှက်တို့အား ပိုးရေပေးခဲ့သည်မဟုတ်ပါလား....

မှန်၏ တောင်းပန်သူတို့အတွက် အလိုရှိအပ်သော အကျိုးကို ဆောင်ရွက်ပေးခြင်းသာလျှင် ကြွင်နာသော တုံ့ပြန် မြွက်ကြား အဖြေစကားဖြစ်သည်အမှန်....

၅၄

အို....ပိုးလုလင်....

ကောင်းကင်မှလှည့်လည်သည့် အဆွေ ကဲ့သို့သော စေတမန်အား ငါ၏ ချစ်သတင်း စကားကို မှာကြားရသည်မှာ မသင့်လျော်လှပါလားအဆွေ....

ချစ်ဆွေ ဂုဏ်နှင့် မထိုက်မတန် မသင့်လျော်သော.... ဤသတင်းစကားကို ငါ့အား သနားသဖြင့် ဆောင်ပါးပို့ပေးပြီးနောက် ချစ်ဆွေလိုရာသို့လှည့်လည်သွားပါလေ၊

ဤသို့ ငါ၏အကျိုးကို သယ်ပိုး ဆောင်ပို့ပေးရခြင်းကြောင့်ချစ်ဆွေမိုးသည်လျှပ်စစ်မယ်နှင့် တဘဝက် တခဏမျှ မကွဲကြရပါစေနှင့်ဟု ဆုတောင်းခြင်း ပြုလိုက်ပါသည် အဆွေ....

ရန်ကုန်ဘဇော်

## မေဃဒူတ

မူရင်း သက္ကတဘာသာ၊ဆရာကာလိဒါသ ရေးသည်။ အင်္ဂလိပ် ဂျာမန်၊ အီတာလျံ၊ပြင်သစ်၊ တရုပ်၊ ဂျပန်၊ရုသျှား၊တိဗက်၊ဟိန္ဒူ၊ ဘင်္ဂါလီ စသော ဘာသာကြီးတိုင်းက လေးလေးစားစား ပြန်ဆို သိမ်းဆည်း ထားရသည်။ ယခု ကမ္ဘာ၌ ခေတ်စား နေသော Lyrical mood ဟုခေါ်သည့် စိတ်လှုပ်ရှား ထကြွမှု အတွေး အခေါ်တို့ကို၊ရှေးအကျဆုံး အချိန်က ရေးသားသွားသော ကဗျာ ဖြစ်သည်။

## ဦးသော်ဇင်

ကမ္ဘာ့ ဘာသာပေါင်းစုံတို့က၊မိမိတို့ဘာသာဖြင့်၊အမြတ်တနိုး ပြန်ဆိုသိမ်းဆည်းထားကြသည့်မေဃဒူတကို၊သက္ကတ ဟိန္ဒူဘာသာ နှစ်မျိုးလုံး၏မူကို ညှိနှိုင်းလျက် ရေးဦးစွာမြန်မာပြန်ဆိုသူဖြစ်သည်။ ဆရာဦးသော်ဇင်၏နှလုံးသား၌ ဤမေဃဒူတကဗျာကြီးကို မြန်မာ ပြန်ဆိုလိုက်ရသဖြင့် စာရေးဆရာအဖြစ် ငတ်ပြတ်နေရကျိုး နပ်ပေ ပြီ ဟု ယူဆသည်။

## ရန်ကုန် ဘဆွေ

စာပေလေ့လာသူ တယောက်အဖြစ် မေဃဒူတကို၊မိမိမည်သို့ ခံစားရသည်ကိုဖေါ်ပြသည်။ထို့ပြင် မေဃဒူတ ကဗျာကိုဘတ်မိရ သောအခါ၊မိမိရင်၌ဖြစ်ပေါ်လာသည့် ခံစားမှုကိုသာ ဖေါ်ပြချင်နေ သည်။မူရင်းအတိုင်း ဖေါ်ပြရန် ချုပ်ထိန်း မရတော့....ဟု ဝန်ခံ ထားသည်။